
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၅၂၈၁၀၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၆၂၃၁၂၀၉ |
| အုပ်ရေအိုင်း | - | L လင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၈၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းအိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ၊ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ ၊ ၈၃

ရွှေအဉ္ဇလီ

နွေးသောရင်ခွင် / ရွှေအဉ္ဇလီ

- စိုးမိုးစာပေ၊ ၂၀၁၀၊ ရန်ကုန်

၂၆၃ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) နွေးသောရင်ခွင်


# အခန်း (၁)

အပြာရောင်ခပ်လွှင့်လွှင့် ဘောင်းဘီကို ဒူးနားအရောက် ခေါက်ကာ အဖြူရောင်တီရှပ်ပွပွ၊ ဆံပင်ခပ်တိုတိုနှင့် မြီးထဲကအလုပ် များကိုသာ အာရုံစိုက်လုပ်နေသော မိုင်တစ်ယောက် သူ့အတွေးထဲ တွင် အလုပ်ကလွဲလို့ ဘာကိုမှ ဂရုမစိုက်မိသည်မှာ မြရွှေ လူတစ်ယောက်ရပ်လာသည်ကိုပင် မသိနိုင်အောင် ရှိနေရသည်။

"ညီလေး...ညီလေး"

"ဟိတ်...ဒီမှာညီလေး"

အသံခပ်အုပ်အုပ်နှင့် ခေါ်သံကိုကြားပေမယ့် မိုင်သည် သူ့ကိုခေါ်သည်မထင်ပါ။ မထင်၍လှည့်မကြည့်မိ။

လှည့်မကြည့်၍လည်း ခေါ်သံသည် ရပ်မသွားဘဲ ဆက်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာရသည်။

"ဒီမှာကွ…ဒီမှာ"

အလှုပ်ထဲတွင် ဘယ်လိုပဲ အာရုံရောက်နေသည်မြေပြော ခေါ်သံတွေ ပိုင်နားထဲ ဆက်တိုက်ဆိုသလို ဝင်လာသည့်အခါမှာ တော့ ပိုင်သည် ထိုအသံကို ဂရုမပြုမိ၍ မရပါတော့။

ဂရုမပြု၍ မရအောင်လည်း ထိုအသံရှင်နှင့် သူနှင့် အလှမ်းမကွာသည့်အနေအထားတွင် ရှိနေသောကြောင့် ဖြစ်သည်။

ပိုင်သည် ဘာရယ်မဟုတ် လှုငယ်ပီပီ စူးစမ်းလိုစိတ်နှင့် သူ့ အသံကြားရာဆီသို့ မျက်လုံးများ ဖျတ်ခနဲ ရောက်ရှိသွားရသည်။

လူတစ်ယောက် သူ့တို့မြို့ထိပ်ဝတွင် ခရီးဆောင်အိတ်ကြီး တစ်လုံးနှင့် မားမားမတ်မတ်ကြီး ရပ်နေလေသည်။

မြင့်သောအရပ်၊ ပခုံးကားကား၊ ရင်အုပ်ကျယ်ကျယ်နှင့် မျက်မှောင်ကြီးတွန့်ကုပ်ကာ မားမားကြီးရပ်နေသော သူ့ပုံစံက ပိုင့် မျက်ဝန်းထဲ ထင်းခနဲပေါ်လာရသည်။

ပိုင်ကြည့်နေသည်ကို ထိုလူလည်း မြင်သွားဟန်တူ၏။

"ညီလေး…ညီလေး၊ ခဏလာပါဦးကွ"



ဟင် ဒါ ပိုင့်ကိုခေါ်တာတဲ့လား။ ကြည့်စမ်း လူကိုခေါ် တာကိုက အထက်စီးကြီးနဲ့ပါလား။

ပိုင်မှာ အတွေးနှင့် မကျေမနပ်ဖြစ်သွားရသည်။ မကျေနပ် စိတ်ကြောင့်လည်း နှုတ်ခမ်းစူလာရပြီဖြစ်သည်။

ဒါကိုမသိသည့် မောင်မောင်ကြီးကတော့ ပိုင် ဘာဖြစ် သွားသည်ကိုမသိဘဲ…

"ညီလေး ခဏကွာ၊ အစ်ကို မင်းကိုမေးစရာရှိလို့ပါ"

ဟာကွာ ဒီလူကြီး သေတော့မှာပါပဲလား။ သူများခြံရှေ့ လည်းလာသေး လူကိုလည်း သူ့လက်အောက်ငယ်သားတစ်ယောက် လို ပြောဆိုလိုက်ပုံက မျက်နှာကို လက်သီးနှင့် ခွဲထိုးပစ်ချင်စရာ ဝင် ကောင်းတော့သည်ဖြစ်သည်။

တွေးရင်းက မကျေနပ်စိတ်ကြောင့် ပိုင့်မျက်နှာလှလှလေး မှာ ရုက်ချင်းလိုလို တင်းမာစူပုတ်သွားရသည်။

အလုပ်တွေ လုပ်ထားရသည်မို့ နဖူးကချွေး ခြေမကျနေ သည့်ကြားက ဖူးဥနေတွေးနေရသည့်အလှများဖြင့် လှန်းစွာလှပလျှမ်း နေရသော အလှထူးကဲသူလေးပိုင်သည် ခြံရှေ့တွင် ရပ်နေသော

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ကြီးအား စိတ်အလိုမကျမှုတွေနှင့် ဘုကြည့်ကြည့်လိုက်သည်။

ခပ်စောင်းစောင်းအနေအထားနှင့် ဆိုပေမယ့် အရုပ်မြင့်ကာ ညှို့သော်လည်း စိုပြေသောအသားအရေနှင့် ကိုယ်နေဟန်အချိုးကျတောင့်တင်းတာတွေက ယောက်ျားပီသစွာ ထင်းခနဲပေါ်လွင်နေသလို ကြည့်လင်ပြုံရှုကာ ပြတ်သားအောင်မြင်သည့်အသံက နားထောင်လို့ကောင်းပေမယ့် သူပြောသည့်စကားများကတော့ သူများထဲ ဘယ်လိုမှ နားထောင်၍မကောင်းပါ။

ပိုင်သည် သူ၏လုပ်လက်စအလုပ်များကို ရပ်ပစ်လိုက်ပြီးနောက် ခြေလှမ်းစပ်ကျဲကျဲနှင့်ပင် ထိုလူ့ရှိရာမြဲရှေ့သို့ မာန်လေးဝင့်ကာ လျှောက်လာခဲ့လိုက်သည်။

အနားသို့ရောက်သည်နှင့်...

"ငါ့ညီက ဒီအိမ်ကလား"

မကြည်လင်ရသောစိတ်ကြောင့် ပိုင် မျက်နှာတင်းတင်းလေးနှင့်ပင် ခေါင်းညိတ်ပြလိုက်သည်။

"အင်း"



"ဦးမျိုးနောင်...ဒေါ်ခင်မမအိမ်ဆိုတာ ဒီအိမ်လား"

"ဟုတ်တယ်၊ ခင်ဗျားက ဘယ်သူလဲ၊ ဦးမျိုးနောင်နဲ့ ဒေါ်ခင်မမကို ဘာကြောင့်တွေ့ချင်ရတာလဲ"

ပိုင်သည် ထိုလူ့မျက်နှာကို အသေအချာစိုက်ကြည့်ပြီးနောက် စိတ်ထဲ ခပ်ရှုပ်ရှုပ်ရှိလာရသည်မို့ ဘုတောကာ မေးပစ်လိုက်လေသည်။

"မေးခွန်းတွေကလည်းကွာ များလိုက်တာ၊ ကိုယ်တောင် ဘယ်ကစဖြေရမှန်းမသိတော့ဘူး"

ထုထဲနက်မှောင်သည့် မျက်ခုံးကြီးနှစ်ဖက်ကို ခပ်ပြေပြေတွန့်ကာ ပိုင်အား စကားပြန်ပြောနေသူကို ပိုင်သည်လည်း ဘာရယ်မဟုတ် ဖျတ်ခနဲ ငေးကြည့်မိသွားရသည်။

"အင်း...ဒီလူကြီးရုပ်က ဘယ်ဆိုးလို့လဲ၊ အခုလို အနီးကပ်ကြည့်တော့လည်း ပိုချောနေပါသေးလား" ဟု ပိုင်သည် စိတ်မှာ တွေးဖြစ်လိုက်လေသည်။

"ငါ့ညီက ဒီအိမ်ကအလုပ်သမားလား"

"ဘာဗျ"

www.burmeseclassic.com

www.burmeseclassic.com



အတွေးမှမဆုံးသေး အရိုးမကျလှသည့် ထိုလူ့စကား ကြောင့် ပိုင် ဒေါသဖြစ်သွားရပြီး…

"ခင်ဗျားကြီး ဘာပြောတာလဲ"

"ဟင်…ဘာလဲ ကိုယ်ပြောတာ မှားသွားလို့လား"

"မှားတယ်ဗျ၊ မှားတယ်၊ ခင်ဗျား ဟာဗျာ ခင်ဗျားစကား က လူကိုစော်ကားလိုက်တာပဲ"

"ဘာ…ကိုယ်က၊ ကိုယ့်စကားက မင်းကိုစော်ကားလိုက် တာဟုတ်လား၊ အဟွန်း မင်းကယောကျ်ားမဟုတ်တဲ့အတိုင်းပဲကွာ ကိုယ့်စကားမှားသွားတယ်ဆိုလည်း သည်းခံပေးပါကွာ၊ ယောကျ်ား ဆိုတာ သည်းခံရတယ်ကွ"

"သည်းမခံနိုင်ဘူးဗျ…သည်းမခံနိုင်ဘူး၊ ဟွန်း မနက် စောစောစီးစီး ဘယ်လိုတောသားနဲ့ လာတွေ့နေရတယ်မသိပါဘူး"

"ဟာ…ဟီတ်…ဟီတ် မင်းဘယ်လိုပြောလိုက်တာလဲ"

"တောသားလို့ပြောတာ"

"ဘာ"

"တောသား"



"ဟီတ်…ဟီတ် မင်းလွန်မယ်နော်၊ ကိုယ်က တောသား မဟုတ်ဘူးကွ"

မောင်မောင်ကြီးစကားကြောင့် ပိုင် မျက်နှာမဲ့သွားရပြီး

"ဘာပြောတယ်၊ ခင်ဗျားက တောသားမဟုတ်ဘူးဟုတ် လား၊ ဒါဆို ပြောပါဦး ဘယ်မြို့သားလဲဆိုတာ၊ လူပုံကြည့်ရတာ အူကြောင်ကြောင်နဲ့၊ ဒါနဲ့ ခင်ဗျားဘယ်ကလဲ"

"ရွှေဘိုကို မင်းကြားဘူးလား"

"ကြားဖူးသားပဲ၊ အဲဒါတာဖြစ်လဲ"

"အေး…ကိုယ်ကရွှေဘိုသား"

"ထင်ပါတယ်"

"ဘာပြောတယ်"

"ခင်ဗျားပုံစံကိုကြည့်ကတည်းက ခင်ဗျားက ဒီကမဟုတ် လောက်ဘူးဆိုတာ"

"နေပါဦး…မင်းက ဘာကိုကြည့်ပြီးပြောတာလဲ"

"ခင်ဗျားရဲ့ အသုံးမကျတဲ့စကားတွေကြောင့်ပဲပေါ့"

"ဟေး…မင်း"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ…ဟုတ်တာပြောလို့ နာသွားပြီလား"

"ကျွတ်…မင်းနဲ့စကားပြောတာ မဟုတ်သေးပါဘူးကွာ၊ ကဲ မင်းရဲ့အိမ်ရှင်တွေကို ခေါ်လိုက်"

"ဘာဗျ"

"ဟ…ဘာလို့အော်ရတာလဲ၊ ဖြည်းဖြည်းအော်ပါကွ၊ မင်းတို့ကောင်တွေ ဒါကြောင့်ခက်တာ၊ ရုပ်လေးကြည့်တော့ သနားကမားနဲ့ လူကြီးကို ရိုသေရမှန်းမသိဘူး"

"ဘာ…ဘာ…ဘာပြောတယ်၊ ခင်ဗျားကြီးစကားတွေ သိပ်လွန်နေပြီနော်၊ ကျွန်တော် ဒီထက်ရှေ့ဆက် သည်းမခံနိုင်တော့ဘူး၊ ခင်ဗျား မြို့ရှေ့က ခုချက်ချင်းထွက်သွား"

ပိုင်မှာ ဒေါသဖြစ်ရလွန်းသောကြောင့် မျက်နှာလေး နီမြန်းနေသည်။

ကြည့်စမ်း…

ဒီလူ သူ့ကို ဘယ်လောက်ထိများ စော်ကားလိုက်သလဲဆိုတာ။ လူကို နှိမ်ပေါက်နှင့် စကားကို အထက်စီးကြီးက ပြောလိုက်ပုံက သူ့မျက်နှာချောချောကြီးကို လက်သီးနှင့် စိတ်ရှိတိုင်း



ထွဲထိုးပစ်ချင်စရာကောင်းတော့သည်။

"နေဦး…မင်းသွားနိုင်းတိုင်း ကိုယ်မသွားနိုင်သေးဘူး။ ကိုယ်လာတာ ဒီအိမ်ရှင်တွေနဲ့ တွေ့ဖို့လာတာ"

"ခင်ဗျားက ဘာကိစ္စ ဒီအိမ်ရှင်တွေနဲ့ တွေ့ချင်ရတာလဲ"

"ဒါ ကိုယ့်ကိစ္စပါ၊ မင်းလိုအလုပ်သမားတစ်ယောက်ကို ကိုယ်လာတဲ့ကိစ္စ ပြောပြနေရဦးမှာလား"

"ခင်ဗျားနော်…ပြောပြီးပြီ အလုပ်သမား၊ အလုပ်သမားနဲ့ လူကိုမပြောပါနဲ့"

"ဟင်…နို့ မင်းက ဒီအိမ်ရဲ့အလုပ်သမား မဟုတ်ဘူးလား"

"ဟုတ်ဟုတ်…မဟုတ်ဟုတ် ဒါ ခင်ဗျားကိစ္စ မဟုတ်ဘူး"

ပိုင်မှာ ဒေါသတွေနှင့် မခံချင်စွာပြောလိုက်လေသည်။ တကယ်ပဲ သူ့ပုံစံက ဒီလူမျက်စိထဲ အလုပ်သမားရုပ် ပေါက်နေပြီလားဆိုတာတော့ ပိုင်ကိုယ်တိုင်ပင် မသိတော့ပါ။

အတွေးနှင့် ပိုင် မျက်နှာလေး ခပ်မှုံမှုံဖြစ်သွားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မောင်မောင်ကြီး ထိုသို့ထင်မည်ဆိုလည်း ထင်စရာပင်ဖြစ်သည်။

ပိုင်မှာ ကျောင်းပိတ်ရက်မို့ မြို့ထဲ သူ့မကိုယ်တိုင် သန့်ရှင်းရေးလုပ်ကာ ဖန်းပင်တွေ ဟိုရွှေ့ဒီသယ်နှင့် မျက်စိထဲ မလှလှအောင် ဖြုပြင်နေသည်မို့ သူ့တစ်ကိုယ်လုံး ချွေးတွေသံတွေနှင့် ညစ်ပတ်နေရကာ တကယ်ပင် အလုပ်သမားရုပ်ပေါက်နေမည်က သေချာသည်ကိုလည်း ပိုင်သိနေရသောကြောင့်ဖြစ်သည်။

လက်တွေ့မှာ သိတာကသိတာတခြား ယခုလို သူ့မေ အပြောခံလိုက်ရပြန်တော့ မခံချင်စိတ်ဖြစ်ရသည်က တခြားမို့ ပိုင်မှာ ဆတ်ဆတ်ခါနာသွားရခြင်းဖြစ်သည်။

စူးလက်နေရသော မျက်နက်ဝန်းတောက်တောက်လေးက မိန်းကလေးများထဲတွင် မြင့်လှပါသည်ဆိုသော သူ့မအရပ်နှင့် ခေါင်းတစ်လုံးစာ ပိုမြင့်နေသော မောင်မောင်ကြီးအား ခပ်စူးစူးလေး စိုက်ကြည့်ပစ်လိုက်သည်။

ဟဲ…မှတ်ပြီလား။

ပိုင်ဆိုတာ ခင်ဗျားထင်သလို ကိုယ့်ကိုစော်ကားလာရင်



ငြိမ်ခံနေမယ့်သူ မဟုတ်ဘူးဆိုတာ ခင်ဗျားကြီး ချက်ချင်းသိရပြီ မဟုတ်လား။

မဟုတ်ရင် နည်းနည်းလေးမှ သည်းမခံတတ်တဲ့ပိုင်သည် သူ့ရဲ့ဇီဇအကျင့်အတိုင်း မောင်မောင်ကြီးအား သူ့စိတ်ထဲရှိသည့်အတိုင်း ပြောလိုက်ရပြီမို့ ကျေနပ်သွားလေသည်။

သူ့မျက်နှာချောချောကြီးကို ကြည့်လိုက်တော့ မောင်မောင်ကြီးမျက်နှာက အလိုမကျသလို မျက်မှောင်ကြီးမှုန်လျက် လှုကမှုတည်တည်ကြီး ရှိနေရလေသည်။

ထိုအဖြစ်ကို ပိုင်မှာကြည့်ပြီး စိတ်ထဲကျေနပ်နေရသည်မို့

“ဘယ်လိုလဲ…မေးတာလည်းမဖြေပါလား၊ ခင်ဗျား ဒီကိုလာတာ ရိုးရိုးမဟုတ်ရဲ့လား”

“မင်းကွာ…ကိုယ်သည်းခံနေလို့ အကောင်းမှတ်မနေနဲ့၊ လူကြီးကိုလူကြီးမှန်း နားလည်ရမှန်းလည်းမသိဘူး၊ ကိုယ့်အိမ်လာတဲ့ ဧည့်သည်ကို မင်းဒီလိုပဲဆက်ဆံရလား၊ မင်းတော်တော်ရိုင်းတဲ့သူပဲ”

မောင်မောင်ကြီးမှာ မျက်မှောင်ကြီးတကျုပ်ကျုပ်နှင့် ပြော

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ရှိင်းတာက ကျွန်တော်မဟုတ်ဘူး၊ ခင်ဗျား"

"ကိုယ်က ဘာရိုင်းလို့လဲ"

"လူကို အလုပ်သမားပုံစံနဲ့ နှိမ်ပြီးဆက်ဆံတာဘယ်သူလဲ"

"နေပါဦးကွ၊ မရှင်းလို့ကျုပ်မေးပါရစေဦး၊ မင်းက ဒီစကားကိုပဲ အခါခါပြောနေတာ ဘာလဲ၊ မင်းကြည့်ရတာ အဲဒီစကားကြောင့် မကျေမနပ်ဖြစ်နေတာလား"

"ဟုတ်တယ်"

"ကောင်းကွာ...အဟွန်း...ဟွန်း...ဟွန်း"

မောင်မောင်ကြီး နှုတ်ခမ်းအစုံကို တင်းတင်းစေ့ပိတ်ကာ နှစ်နှစ်ခြိုက်ခြိုက်ကြီး ရယ်လိုက်မိလေ၏။

မောင်မောင်ကြီးအတွက်တော့ သူ့ရှေ့က ချာတိတ်လေးသည် သူ့အတွက် ဘယ်လောက်များ ရယ်ဖို့ကောင်းလိုက်သည်ဆိုတာ။

အနီးကပ်သောချာကြည့်လေ နုနုထွေးထွေးမျက်နှာလေး



ဒီချာတိတ်သည် အသက်ရှိလှမှ ဆယ့်ရှစ်ဆယ့်ကိုးသာ ရှိပါလိမ့်မည်။

သို့ပေမယ့် သူလုပ်နေရသည့် အလုပ်ကတော့ သူ့မျက်နှာ နုနုလေးနှင့် ဘယ်လိုမှ မလိုက်ဖက်အောင် တစ်ခြလုံးသန့်ရှင်းရေး လုပ်နေရသည့် မာလီဖြစ်နေသောကြောင့်ဖြစ်သည်။

ဝင်းဝါနေသော နဖူးလေးပေါ် ချွေးသီးချွေးပေါက်လေးများ ကျလျက် လူကညစ်ပတ်ပေရေတူးနေသော ချာတိတ်သည် သူ့ထက် အသက်အများကြီးငယ်မှန်း နထွေးကြည်စင်နေရသည့် မျက်နှာလေးက စကားပြောလျက်ရှိနေရသည်။

ခပ်တိုတိုညှပ်ထားသည့် ဆံပင်ကပင် စုတ်ဖွားဖွားဖြစ်လျက် ရုပ်ရည်လေးသနားကမားနှင့် ယောကျ်ားလေးပေမယ့် မျက်နှာဝင်းဝင်းဖွေးဖွေးလေးက မိန်းကလေးတစ်ယောက်လို ပြောင်ရှင်းသန့်စိုနေဖတ်နေရကာ ကြည်စင်ရွှန်းလက်နေသည့် မျက်နက်ဝန်းလေးသာ နက်မှောင်လျက် ထိုမျက်ဝန်းလှလှလေးကို ဝိုင်းရံထားသည့် မျက်တောင်စင်းစင်းလေးတွေက ထူထူတိုတိုနှင့် မျက်တောင်ကော့တော်တိုင်း တဖျပ်ဖျပ် လှုပ်ခါသွားရပုံက ဒီကောင်သာ မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



ဆိုပါက ဘယ်လောက်များလှလိုက်မည်မသိပါ။

အင်း…ဒါပေမယ့် သနားကမား ထိုရုပ်ရည်လေးနှင့် မလိုက်အောင် ဒီချာတိတ်သည် သူများခြံထဲတွင် အလုပ်သမား လာလုပ်နေရသည့်အဖြစ်။

ဘဝအကျိုးပေးမကောင်းရှာသော ချာတိတ်သည် ဘဝပေး အခြေအနေနှင့် အနေအထားကြောင့် ထင်ပါသည် ရုပ်ရည်လေးနှင့် မလိုက်အောင် စကားပြောရာတွင်လည်း နည်းနည်းမှ ထောင့်မကျိုး ပါပေ။

ခုလည်းကြည့်…

သူ့အား အလုပ်သမားလို့ပြောသည်ကို မကျေနပ်ကာ တမင် သူ့အားခွတိုက်ဂျစ်ကျနေသော ချာတိတ်သည် သူမကြိုက် သည့်အကြောင်းကို မကြိုက်ကြောင်း ပွင့်လင်းစွာဝန်ခံနေပုံက ရိုးသား ပွင့်လင်းဖြူစင်လွန်းနေသည်မို့ မောင်မောင်ကြီးမှာ ပွင့်ပွင့်လင်းလင်း ပြောတတ်သည့် ချာတိတ်၏စိတ်ဓာတ်ကို သဘောကျမှာ ရယ်လိုက်မိသည်။

မောင်မောင်ကြီး ထိုသို့ရယ်သည်ကိုပင် ပိုင်မှာ သူ့ကို





လှောင်ရယ်ရယ်သည်ထင်ကာ မျက်နှာလေး စူပုပ်တင်းမာသွားရပြီး

"လူကိုကြည့်ပြီး ခင်ဗျားဘာရယ်တာလဲ"

"အဟွန်း…ဘာမှမဟုတ်ပါဘူးကွာ၊ မင်းကိုသဘောကျ လို့ပါ"

"ခင်ဗျားဘာပြောတာလဲ"

"နေဦး…နေဦး စိတ်မဝိုနဲ့ဦး၊ ကိုယ်ပြောတာလည်း နည်းနည်းစိတ်ရှည်ပြီး နားထောင်ပါဦးကွာ၊ ကိုယ်ပြောတာက မင်းရဲ့ ဟန်မဆောင်ဘဲ ပွင့်ပွင့်လင်းလင်းပြောတတ်တဲ့ စိတ်ဓာတ်ကို သဘောကျတယ်လို့ပြောတာ"

"မလိုပါဘူး"

မောင်မောင်ကြီးစကားကို ပိုင်သည် မကြိုက်သလိုမျိုး မျက်နှာလှလှလေးကို တစ်ဖက်သို့လွှဲကာ ခပ်ဆတ်ဆတ်လေးပြော လိုက်သည်။

မောင်မောင်ကြီးမှာ ဒါကိုပင် အသည်းယားသွားရသလို

"အေး…မင်းကမလိုပေမယ့် ကိုယ်ကတော့လိုတယ်"

"ဟဲင်…ခင်ဗျား"



www.burmeseclassic.com

www.burmeseclassic.com



"နားထောင်ဦး၊ မင်းနဲ့ကိုယ် ခက်နေတာ အဲဒါပဲ၊ တဆိတ် စကားကို ပြေပြေလည်လည် ပြောစမ်းပါကွာ"

"အို…ရှုပ်ရှုပ်ယှက်ယှက် ဘာကိစ္စ ကျွန်တော်က ခင်ဗျားနဲ့ ပြေပြေလည်လည်ပြောရမှာလဲ"

"တခြားမဟုတ်ပါဘူးကွာ၊ အနည်းဆုံး ကိုယ့်အိမ်လာတဲ့ ညှော်သည်ကိုတော့ စကားပြေပြေလည်လည်ပြောသင့်တယ် မဟုတ်လား"

"ဟာ…ဘာတွေလဲ၊ ကျွန်တော်မသိဘူး၊ စိတ်လည်း မဝင်စားဘူး"

ပိုင်သည် ထိုစကားကို မျက်နှာမှုန်မှုန်လေးနှင့် ခပ်ပြတ်ပြတ်ပြောပစ်လိုက်သည်။

"စိတ်မဝင်စားမသိလို့ မရဘူး"

"ဘာဗျ…ခင်ဗျားကြီး"

သူ့စကားကြောင့် မျက်နှာလှလှလေး ရဲသွားကာ ပိုင်မှာ မျက်ဝန်းလေး ပြူးကျယ်ပိုင်းစက်သွားရသည့်အထိ ရှက်ဒေါသများ ဖြစ်သွားရသည်။





ပိုင်အဖြစ်ကို သတိမထားမိလိုက်သည့် မောင်မောင်ကြီးမှာ…

"မင်းဘာဖြစ်သွားတာလဲ၊ ကိုယ်ပြောတာ ကိုယ့်အိမ်လာတဲ့ ညှော်သည်ကို မင်း စိတ်ဝင်စားမှုရှိပြီး လူမှုရေးအရ ညှော်ခံစကား ပြောရမယ်လို့ပြောတာ"

"ဒါဆိုလည်း စကားကို စောစောကတည်းက အဲလိုရှင်း ရှင်းပြောပါလား"

"အေးကွ…ကျုပ်ကလည်း ရှင်းအောင်ပြောနေတာပဲ၊ ဒီထက်ရှင်းအောင်လည်း ကျုပ်မပြောတတ်တော့ဘူး"

ပိုင်နည်းတူ လူဖြောင့်စိတ်တိုသမားကြီး မောင်မောင်ကြီး မှာလည်း ခရီးမှမဆိုက်သေး ရောက်ရောက်ခြင်း ဆောက်နဲ့ထွင်း ဆိုသလို သူ့အား အခုချိန်ထိ ခြံထဲဝင်ခွင့်မပေးသေးဘဲ ခြံဝမှာပင် သူ့အားမေးလားမြန်းလားနှင့် မယုံသလိုအကြည့်တွေနှင့် ကြည့်ရင်း ဆတ်ဆတ်ထိမခံ မိန်းမတစ်ယောက်လို ရန်စွာနိုင်လွန်းသည့် ချာတိတ်ငယ်ချောချောကြောင့် ရင်ထဲတွင် အလိုမကျနိုင်တော့ဘဲ လူက စိတ်တိုတိုနှင့် ဘုမှုတ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...ပြောစမ်းပါဦး၊ မင်းကို ကျုပ်ဘယ်လိုပြောမှ ကျုပ်ကို မင်းခြံထဲဝင်ခွင့်ပေးမှာလည်းဆိုတာ"

"ဒီမှာလူကြီး...ခင်ဗျားခြံထဲကို ဝင်ဖို့မကြိုးစားနဲ့၊ ကြိုးစား လို့လည်း ရမှာမဟုတ်ဘူး၊ ဒီတော့ ခင်ဗျား ကိုယ့်လာရာလမ်းကိုသာ ပြန်ကြပေတော့"

"ဟာကွာ...ဒီကောင်"

"ဘာလဲ...ခင်ဗျားကြီး ကျွန်တော့်ကို အော်စရာမလို ဘူး"

"အော်ရမယ်ကွာ၊ အော်တဲ့လူက အပြစ်လား၊ လုပ်နေတဲ့ လူက အပြစ်လှားဆိုတာ မင်းကိုယ်မင်း သိရဲ့လား"

"မသိဘူး"

"အေး...ဘယ်သိပါ့မလဲ၊ မင်းလုပ်နေပုံက စိုတ်မှ မဟုတ်တာ"

"မဟုတ်ရအောင် ကျွန်တော်က ဘာလုပ်နေလို့လဲ"

"ခုလို လူကြီးကိုလူကြီးမှန်းမသိ ပြန်ပြောနေတာကိုက မဟုတ်တာ"





သူအော်တာမခံနိုင်သလို ဆတ်ဆတ်ခါနာသွားရသော ချာတိတ်ကို မောင်မောင်ကြီးသည် မျက်ခုံးထူထူကြီးကြုတ်ကာ စိုက်ကြည့်ရင်းက ပြောလိုက်သည်။

"ဒါဆိုလည်း ခင်ဗျားမကြိုက်ရင်ပြန်ပေါ့"

"ပြန်လို့မဖြစ်သေးလို့ပေါ့ကွ၊ ဘယ်မလဲ မင်းတို့အိမ်ရှင် တွေ တစ်ယောက်မှမရှိကြဘူးလား၊ ခေါ်စမ်း မင်းနဲ့စကားပြောနေလို့ အချိန်ကုန်ရုံပဲရှိမယ်"

"ကျွန်တော်နဲ့ စကားမပြောချင်လည်း မပြောနဲ့ပေါ့ဗျာ၊ အိမ်ရှင်တွေကတော့ တစ်ယောက်မှမရှိဘူး"

"မင်းတကယ်ပြောနေတာလား"

ပိုင်စကားကို မောင်မောင်ကြီး မယုံသလို အဖြေရှာသည့် အကြည့်တွေနှင့် ကြည့်ရင်းက မေးလိုက်သည်။

"ခင်ဗျားမယုံလည်း မတတ်နိုင်ဘူးဗျာ၊ ကျွန်တော်က တော့ ကျွန်တော့်ဝတ္တရားအတိုင်း အိမ်ရှင်တွေမရှိလို့ မရှိဘူးပြော နေတာ"

မျက်နှာတင်းတင်းနှင့် စကားကို အတည်ပေါက်ပြောနေ



www.burmeseclassic.com

www.burmeseclassic.com



သော ပိုင်စကားကြောင့် မောင်မောင်ကြီးမှာ စိတ်မှာ မယုံတစ်ဝက် ယုံတစ်ဝက်နှင့် ဇဝေဇဝါကြီးဖြစ်သွားရသည်။

ပြောလို့ရသည်မဟုတ်ပါ။

ဒီချာတိတ်ကြည့်ရတာ ပေတူးတူး ဂျစ်ကန်ကန်နှင့်မို့ သူ့စကားကို အတည်လို့ယုံရခက်ဖို့ဆိုတာကလည်း ခပ်ခက်ခက်ကြီးဖြစ်နေရသည်။

"ဒါဆို ဒီအိမ်မှာ မင်းတစ်ယောက်တည်းပေါ့"

"ခင်ဗျား ဘာဖြစ်လို့မေးတာလဲ၊ ဒီမှာ တစ်ခါတည်း ပြောလိုက်မယ်နော် တစ်ယောက်တည်းဆိုပြီး မဟုတ်တာလုပ်ဖို့တော့ ခင်ဗျားကြီး မကြံစည်နဲ့"

"တော်စမ်းကွာ...မင်းဘာတွေပြောနေတာလဲ၊ မင်းတကျူပ်ကို ဘာများမှတ်နေလို့လဲ"

"သိနိုင်မလား၊ ခုခေတ်က ဘယ်သူ့ကိုမှ ယုံလို့ရတာမဟုတ်ဘူး"

သည်စကားက သူ့ကို တည့်တည့်ကြီး စောင်းပြောလိုက်တယ်မဟုတ်ပါလား။ မောင်မောင်ကြီးမှာ မခံမရပ်နိုင်အောင် ဖြစ်





သွားကာ...

"မင်း ဘယ်လိုကောင်လဲ"

"ကျွန်တော်ဘာကောင်ဆိုတာ ခင်ဗျားအတွက် အရေးကြီးလို့လား"

"မင်းတော့ကွာ...ကျွတ်"

မောင်မောင်ကြီး စိတ်မရှည်တော့ပါ။ စိတ်မရှည်တော့တာနှင့်အမျှ စိတ်လည်းတိုလာရသည်မို့ ဂျစ်ကန်ကန် ပေတူးတူးနိုင်သည့်သူ့ရှေ့က ချာတိတ်ကို စူးခနဲစိုက်ကြည့်မိသွားရသည်။

ဘယ်လိုချာတိတ်နှင့် လာဆုံနေရတာပါလိမ့်။ စိတ်တိုတိုနှင့်သာ သူ ဒီခြံရှေ့က လှည့်ပြန်သွားလျှင် ခုဆို သူ ခရီးအတော်ပေါက်လောက်နေပြီဖြစ်သည်။

ဒါပေမယ့် မဖြစ်သေး။

သူ့စိတ်ရှိတိုင်း လုပ်၍မရသေး။ လူကြီးတွေ၏မျက်နှာက ရှိသေး၏။

ခုအနေအထားက ဒီချာတိတ်အပေါ် သူ့စိတ်တွေ အတတ်နိုင်ဆုံး စိတ်ရှည်ရှည်နှင့် ချွဲသန့်ထားနိုင်မှ တော်ကာကျမည့်အကြံ



www.burmeseclassic.com

www.burmeseclassic.com



အနေ။

လူကြီးများ၏ မျက်နှာသာ မရှိပါက မောင်မောင်ကြီး အနေနှင့် ဒီလိုချာတိတ်ကို သူကျောခိုင်းခဲ့တာကြာပြီဖြစ်သည်။

"ဟင်း"

အတွေးနှင့် မောင်မောင်ကြီး သက်မတစ်ချက်ကို ချကာ စိတ်ကိုလျှော့လိုက်သည်။

သည်နောက် သူ့အကြည့်တွေက သူ့အား မျက်ဝန်းစူးစူး လေးနှင့် ခပ်ရဲရဲပြန်ကြည့်နေသော ချာတိတ်ကို ကြည့်မိသွားရသည်။

ယောကျ်ားလေးပေမယ့် မိန်းကလေးတစ်ယောက်လို ကြည်စင်ရွှန်းလက်သော မျက်ဝန်းတွေနှင့် သူ့အား စူးစူးစိုက်စိုက် လေးကြည့်နေသော ချာတိတ်အကြည့်ကြောင့် ရင်ထဲဘာလိုလိုနှင့် တစ်မျိုးကြီးပင် ဖြစ်သွားရသည်မို့ မျက်မှောင်ကြီး စုံကုပ်ရင်း လူက စိတ်တိုတိုနှင့် စိုက်ကြည့်ပစ်လိုက်သည်။

ဘုရားရေ။

သည်လူကြီး သူ့မကို ဘယ်လိုကြည့်တာပါလိမ့်။ အကြည့်တွေက စူးစူးရဲရဲရှိလိုက်တာ။



ယောကျ်ားတစ်ယောက်လို ဘယ်လိုပင် ဝတ်စားထားပေမယ့် မိန်းကလေးဖြစ်သည့် ပိုင်မှာ ဆန့်ကျင်ဘက်ယောကျ်ား တစ်ယောက်၏ စူးရဲလွန်းသည့်အကြည့်တွေကြောင့် လူက ရင်ခုန်သံတွေပင် အများမှားအယွင်းယွင်း ဖြစ်သွားရလေသည်။

သူ့မအဖြစ်ကို ဘာမှမသိသည့် မောင်မောင်ကြီးကတော့ မျက်နှာရဲရဲလေးနှင့် ရှိနေသော ချာတိတ်ကိုကြည့်ကာ…

"အိမ်ရှင်တွေမရှိဘူးဆိုတော့ ကိုယ့်ကို အိမ်ထဲဝင်ခွင့်မပြုဘူး ဟုတ်လား"

"ဟုတ်တယ်"

"အဟွန်း…ကောင်းပြီလေ ဒါဆို ကျုပ် ဒီခြံဝမှာထိုင်ပြီး အိမ်ရှင်တွေပြန်အလာကို စောင့်ရတော့မှာပေါ့"

"ခင်ဗျားသဘောပဲ၊ ဒါပေမယ့် ခင်ဗျားကို ဘယ်သူက မှတော့ မစောင့်နိုင်ဘူးနော်"

ပိုင်မှာ သူ့မအဖြစ်လည်း မဖြစ်အောင် မျက်နှာလေးမဲ့ကာ ဆိုလိုက်တော့ မောင်မောင်ကြီး မချင့်မရဲဖြစ်သွားရကာ…

"အေးကွ…မင်းမှာအဖြစ်မရှိပါဘူး၊ စောင့်နေတဲ့ကျုပ်မှာ

www.burmeseclassic.com

သာ အပြစ်ရှိတာပါ၊ အဲဒီအတွက်လည်း အိမ်ရှင်တွေလာရင် မင်းကို အပြစ်မဖြစ်စေရဘူး၊ ဒါပေမယ့် အဲဒီအတွက် မင်း ကျုပ်နဲ့ အပေး အယူတစ်ခုတော့ လုပ်ရလိမ့်မယ်''

''ဘာလဲ...ဘာအပေးအယူလုပ်ရမှာလဲ''

ပိုင်တစ်ယောက် မောင်မောင်ကြီးစကားကို နားမလည် သလို မျက်ခုံးလေးကုပ်ကွေးရင်း မေးလိုက်သည်။

ပိုင်၏ထိုပုံစံကြောင့် မောင်မောင်ကြီးမှာ ရယ်ချင်သွားရ သည်။

ဂျစ်ကန်ကန် ပေတူးတူးနှင့် ဒီချာတိတ်သည် တွေ့စက အဆင်မပြေခဲ့သော်လည်း ထိုအဆင်မပြေသည့်ကြားကပင် မောင်မောင်ကြီးစိတ်ထဲ ပျော်သလိုရှိလာရကာ ရင်မှာကြည်မွေ့သလို လိုနှင့် ချာတိတ်ကို စိတ်မဆိုးနိုင်ဘဲ ပျော်သလိုပင်ရှိလာရသည်။

မောင်မောင်ကြီး၏ ဘဝတစ်သက်တွင် ဒီအသက် ဒီအရွယ်ရောက်သည့်အထိ ယောကျ်ားလေးဖြစ်ပြီး ဒီလိုမျိုး မိန်းက လေးတစ်ယောက်လို နဖတ်ချောမောနေသည့် သူမျိုးနှင့် မဆုံတွေ့ ခဲ့ဖူးသလို ဒီလိုအဖြစ်မျိုးနှင့် မကြုံခဲ့ဖူးပါ။





ချာတိတ်နှင့် နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက် စကားအချေအတင် ပြောနေရသည့်အဖြစ်ကပင် သူ့ အတွက် အထူးအဆန်းကြီးနှင့် ပျော်မွေ့သလိုရှိလာရသည်။

ထို့အတူ မမျှော်လင့်ပါဘဲ ချာတိတ်နှင့်သူသည် ရင်းနှီး သလိုလည်း ရှိလာရသည်။

ဒါက သူ့ဘက်က ခံစားမှုသာဖြစ်ပါသည်။

ပိုင်ဘက်မှတော့ လူ့ခွစာကြီး၏ မျက်နှာကို မျက်နက်ဝန်း လေးနှင့် စိုက်ကြည့်လိုက်ပြီး...

''ခင်ဗျား စောစောကပြောတာ ဘာကိုပြောတာလဲ''

သိချင်စိတ်ကို မအောင့်နိုင်တော့ဘဲ ပိုင်သည် သူမသိချင် သည့်စကားကို ခပ်လောလောမေးလိုက်သည်။

''အဟွန်း...ပြောမှာပေါ့ကွာ၊ တခြားတော့ မဟုတ်ဘူး ကွ၊ အိမ်ရှင်တွေလာလို့ ကျုပ်ကို ဖြဝမှာ ဒီအတိုင်းတွေ့ရင် ဘာပဲ ဖြစ်ဖြစ် သူတို့မိတ်ဆွေကို ဒီအတိုင်းထားရပါ့မလား ဆိုပြီး မင်းကို ရှာတော့အမှန်ပဲ''

''ခင်ဗျားပြောချင်တာက''

www.burmeseclassic.com



"ရှင်းပါတယ်ကွာ မင်းကို ဆုံးလည်းမထိရအောင် ကျုပ်က ကျုပ်ဘာသာကျုပ် အိမ်ထဲမဝင်တာပါလို့ပြောမယ်၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ"

ပြောလက်စစကား ရပ်သွားသည်မို့ ပိုင်သည် မောင်မောင်ကြီးစကားကို သိချင်စိတ်နှင့် ဝင်ထောက်ပေးလိုက်သည်။

မောင်မောင်ကြီးမှာ တစ်ချက်ပြုံးသွားရကာ…

"မင်း ကျုပ်မေးတာကိုဖြေရမယ်"

"ကျွန်တော်က ဘာဖြေရမှာလဲ"

"အဟွန်း…တခြားမဟုတ်ပါဘူးကွာ၊ မင်း ဒီအိမ်က အလုပ်သမားဟုတ်မဟုတ်ဆိုတာ"

"ဟာဗျာ…ကျွန်တော်က ဘာများလဲလို့"

"ဘာလဲ…ရင်ထိတ်သွားတာလား"

"ဟင်…မထိတ်ပါဘူး၊ ကျွန်တော်က မှန်တဲ့လူ ဘာကြောက်စရာရှိလဲ"

"သြော်…အဟော မင်းကမှန်တဲ့လူ၊ လူမှန်ပေါ့လေ ဟုတ်လား"





"ဟုတ်တယ်"

"အဟွန်း…ကောင်းပါပြီကွာ၊ ကဲ ဒါဆို ကိုယ့်မေးတာကိုလည်း မင်းဖြေပါဦး"

"ဘာလဲ"

"မင်း ဒီအိမ်ရဲ့အလုပ်သမား ဟုတ်မဟုတ်ဆိုတာ"

"ဟုတ်တယ်ဆိုရင်ရော"

"ဟုတ်တယ်ဆိုရင် မင်းတို့အိမ်ရှင်တွေကို ချီးကျူးမလို့ပါ"

"ဘာကြောင့်လဲ"

"ဟ…ဘာဖြစ်ရမှာလဲကွ၊ မင်းစဉ်းစားကြည့်လေ ကိုယ့်အိမ်ကို အဝေးကရောက်လာတဲ့ ညှိုသည်တစ်ယောက် ညှို့ဝတ်မကျေတဲ့အပြင် မချေမင် ဆက်ဆံတတ်တဲ့ မင်းလိုချာတိတ်မျိုးကို အလုပ်ခန့်ထားတဲ့ အိမ်ရှင်တွေကို ကျုပ်မချီးကျူးရင် ဘယ်သူကို ချီးကျူးရမှာလဲ"

"ခင်ဗျားပြောတော့ အိမ်ရှင်တွေလာရင် ကျွန်တော့်အကြောင်း မပြောပါဘူးဆို"



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ကြီးစကားကြောင့် ပိုင် မျက်နှာလှလှလေးမှာ သိသိသာသာ ပျက်သွားရလေသည်။

"အေးလေ…ကျုပ်ကလည်း မင်းအကြောင်း မကောင်း ပြောမှာမှ မဟုတ်တာ၊ အိမ်ရှင်တွေမရှိပေမယ့် အိမ်ကို လုံခြုံစိတ်ချ ရအောင် စောင့်ရှောက်ပေးတဲ့ မင်းလိုအလုပ်သမားရတာ အိမ်ရှင်တွေအတွက် သိပ်ကံကောင်းတဲ့အကြောင်း မင်းတော်တဲ့အကြောင်း ချီးကျူးမှာပါ"

"တော်ဗျာ…ခင်ဗျားကြီး စကားတတ်တိုင်း လျှောက် မပြောနဲ့"

"ဟေး…ကျုပ် ဘယ်မှာလျှောက်ပြောလို့လဲ၊ မင်းတို့ ခြံထိပ်ဝမှာ ငုတ်တုတ်ထိုင်ပြီးပြောနေတာ"

ပိုင် သွားလေးစေ့ကျိတ်လိုက်သည်။

စကားကို ကတ်သီးကတ်ဖဲ့ပြောနေသည့် သူ့ပုံစံနဲ့ သူ့မျက်နှာကြီးက ပိုင့်အတွက် ဘယ်လောက်များ အသည်းယား ဖို့ ကောင်းနေရသည်ဆိုတာတော့ ဒီလူသိမည်မဟုတ်ပါ။

ပိုင်မှာသာ တကယ်လည်း ပြောသည့်အတိုင်း ခြံထိပ်ခုတ်





ခုံလေးပေါ်မှာ အဝတ်အိတ်ကြီး ဘေးချလျှက် တကယ်ပင် ငုတ် တုတ်ထိုင်နေသည့် လူ့ခွစာ လူချောကြီး၏ မျက်နှာချောချောကြီး ကို ကြည့်ပြီး မချင့်မရဲစိတ်နှင့် နှုတ်ခမ်းကိုကိုက်ကာ လူ့ခွစာ အပေါ် ဒေါသတွေ ဖြစ်လို့မဆုံးနိုင်အောင် ရှိနေရတော့သည်။

တစ်ဆက်တည်း သူမအတွေးထဲတွင်လည်း ဒီလူ့ခွစာ သည် တကယ်ပဲ ဒက်ဒီနှင့်မာမီထံလာသည့် ဧည့်သည်များလား ဆိုတဲ့ အတွေးနှင့် ပိုင်မျက်နှာလှလှလေးမှာ ဟန်မဆောင်နိုင်အောင် ပျက်သွားလေသည်။

မပျက်ဘဲနေမည်တဲ့လားလေ။

ဒက်ဒီနှင့်မာမီဆိုတာ ပိုင်အပေါ် အလိုလိုက်စရာရှိလျှင် ထမ်းကုန်အောင် အလိုလိုက်တတ်သလို စည်းကမ်းနှင့်ပတ်သက် လာလျှင်လည်း နည်းနည်းမှ အတိမ်းအစောင်းခံတတ်သူမဟုတ်။

ခြံရှေ့တွင်ထိုင်နေသော လူသည် အမှန်တကယ်ပင် ဒက်ဒီ မာမီတို့၏ မိတ်ဆွေဖြစ်ပါက သူ့အားယခုလို ပုံစံအတိုင်းထားသည် ကို တွေ့ပါက ပိုင်အားနည်းနည်းလေးမှ သက်သာပေလိမ့်မည် မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သားသမီးများကို ယဉ်ကျေးလိမ္မာအောင် အမြဲတမ်း ပြောဆိုဆုံးမတတ်သော ဒက်ဒီနှင့်မာမီသည် ယခုလို ကိုယ့်အိမ်ကို ရောက်လာသည့် ဧည့်သည်ကို သူမအနေဖြင့် ရိုင်းရိုင်းပြပြ ပြောဆို ဆက်ဆံသည်ကို သိသွားပါက ပိုင်တစ်ယောက် ကောင်းကောင်း ဆူခံရမှာဖြစ်သည်။

ဒီအိမ်၏ စည်းကမ်းက အများတစ်ခု လုပ်ခဲ့လျှင် ထိုအမှား လုပ်သူကို ဘာကြောင့်မှားရသည်ဆိုတာကို နားလည်အောင် ရှင်းပြ ပြီး ဒဏ်ပေးတတ်သည်က ထုံးစံပင် ဖြစ်သည်။

ဒီထုံးစံကို ဘယ်သူမှ မလွန်ဆန်ရဲသလို ထိုအပြစ်ဒဏ်ကို လည်းခံယူရမှာ ကြောက်ပါ၏။

မကြောက်လို့ကလည်း မဖြစ်ပါ။

မာမီထက်ဒယ်ဒီသည် ပို၍ စည်းကမ်းကြီးသူမို့ ဒက်ဒီ ချမှတ်ထားသည့် ဒဏ်ကပြင်းထန်လွန်းသည်မို့လည်း ပိုင်ကြောက် ပါသည်။

ပိုင်သည် ဒက်ဒီချမှတ်ထားသည့် ဒဏ်ပြစ်ပေးခြင်းကို သိပေမယ့် ထိုအပြစ်က လွတ်အောင်လည်း ဘယ်တော့မှမနေ





မမသဇင်သည် ယခု အချိန်ထိ ဒက်ဒီပေးသည့် ပြစ်ဒဏ် ကို သမီးအလိမ္မာဝီဝီ တစ်ခါမှ မခံရဖူးပေမယ့် မမသဇင်နှင့်ဆန့်ကျင် ဘက်ဖြစ်တဲ့ ပိုင်ကတော့ ဒက်ဒီပေးသည့် အပြစ်ဒဏ်ကို သူမ အနေနှင့် မကြာခဏ ခံယူနေရသောကြောင့်ဖြစ်သည်။

ပိုင်သည် ထိုအပြစ်ဒဏ်ပေးလို့များ ကြောက်သွားပြီး မထင်လိုက်ပါနှင့်။ အပြစ်ပေးတုန်း ခဏသာဖြစ်ပြီး နောက်တော့ လည်း အပြစ်ပြန်၍ လုပ်တတ်သူဖြစ်သည်။

ဒါကြောင့်လည်း ကြာတော့ ဒဏ်ပေးရသည့် ဒက်ဒီပင် သူမကို အရှုံးပေးရတော့မလို ဖြစ်လာရသည်အထိ ပိုင်သည် ခေါင်းမာတတ်သူဖြစ်သည်။

ဒါက တခြားကိစ္စတွင်သာ ဖြစ်ပါသည်။ အခုလို ဒက်ဒီ နှင့်မာမီတို့ ဧည့်သည်ကို သိပါက ဒက်ဒီသည် ပိုင်အပေါ် အခြား အပြစ်များထက် ခွင့်မလွှတ်နိုင်အောင် စိတ်ဆိုးမှာက သေချာပါ သည်။

အတွေးနှင့် ပိုင် ကျောချမ်းသွားရသည်။

မြတ်စွာဘုရား။

နို:ပို.၀၁၁၀

နို:ပို.၀၁၁၀

www.burmeseclassic.com

www.burmeseclassic.com



မတော်လို့ သူမရှေ့က လူကြီးသည် သူပြောသလိုင် ရွှေဘိုကလာသည့် ဒက်ဒီနှင့်မာမီတို့၏ မိတ်ဆွေအမှန်ဖြစ်ပါ ပိုင် ဆက်မတွေးရဲတော့ပါ။

ပိုင်သည် ဒီလူ့အပေါ် စကားနှင့်ရော လုပ်ရပ်များနှင့်ပါ လွှန်ထားပြီး ဖြစ်သည်။

အတွေးနှင့်ပိုင်သည် လူ့ဌစာ လူချောကြီး၏ မျက်နှာ တံခါးကြားမှနေ အသေအချာကြည့်လိုက်သည်။

အင်း မျက်နှာကတော့ တကယ့်ကို ယောကျ်ားပီပီသ ခန့်ညားချောမောသည့် မျက်နှာမျိုး။ မျက်နှာအကျ သေသပ်ခိုင် မှုနှင့်အတူ မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်၊ ပိရိတိကျသေသပ်သော နှုတ်ခမ်းအစုံကို တင်းတင်းစေ့ပိတ်ထားတတ်ပုံက သူ့ တည်ကြည်ရိုးသားမှုကို ဖော်ပြနေသလိုပင်။

ဒီလူသာ တကယ်ပဲ ဒက်ဒီရဲ့မိတ်ဆွေလား။ ဒက်ဒီမိတ် ဆွေသာ ဖြစ်ပါက ပိုင်သူ့အပေါ် မခံချင်စိတ်နှင့် စော်စော်ကားကား ပြောမိသမျှ အရှမ်းကို အားနာစရာ ကောင်းနေပေတော့မည်။

တကယ်တော့ ပိုင်ဆိုတာက လူတကာအပေါ်မှာ မိုလ်



ချင့် စကားကို ရိုင်းရိုင်းစိုင်းစိုင်းနှင့် ပြောဆိုတတ်သူတော့ မဟုတ် ပါ။

ကိုယ်တိုင်က နောက်ဆုံးနှစ် တက္ကသိုလ်ကျောင်းသူပီပီ သူချစ်စရာကောင်းသော စကားများကို အပြုံးချိုချိုနှင့် ချစ်စဖွယ် ပြောဆိုတတ်သော သူမသည် ယခုမှ ဒီလူနှင့်တွေ့မှ သူ့အပေါ် မခံချင်စိတ်နှင့် အသည်းယားစွာ မချေမငံ ပြောဆိုဆက်ဆံမိသည့် အဖြစ်က တစ်ခါဆိုဆိုသလောက် ဖြစ်နေရတော့သည်။

ယခုလည်း ဒက်ဒီနှင့်မာမီသည် ကိစ္စတစ်ခုနှင့် အပြင် သွားနေသလို ဆရာဝန်တစ်ယောက်ဖြစ်သော မမသဇင်ကလည်း ဆေးရုံသို့ သွားနေသည်မို့ အိမ်မှာ အိမ်ထိန်းအဒေါ်ကြီးနှင့် ပိုင်သာ ရှိသည်မို့ ပိုင်သည် ထိုလူအား စိတ်ရှိတိုင်း ပြောဆိုနေခြင်းဖြစ် သည်။

ဒက်ဒီနှင့် မာမီသာ ဒီအဖြစ်ကိုသိပါက သူမအတွက် လွယ်သည်မှာ လုံးဝမလွယ်သည့်အဖြစ်။

သူကြည့်ရတာလည်း တကယ်ဝင် ခရီးဝေးကလာသည့် ပုံမျိုး။ ခရီးဆောင်အံဝတ်အိတ်ကြီးကို ဘေးမှာချကာ တည်တည်

www.burmeseclassic.com

www.burmeseclassic.com



တင်းတင်းမျက်နှာကြီးနှင့် ထိုင်နေသည်။

ဆံပင်ခပ်တိုတိုကို ဘေးသို့ခွဲကာ နက်ပြာရောင် ကွက်စိပ်ချည်ချောပုဆိုးနှင့် ရှပ်လက်တိုအပြာစင်းကို ဝတ်ထားသည့် သူ့ပုံစံကိုကြည့်ပြီး ပိုင် မသိမသာ နှာခေါင်းရှုံ့လိုက်မိသည်။

သူ့ပုံစံက မပြောဘဲနှင့်ကို အညာသားရုပ်ပေါက်နေသည်။

လူက မျက်နှာတည်တည်ကြီးနှင့် ချောမောနေပေမယ့် ဝတ်ထားသည့် အဝတ်အစားကတော့ တကယ့်ကို အညာသားပုံစံဖြစ်သည်။

အသက်က မမသစင်လောက်သာ ရှိဦးမည်ဖြစ်ပေမယ့် အသက်နှင့်မလိုက်အောင် မျက်နှာထားကြီးနှင့်နေကာ လူကြီးဆန်ဆန် ဝတ်ဆင်ထားသည်မို့ သူ့ပုံ သူ့မျက်နှာက ရှိရင်းစွဲအသက် ထက် ပိုမိုကြီးနေသယောင်။

ပိုင်သည် လူ့ရွာအညာသားကို ကြည့်ရင်းက သူမခေါင်းထဲ အတွေးတစ်ခု လက်ခနဲပေါ်လာရတော့ မျက်နှာလှလှလေး ပျက်သွားရသည်။

ပျက်ခွားသောမျက်နှာကို ပိုင်သည် ကြိုးစားပြင်ရင်း



ပိုင် ခြေလှမ်းတွေက ထိုလူနှင့် နီးရာသို့ ပိုမိုတိုးရွှေ့သွားပြီး...

"ဒီမှာလူကြီး"

သူမခေါ်သံကြောင့် မောင်မောင်ကြီး အကြည့်များက ပိုင့်ထံ စိုက်ခနဲရောက်ရှိသွားသည်။

သူ့အား စူးစမ်းဟန်နှင့် လှမ်းကြည့်နေပါသော ကြည်စင်လွန်းလက်သည့် မျက်ဝန်းအစုံနှင့် အကြည့်ချင်းဆုံသွားရသည်။

မောင်မောင်ကြီးမှာ ချာတိတ် သူ့အား ဘာပြဿနာရှာလိမ့်မည်လဲဆိုသော အတွေးဖြင့် ပိုင်အား မျက်မှောင်ကြီးကုပ်ကာ ကြည့်ပစ်လိုက်ပြီး...

"ကိုယ့်ကိုခေါ်တာလား"

"အင်း"

"ကဲ...ပြော၊ ကိုယ့်ကို ဘာပြောမလို့လဲဆိုတာ"

"ခင်ဗျား ရွှေဘိုကလာတယ်ဆိုတာ တကယ်လား"

"ရော်...မင်းကို ကျုပ်က ဘာကိစ္စညာရမှာလဲကွ"

"ဒါဆို တကယ်ပေါ့"

"ခက်နေပြီ၊ မင်းကို ကျုပ် ဘယ်လိုပြောရမလဲ၊ ဘာဖြ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ရဲ့မှတ်ပုံတင်နဲ့ သန်းခေါင်စာရင်း ထုတ်ပြရဦးမလား”

ပိုင် နှုတ်ခမ်းစူလာရပြီဖြစ်သည်။

ဒီလူ ဒါတော့ သူမကို အရွဲ့တိုက်နေပြီ။ သူမက စေတနာနှင့်မေးတာကို သူက ခနဲ့သလို ရွဲ့သလိုနှင့် ပြန်ဖြေနေပုံက အမြင်ကပ်ချင်စရာ။

အမြင်ကပ်ကပ်နှင့် သူမစိတ်ထဲရှိသည့်အတိုင်း ပြောလို့ကလည်း မဖြစ်သေး။

သူမသိချင်တာကို မေးရဦးမည်ဖြစ်သည်။

ဒေါသစိတ်တွေ ထောင်းခနဲဖြစ်သွားရပေမယ့် ပိုင်သည် သူမရင်ထဲက ဒေါသစိတ်တွေကို မျိုသိပ်ရင်း…

“မလိုပါဘူး၊ ဟုတ်တယ်ဆိုရင်ပြီးတာပဲ၊ ကျွန်တော်က ခင်ဗျားကို စေတနာနဲ့မေးနေတာ”

“ဘာ…ဘယ်လို စေတနာဟုတ်လား”

မောင်မောင်ကြီး လေသံရော ပုံစံပါ သိသိသာသာ ပြောင်းလဲသွားရသော ချာတိတ်ကိုကြည့်ပြီး အံ့သြစွာမေးလိုက်သည်။





“ဟုတ်တယ်၊ ခင်ဗျားကို စေတနာနဲ့ ကျွန်တော်မေးနေတာ၊ ခင်ဗျားအိမ်ရှင်တွေနဲ့ တကယ်ပဲ တွေ့ဖို့လာတာဆိုရင် အိမ်ထဲဝင်ပြီး ထိုင်စောင့်လို့ပြောမလို့”

ပြောရင်းက ခြံတံခါးသော့ကို ဖွင့်ပေးနေတာမို့ မောင်မောင်ကြီးသည် သူ့ အကြားအမြင်များ လွဲကုန်ပြီလားဆိုတာ သူ့ကိုယ်သူ ထင်မှတ်သွားရသည်။

မထင်မှတ်လို့ကလည်း မဖြစ်။

ချာတိတ်ပုံစံက စောစောကနှင့် တခြားစီ ကွာခြားနေရသည်။

“မင်း ဘာစိတ်ကူးရလို့ ခုလိုပုံစံ ပြောင်းသွားရတာလဲ၊ မင်းကိုကြည့်ပြီး ကိုယ်တော့ နားမလည်နိုင်တော့ဘူး”

“ခင်ဗျားနော်…စေတနာကိုမစော်ကားနဲ့၊ ကျွန်တော်က ခင်ဗျား အခုလို ခြံထိပ်ကြီးမှာထိုင်ပြီး စောင့်နေရတာ အားနာလို့ တံခါးဖွင့်ပေးတာသိလား”

“အဟွန်း…ဒါဆို မင်းကို ကျုပ်က ကျေးဇူးတင်ရမှာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"တင်စရာမလိုပါဘူး၊ ကျေးဇူးတင်ခံချင်လို့ ခင်ဗျားကို ကျွန်တော် တံခါးဖွင့်ပေးတာမဟုတ်ဘူး"

"ဟင်…ဒါဖြင့် ဘာကြောင့်လဲ"

"ခင်ဗျားကြီး တော်တော်လှုပ်ရှည်တာပဲ၊ ကဲ ခင်ဗျား အိမ်ထဲဝင်မှာလား၊ မဝင်ဘူးလားဆိုတာပဲပြော၊ အိမ်ထဲမဝင်ဘူးဆို လည်း ကျွန်တော် ခြံတံခါးပြန်ပိတ်တော့မယ်၊ ဒါပေမယ့် အိမ်ရှင် တွေလာရင်တော့ ကျွန်တော် တံခါးဖွင့်မပေးဘူးလို့တော့ ခင်ဗျား မပြောနဲ့"

"အဟွန်း…ဟွန်း…ဟွန်း ဒီလိုကိုး"

အရိပ်ပြမှ အကောင်ထင်တော့သည့် မောင်မောင်ကြီး ချာတိတ် သူ့အပေါ် ဘာကြောင့် ထိုသို့ပြောင်းလဲသွားရသည်ကိုဝါ နားလည်သဘောပေါက်ရတော့ ချာတိတ်၏ လူလည်ကျပုံကို သဘောကျလို့မဆုံးနိုင်အောင် ဖြစ်သွားရသည်။

"ခင်ဗျားနာမည် ဘယ်သူလဲ"

"မောင်မောင်ကြီး"

"ဟင်…နာမည်ကလည်း"



"နာမည်က ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး"

"ကဲ…ဦးမောင်မောင်ကြီး ခင်ဗျားအိမ်ရှင်တွေကို အိမ်ထဲ ဝင်ပြီးစောင့်မှာလား၊ ခုလိုပဲ အပြင်ကစောင့်နေမှာလား"

"အဟွန်း…ခွင့်ပြုတဲ့သူက ခွင့်ပြုနေမှတော့ အိမ်ထဲကပဲ စောင့်ရတော့မှာပေါ့ဗျာ"

"ဒါဆိုလည်းဝင်၊ ကျွန်တော်ကတော့ ဧည့်သည်ကို ဧည့်ခံ ဖို့ အချိန်မရှိဘူးနော်၊ ကျွန်တော့်မှာ လုပ်စရာတွေရှိသေးတယ်"

"ကောင်းပါပြီဗျာ…ဝင်ဆိုတော့လည်း ဝင်ရမှာပေါ့"

ပြောပြောဆိုဆို မောင်မောင်ကြီးသည် သူ့သားက အဝတ် အိတ်ကြီးကို ဆွဲယူသွားတော့ ပိုင်သည် သူ့နောက်မှ လိုက်ဝင်လာ ခဲ့သည်။

"ပေးလေ အိတ်၊ ကျွန်တော်ဆွဲပေးရမလား"

ပိုင်မှာ သူမအပြစ်နှင့်သူမဖို့ သူမအကြောင်း မိဘတွေအား မပြောရန်အတွက် ဒီလူကြီးအား အပြတ်ဖားနေလိုက်သည်။

ဒါကိုသိနေသည့် မောင်မောင်ကြီးကလည်း သူ့အပေါ်

www.burmeseclassic.com



ကလေးတစ်ယောက်လို လှုလည်ကျကာ နှုတ်ပိတ်နေသော ချာတိတ်အဖြစ်ကို မသိချင်ယောင်ဆောင်ထားသည့်ကြားက လှုကာရယ်ချင်ချင်ကြီးဖြစ်သွားရပေမယ့် ချာတိတ်ရှေ့မှာတော့ မရယ်မိအောင် သတိထားလိုက်ရသည်။

"ရပါတယ်"

သူပြောတော့ ချာတိတ်သည် သူ့အား မျက်နက်ဝန်းလေးနှင့် စူးခနဲ တစ်ချက်စိုက်ကြည့်လာပြီး····

"ခင်ဗျား ဒီကိုဘာလာလုပ်တာလဲ"

"အဟွန်း···ဘာဖြစ်လို့လဲကွ"

"သိချင်လို့ပေါ့ဗျ"

"သိချင်ရင် ပြောပြရမှာပေါ့ကွာ၊ ကျုပ်က ဒီအိမ်ကို ဒရိုင်ဘာလုပ်ဖို့ရောက်လာတာ"

"ဟင်"

"ဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ပါဘူး၊ ဒါပေမယ့် ဒီအိမ်မှာ ဒရိုင်ဘာလိုတယ်လို့လည်း ကျွန်တော် တစ်ခါမှမကြားမိဘူး"





"အရင်တုန်းက မကြားမိပေမယ့် အခု မင်းကြားရပြီမဟုတ်လား"

"အင်း"

သူ့အပြောကို ဝိုင်မှာ မကျေမနပ် စဉ်းစားရခက်သည့်မျက်နှာလေးနှင့် ခေါင်းညိတ်ပြလိုက်သည်။

တစ်ဆက်တည်း သူ့မအတွေးထဲတွင်လည်း ဒက်ဒီတို့သူ့မ မသိအောင် ဘယ်အချိန်ကများ ဒရိုင်ဘာခေါ်လိုက်တာပါလိမ့်လို့ တွေးနေမိရတော့သည်။

"ခင်ဗျားက ဒီအိမ်ရဲ့ဒရိုင်ဘာပေါ့"

"ဟုတ်တယ်"

"ဟွန်း···ဒရိုင်ဘာကလဲ"

"ဘာဖြစ်လို့လဲကွ"

"ဘာမှမဖြစ်ဘူး၊ ဘာမှမဖြစ်ဘူး"

ဝိုင်သည် မောင်မောင်ကြီးအား ဘာမှမဖြစ်ပါဘူးဟု ခပ်မြန်မြန်ပြောလိုက်ရပေမယ့် သူ့ပုံစံ သူ့ရုပ်ရည်နှင့် တည်တည်ခန့်ခန့်ကြီးနှင့် ယောကျ်ားပီသစွာ ချောမောလွန်းသည့် လူက ဒီအိမ်



www.burmeseclassic.com

www.burmeseclassic.com



ကို ရောက်လာသည့် ဒရိုင်ဘာပါလားဆိုသော အတွေးဖြင့် ရင်ထဲ တစ်မျိုးကြီးဖြစ်သွားရတာနှင့်အတူ သူ့အပေါ် သနားကရုဏာစိတ် ကလည်း သူမရင်ထဲ လှစ်ခနဲပေါ်သွားရသည်။

ခြော်…ဦးမောင်မောင်ကြီး…ဦးမောင်မောင်ကြီး သူ့ခမျာ သူ့ရုပ်ရည်၊ သူ့ပုံစံနဲ့ မသိပါက သူ့ကို တကယ်ပညာတတ် တစ်ယောက်လို့ ထင်ရပေမယ့် ယခုတော့ သူ့ဘဝအကျိုးကြောင့် လို့ပဲ ဆိုရမလားမသိပါ။

သူများအိမ်တွင် ဒရိုင်ဘာလာလုပ်နေရသည့်အဖြစ်ကို တွေးရင်း ပိုင်သည် ဘာကြောင့်မှန်းမသိ သူနှင့်ပတ်သက်ကာ စိတ်ထဲမကောင်းနိုင်အောင် ဖြစ်နေရသည့်အဖြစ်က သူမကိုယ်သူ လည်း ဘာဖြစ်ရမှန်းမသိ ထူးဆန်းနေရတော့သည်။

□ □ □



အခန်း (၂)

"သခင်နဲ့ပိုင်"

"ရှင်"

"ဗျာ"

မိန်းကလေးနှစ်ယောက်ထဲမှ ထူးသံတွေက ပြိုင်တူဆိုသလို ထွက်သွားရလေသည်။

"ဒါ မောင်မောင်ကြီးတဲ့၊ ဒက်ဒီမိတ်ဆွေရဲ့သား၊ ရန်ကုန်ကို တာဝန်နဲ့ပြောင်းလာတဲ့ အင်ဂျင်နီယာ၊ ဒက်ဒီတို့နဲ့ အတူနေလိမ့်မယ်၊ သမီးတို့က အစစအရာရာ မောင်မောင်ကြီးအတွက် လိုအပ်တာတွေကို ကူညီလုပ်ပေးလိုက်ကြ ကြားလား"

"ဟုတ်ကဲ့ ဒက်ဒီ"



www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါတော့ဖြင့် သခင် အသံလေးသာ ထွက်လာရတော့၏။ ပိုင်မှာ နှုတ်ခမ်းလေးစူလျက် မျက်စောင်းလေးဝင့်ကာ ဝင့်ကာ နှုတ်ဆိတ်နေတော့သည်။

"မောင်မောင်ကြီးလည်း မှတ်ထား၊ ဒါ အန်ကယ်ရဲ့ သမီးကြီး သခင်တဲ့၊ သမီးကြီးကလည်း မောင်မောင်ကြီးလိုပဲ အင်ဂျင်နီယာတစ်ယောက်၊ အငယ်မက မေသက်ပိုင်တဲ့၊ သူက အင်္ဂလိပ်စာ နောက်ဆုံးနှစ်တက်နေတယ်၊ မင်းညီမတွေကို အခြေ မတော်တာရှိရင် ဆုံးမပါကွယ်၊ အန်ကယ် မင်းကိုအပ်ပါတယ်"

"ဟုတ်ကဲ့ပါခင်ဗျ"

မောင်မောင်ကြီးမှာ ဦးမျိုးနောင်အား ခေါင်းညိတ်ပြလိုက် သည်။ တစ်ဆက်တည်း မောင်မောင်ကြီးအကြည့်တွေက ဦးမျိုး နောင်ဘေးတွင် နှုတ်ခမ်းလေးစူကာ မျက်လွှာလေးချထိုင်နေသည့် မေသက်ပိုင်ဆိုသည့် မိန်းကလေးကိုကြည့်ပြီး အံ့သြနေရတော့သည်။

မေသက်ပိုင်ဆိုသော မိန်းကလေးသည် မနေ့က သူ့ မြို့ထိပ်တွင် စကားအချေအတင်များခဲ့သည့် ချာတိတ်ဖြစ်နေသော ကြောင့် ဖြစ်သည်။



ချာတိတ်သည် သူ့ကိုမကြည့်။ နှုတ်ခမ်းလေးစူကာ အကြည့်များကို လွှဲလျက် ငြိမ်သက်နေသည်မှာ မနေ့က သူတွေ့ခဲ့ သည့် ချာတိတ်မှ ဟုတ်ပါလေစဟုပင် ထင်စရာဖြစ်သည်။

"အန်ကယ်တို့အိမ်မှာနေတုန်း မောင်မောင်ကြီး ဘာမှ အားနာစရာမလိုဘူး၊ ကိုယ့်အိမ်ကိုယ့်ယာလို သဘောထားပြီး လွတ် လွတ်လပ်လပ်သာနေ ဟုတ်လား"

"ဟုတ်ကဲ့ အန်ကယ်"

"အေးကွယ်…အန်တီတို့အတွက်တော့ မင်းရောက်လာ တာ သားတစ်ယောက် တိုးလာသလိုပါပဲကွယ်၊ အန်တီတို့အိမ်ဆို ယမယ့် မောင်မောင်ကြီး ဘာမှအားနာစရာမလိုဘူးနော်၊ ကြိုက်သလို နေနိုင်တယ်"

"ဟုတ်ကဲ့ အန်တီ၊ ကျေးဇူးတင်ပါတယ်"

ဖြူဖြူဝဝတုတ်တုတ်နှင့် ခန့်ညားကျက်သရေရှိလှမ်းလှ သော အပြုံးချိုချိုနှင့် သူ့အား အနေမခက်စေရန် ချွေးထွေးသော စကားများကိုဆိုနေသော အန်တီခင်မမကို မောင်မောင်ကြီးသည် ကျေးဇူးတင်သည့် အကြည့်နှင့် ကြည့်ရင်းက အပြုံးနှင့် ခေါင်းညိတ်

www.burmeseclassic.com

www.burmeseclassic.com



ပြလိုက်သည်။

"အန်ကယ်တို့အိမ်မှာတော့ အားလုံး အေးအေးဆေးဆေး ပါပဲကွာ၊ အဲ မအေးဆေးတာဆိုလို့ မင်းညီမပိုင်ပဲ၊ သူ့ဒဏ်ကိုတော့ မောင်မောင်ကြီး နည်းနည်းတော့ သည်းခံရမယ်နော်"

အန်ကယ်ပြောတာ နောက်ကျနေပါပြီ။ သူ့ဒဏ်ကို ကျွန်တော် နည်းနည်းမဟုတ်ဘူး အများကြီးခံနေရတာပါဆိုသည့် စကားကိုတော့ မောင်မောင်ကြီး စိတ်မှာသာ ဆိုလိုက်မိပါတော့ သည်။

ထိုသို့ဆိုရလောက်အောင်လည်း ရောက်ရောက်ချင်းမှာပင် သူ့အား ဆီးကြိုလာသည့် သူမပုံစံက မောင်မောင်ကြီးအတွက် ဘယ်တော့မှ မမေ့ချင်စရာဖြစ်သည်။

သူမကိုယ်သူမ ဒီအိမ်က အလုပ်သမားတစ်ယောက်ပါဆို ကာ ယောကျ်ားလေးတစ်ယောက်လို ပြောဆိုခဲ့သည့် ပိုင်ဆိုသော မိဆိုးသည် ဒီအိမ်မှာ ဘယ်လောက်ထိအောင် ဗိုလ်ကျဆိုးနွဲ့နေသည် ကိုလည်း မောင်မောင်ကြီး အကဲခတ်လို့ရနေရပြီဖြစ်သည်။

ပိုင်ကိုကြည့်လိုက်တော့ သူမပုံစံက မခုတ်တတ်သည့်



ကြောင်နှယ် ဘာအပြစ်တစ်ခုမှ လုပ်မထားသည့်ပုံစံမျိုး။ ဝင်းပနေ ထွေးနေသည့် မျက်နှာလေးက တည်တည်တင်းတင်းလေးနှင့် သူနှင့် မျက်လုံးချင်းဆုံအောင်လည်း မကြည့်ဘဲ ရှောင်နေတာကြောင့် မောင်မောင်ကြီး သူမကိုကြည့်ပြီး အသည်းယားယားကြီး ဖြစ်လာရ သည်။

သူမပုံစံက တုတ်နှင့်နာနာရိုက်ပစ်ချင်စရာ ကလေးဆိုး တစ်ယောက်၏ ပာန်ပန်မျိုး။

"မောင်မောင်ကြီးကို ကိုယ့်ရဲ့တူရင်းသားရင်းလို သဘော ထားလို့ ပြောရဦးမယ်၊ သမီးပိုင်ကတော့ အိမ်မှာ အငယ်ဆုံးဆို တော့ အားလုံးအလိုလိုက်ထားမိတော့ နည်းနည်းဆိုးချင်တယ်၊ မောင်မောင်ကြီး မင်းညီမဒဏ်ကို ခံနိုင်ပါ့မလားမသိဘူး"

အပြုံးနှင့် ဝင်ပြောလိုက်သည့် မိခင်ကြီးစကားကြောင့် မောင်မောင်ကြီးမှာ ပိုင်သည် ဒီအိမ်၏အသက်ဆိုတာ နားလည် သွားရသည်။

ပိုင်ဆိုသည့် သူမကတော့ သူမအကြောင်းပြောနေတာ မဟုတ်သည့်အတိုင်း ယခုချိန်ထိ မလှုပ်သေး။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ကြီးအကြည့်တွေက သူမထံ စိုက်ခနဲ ရောက်ရှိသွားရသည်။

သည့်နောက် အကြည့်တည့်တည်စူးစူးကြီးနှင့်ကပင်…

"ပိုင်ကြည့်ရတာ အန်တီတို့ပြောသလောက်လည်း ဆိုးမယ်မထင်ပါဘူး၊ ဘာပဲဖြစ်ဖြစ် ပိုင်က ကျွန်တော့်ညီမဖြစ်သွားပြီပဲ ကျွန်တော်သည်းခံရမှာပေါ့၊ ဪ ဒါထက် အန်တီတို့ကို ကျွန်တော် တစ်ခုတော့ ခွင့်ပန်ပါရစေ"

"ဘာများပါလိမ့်ကွယ်"

"အဟွန်း…တခြားတော့မဟုတ်ပါဘူးအန်တီ၊ သဇင် တို့ ပိုင်တို့ဆိုတာ ခု ကျွန်တော့်ညီမလေးတွေ ဖြစ်သွားကြပြီမဟုတ်လား၊ အဲဒါ ကျွန်တော့်မျက်စိထဲမှာ သဇင်တို့ ပိုင်တို့ကို အမြင်မတော်လို့ ဆိုဆုံးမစရာရှိတယ်ဆိုလည်း ဆုံးမပါရစေလို့ ခွင့်ပန်ချင်တာပါ"

"ဪကွယ်…ငါ့တူရယ် အန်တီကဘာများလဲလို့ ဒီစကား အန်တီတို့ကို ခွင့်ပန်နေစရာတောင်မလိုပါဘူးကွယ်၊ မင်းညီမတွေကို မင်းကြိုက်သလိုဆုံးမနိုင်တယ်၊ အန်တီတို့ကိုယ်တိုင်လည်း မင်းလက်ထဲကို အပ်တယ်"



"ဟုတ်ကဲ့…အန်တီတို့ဆီက ခုလိုစကားကြားရတာ ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်အနေနဲ့ ဆုံးမတဲ့နေရာမှာ လူကြီးတွေကို အားနာစရာမလိုတော့ဘူး၊ အင်း သဇင်ကတော့ လိမ္မာမဲ့ မိန်းကလေးပါ၊ အဲ ကျွန်တော်ဆုံးမရမှာက ပိုင်ပဲဖြစ်လိမ့်မယ်"

"ဟင်"

"အို"

"အဟင်း…ဟင်း…ဟင်း"

သူ့စကားကြောင့် အားလုံးမျက်နှာတွေ ပြုံးစိစိနှင့် သူ့စကားကို သဘောကျသွားရသည်။ သို့သော် အားလုံးထဲတွင် သဘောတွေနိုင်သူက ပိုင်ဖြစ်သည်။

ကြည့်စမ်း…

လူ့ခွစာ။ ဒါ သင်းသက်သက် လုပ်ါးဝတာ။ ယခုမှ အိမ်ပေါ်ရောက်သည့်လူက သူမအပေါ် စကားကို အကြောကြီးနှင့် ပြောလာပါရောလား။

ပိုင်မှာ ခဏချင်းပင် မောင်မောင်ကြီးအပေါ် ပို၍မုန်းသွားသည်။ မုန်းစိတ်တွေနှင့်အတူ ပိုင်၏အောက်နှုတ်ခမ်းသားလေး

www.burmeseclassic.com

www.burmeseclassic.com



ကို သွားချွန်ချွန်လေးနှင့် ဖိကိုက်ကာ မောင်မောင်ကြီးအား မကျေမနပ်ကြည့်မစ်လိုက်သည်။

တစ်ဆက်တည်း စိတ်ထဲတွင်လည်း ပိုင်သည် တစ်အိမ်လုံးအပေါ်* အမြင်မကြည့်ချင်တော့ပါ။

ဒက်ဒီနှင့်မာမီသည် ဒီလူအပေါ် ဘာကြောင့် အခွင့်အရေးတွေ ဒီလောက်ပေးနေရတာပါလိမ့်။ သူစိမ်းလူရွယ်တစ်ယောက်ကို ကိုယ့်အိမ်မှာ နေခွင့်ပေးရုံမက ကိုယ့်သမီးကို စကားနှင့်စော်ကားနေသည့် ဒီလူကိုပင် အပြစ်မယူဘဲ ခွင့်လွှတ်သလို ဒက်ဒီနှင့်မာမီသည် ပြုံးရယ်နေသေးသည်က ပိုင်၏ဒေါသများ မောင်မောင်ကြီးအပေါ် ပို၍အခဲမကျေချင်စရာပင်။

မကျေနပ်စိတ်တွေနှင့်လည်း ပိုင်သည် မောင်မောင်ကြီးအပေါ် သည်းမခံနိုင်တော့ဘဲ···

"ဒီမှာလူကြီး ခင်ဗျားဆုံးမတာကို ကျွန်တော်က သည်းခံနေမယ်ထင်သလား"

"ဟဲ့"

"အို"



"သမီး"

ရုတ်တရက် မထင်မှတ်သည့်စကားနှင့် ပက်ခနဲ ပြန်ပြောလိုက်သည့် ပိုင့်စကားကြောင့် လူကြီးများ မျက်နှာပျက်သွားရကာ အံ့တားသံများ ထွက်ပေါ်လာလေသည်။

"ပိုင်နော်···မောင်မောင်ကြီးကို ဘယ်လိုပြောလိုက်တာလဲ၊ အားနာစရာ"

ပိုင့်မိခင်မှာ အားနာစွာ ဝင်ပြောလိုက်သည်။

"ရပါတယ်အန်တီ···သူပြောတတ်သလိုပြောပါစေ၊ ဆိုးမှာတဲ့ကလေးကို ဆုံးမရမှာက ကျွန်တော်တို့လူကြီးတွေရဲ့အလုပ်ပဲ"

"ဟင်···ခင်ဗျား ခင်ဗျား ပြောနေရင်းနဲ့ ဘာဆုံးမမှာလဲ၊ သွား···သွား ကျွန်တော့်ကို ဘာမှဆုံးမစရာမလိုဘူး၊ ခင်ဗျားကြီးကို မုန်းတယ်၊ သွား အဟင့်···ဟင့်"

တစ်သက်နှင့်တစ်ကိုယ် ဘယ်သူ့အပြောမျိုးကိုမှ မခံခဲ့ရဘူးသည့်ပိုင် ဒေါသတွေ ဘယ်လောက်ထိ လွန်ကဲသွားရုံသည်မသိပါ။ ကျိတ်မနိုင်ခဲမရဖြာန်နှင့် မျက်ရည်တွေ ပါးပြင်ပေါ် ကျဆင်း

www.burmeseclassic.com

www.burmeseclassic.com



လာရပြီးနောက် မောင်မောင်ကြီးအား မကျေမချမ်းကြည့်ကာ စည့်ခန်းထဲမှ ချာခနဲ လှည့်ထွက်သွားလေသည်။

ထိုအခါ သူမ၏ နောက်ကျောပြည့်ပြည့်လေးကို ကြည့်ပြီး စိတ်မကောင်းဖြစ်ရသူက မောင်မောင်ကြီး။

ဘာရယ်မဟုတ် အသည်းယားယားနှင့် စနောက်သလို ဆိုလိုက်မိသည့် သူ့စကား သူမအား မျက်ရည်ကျစေရပြီဖြစ်သည်။ ဒီအတွက် မောင်မောင်ကြီးမှာ ပိုင်အား စိတ်ထဲမှနေ တောင်းပန် လိုက်မိပါသည်။

□ □ □

နုတ်ခမ်းဖူးဖူးလေးကို သွားစွယ်ချွန်ချွန်လေးနှင့်ကိုက်ကာ စည့်ခန်းထဲ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက် ကိစ္စတစ်ခု ကို လေးလေးနက်နက် စဉ်းစားသလိုရှိနေသူက ပိုင်။

ပိုင် စဉ်းစားနေမိသည်က မောင်မောင်ကြီးဆိုသည့် ရွှေစာ အကြောင်းပင်ဖြစ်သည်။

မောင်မောင်ကြီး။

သူ့ကိုယ်သူ ဒရိုင်ဘာဆိုကာ လိမ်ညာသွားသည့် မောင်မောင်ကြီးကို ပိုင်စိတ်ထဲ အခဲမကျေနိုင်ပါ။ ထို့အတူ သူ့စကား တွေကလည်း သူမနားထဲကမထွက်။ မောင်မောင်ကြီးဆိုသည့်လူကို ပိုင် သိပ်မုန်းပါ၏။ မုန်းသည်မှာ သူမစိတ်ထဲ သတ်မစ်ချင်လောက် အောင်ဝင်။

ဒရိုင်ဘာတစ်ယောက်ပါဟု ဆိုကာ ဟန်ဆောင်လိမ်ညာ

www.burmeseclassic.com

www.burmeseclassic.com



သွားသည့် အင်ဂျင်နီယာမောင်မောင်ကြီးကို ပိုင်ဘက်က မည်သို့ လက်တုံ့ပြန်ရမည်ကိုလည်း ပိုင် လေးနက်စွာ စဉ်းစားနေခြင်းဖြစ်သည်။

စဉ်းစားနေသည်မှာ အချိန်လေးများပင် သူမအတွက် မနည်းတော့။ မောင်မောင်ကြီးနှင့်ပိုင်သည် တစ်နေ့က မျက်နှာချင်းဆိုင်ပြီးကတည်းက မတွေ့တော့။

ရှင်းရှင်းပြောရလျှင် မတွေ့တာထက် မတွေ့နိုင်အောင် သူမဘက်က ရှောင်နေမည်ဆိုလျှင် ပိုမှန်ပေလိမ့်မည်။

သူလည်း သူ့အလုပ်နှင့်သူ၊ ကိုယ်လည်း ကိုယ့်အလုပ်နှင့်ကိုယ် ထမင်းစားချိန်မှာလည်း သူမဘက်က ရှောင်နေသည်မို့ မောင်မောင်ကြီးနှင့် သူမ တွေ့နိုင်စရာအကြောင်းမရှိ။

သည်တော့ သူမနှင့်သူ ဘယ်မှာလာဆုံနိုင်မည်လဲ။ မဆုံချင်လို့ ရှောင်နေပေမယ့် ခု မဆုံချင်လို့မရတော့ပါ။

သူမဘက်က သူ့ကိုပြန်၍ လက်တုံ့ပြန်ရမည်မို့ ပိုင်သည် သူမဘက်က လက်တုံ့ပြန်ရမည့်နည်းလမ်းကိုသာ အသေအချာ စဉ်းစားနေရသည်။





စောစောက အလိုမကျမှုတွေနှင့်ရှိနေသော ပိုင်မျက်နှာလှလှလေး ရုတ်ခြည်းလင်းလက်သွားရသည်။

ကြည့်စမ်း...

သူမ ဒါကို ဘာလို့မေ့နေရတာပါလိမ့်။ တကယ်ဆို မောင်မောင်ကြီးဆိုတာက သူမတို့ကျေးရွာကွင်းထဲက သားကောင်။

ပိုင်သည် ကျေနပ်သွားရသော အတွေးစိတ်များနှင့်ပင် သူမ ခြေလှမ်းအစုံသည် မောင်မောင်ကြီး၏ အခန်းဆီသို့။

မောင်မောင်ကြီးအခန်းသည်လည်း သူမတို့လိုပင် အပေါ်ထပ်မှာပင်ဖြစ်သည်။ သည်တော့ သူမအကြံအတွက် ပို၍လွယ်ကူရသည်ပေါ့။

ခြေကိုဖော့နင်းကာ ပိုင် မောင်မောင်ကြီးအခန်းထဲဆီသို့ အသာလေး ချောင်းကြည့်လိုက်တော့...

"ဟင်"

ပိုင် မျက်ခုံးလေး ပင့်တက်သွားရသည်။

ဒရိုင်ဘာပါလို့ ပြောသွားသည့် မောင်မောင်ကြီး ခုတော့လည်း အင်္ဂလိပ်စာအုပ်ထူထူကြီး ဖတ်လို့ပါလားနော်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကို သူမကြည့်မရတာ။

လူကို အတည်ပေါက်ကြီးနှင့် ဒရိုင်ဘာပါလို့ ပြောသွားခဲ့စဉ်က ပိုင်မှာ သူရုပ်သူရည်နှင့် သူမစိတ်မကောင်းဖြစ်ခဲ့ရပါသေးသည်။

ခုတော့ ထိုသနားစိတ်ကလည်း သူမရင်ထဲ လွင့်ပျောက်ခဲ့ရပြီဖြစ်သည်။ ဒရိုင်ဘာပါလို့ ပြောခဲ့သည့် သူသည် စာတွေများစွာတတ်ထားပါသည့် ပညာတတ် အင်ဂျင်နီယာတစ်ယောက် ဖြစ်ရုံမက ဘွဲ့လွန်ကိုပါယူရန် ကြိုးစားနေပါသည့်သူ။

ပိုင်မှာ သူမအား လိမ်ညာရက်သူအဖြစ် မုန်းရုံသာမက နာကျင်စိတ်များ ရင်ထဲဖြစ်ပေါ်လာရသောအခါ။

ခုချိန် ပိုင်သည် သူမရင်ထဲကအကြံအစည်များကို လျှော့ထားလိုက်လေသည်။ သူမအနေနှင့်က မလျှော့လို့ကလည်း မရ။ မောင်မောင်ကြီးဆိုသည့် သူသည် အခန်းထဲဝယ် အမိန့်သားကြီး ရှိနေရသောကြောင့်ပင် ဖြစ်သည်။

□ □ □

ပိုး:ပိုး:၀၁၉ပ

## အခန်း (၃)

အချိန်နာရီစက္ကန့်မပြတ် သူမခေါင်းထဲ မောင်မောင်ကြီးနှင့် ဝတ်သက်ကာ အကြံအစည် အမြဲရှိနေခဲ့သော ပိုင်အတွက် ဒီနေ့သည် သူမအား အခွင့်အရေးကို လက်ဆုပ်လက်ကိုင်မိစေခဲ့ရပြီဖြစ်သည်။

မောင်မောင်ကြီးအလစ်ကို ချောင်းနေသော ပိုင်တစ်ယောက် ယခု မောင်မောင်ကြီး အလုပ်သို့သွားသည်နှင့် သူ့အခန်းထဲသို့ သူမရောက်ခဲ့ရပြီဖြစ်သည်။

ပိုင်တစ်ယောက် မောင်မောင်ကြီးအခန်းထဲသို့ ဝင်သည်ကို ဘယ်သူမှမသိပါ။ မိဘနှစ်ပါးလုံးသည် အလုပ်သို့သွားပြီဖြစ်သလို မမသဇင်သည်လည်း အိမ်မှာမရှိ။

ပိုး:ပိုး:၀၁၉ပ

www.burmeseclassic.com

www.burmeseclassic.com



ပိုင်သာ ကျောင်းများပိတ်ထားသဖြင့် အိမ်မှာရှိနေခြင်းဖြစ်သည်။

မောင်မောင်ကြီးမှာ အလုပ်သို့သွားသည်ဆိုပေမယ့် သူ့အခန်းကို သော့ခတ်သွားခြင်းမျိုး မရှိတတ်။ ဒါကပင် ပိုင့်ကို အခွင့်အရေးရစေရခြင်းဖြစ်သည်။

ပိုင် အခန်းထဲသို့ရောက်သည်နှင့် အခန်းတံခါးကို ပြန်စေ့ထားလိုက်၏။ ရုတ်တရက်ကြည့်ပါက အခန်းထဲတွင် လူမရှိသည့်ပုံစံမျိုး။

ကဲ…ပိုင့်အကြံ မပိုင်ပေဘူးလား။ ပိုင့်ကိုယ်ပိုင် သဘော ကျစွာ ပါးချိုင့်လေးနှစ်ဖက် နှစ်ဝင်သွားအောင် ပြုံးလိုက်သည်။

သည်နောက် မောင်မောင်ကြီး အခန်းတစ်ခန်းလုံးကို မျက်ဝန်းလှလှလေးနှင့် အကြည့်လေးများ ဇွေဇွေဝဲဝဲကြည့်လိုက် သည်။

အင်း…မောင်မောင်ကြီး ဒီလူဘယ်ဆိုးလို့လဲ။ ယောကျ်ား လေးနေသည့် အခန်းဆိုပေမယ့် ရှုပ်ပွနေသည်မရှိ။ အခန်းထဲက ပစ္စည်းတွေက သူ့နေရာနှင့်သူ အားလုံးသပ်သပ်ရပ်ရပ်။





ကြည့်ရတာ မောင်မောင်ကြီးသည် စည်းကမ်းရှိပုံရလေ သည်။ မိန်းကလေးဖြစ်သည့် ပိုင်တောင် သူမအခန်းကို သူ့အခန်း လောက် သပ်ရပ်အောင်မထားတတ်။

ပိုင်မှာ တစ်ခန်းလုံးကို ဇွေဝဲကြည့်ပြီးနောက် သူမကိုယ် လေးက ကြည်ပြာရောင်ဖဲမွေ့ယာကြီးပေါ်သို့ အိခနဲ ဝင်ထိုင်လိုက် သည်။

ဒါ မောင်မောင်ကြီး အိပ်ရာတဲ့လား။ ဖဲအနားတွန့်ကြီးများ ပါသည့် မွေ့ရာနှင့် ဆင်တူ ကြည်ပြာရောင်ခေါင်းအုံးလှလှကိုကြည့် ပြီး ပိုင် နှာခေါင်းလေး မသိမသာရှုံ့လိုက်သည်။

"ဒီလူကြီးက ဒီလိုဆိုတော့လည်း အလှအပကြိုက်တတ် သားပဲ၊ လူကြည့်တော့ အလှအပမကြိုက်သလိုလို၊ မခံစားတတ် သလိုလိုနဲ့၊ ဟွန်း…မုန်းလိုက်တာ"

ခေါင်းအုံးလှလှလေးကို လက်လေးနှင့် ဖွဖွပွတ်သပ်ရင်း ပိုင်စိတ်ထဲ မကျေနပ်သမျှ တီးတိုးဆိုလိုက်လေသည်။

ဆိုရင်းက ပိုင်သည် စိတ်ထဲရှိသမျှ အကြံအစည်ကိုလည်း သက်တွေ့အကောင်အထည်ဖော်ရန် သတိရလိုက်သည်မို့ အချိန်မဆွဲ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ သူမအစီအစဉ်အတိုင်း လုပ်စရာရှိသည်များကို ခပ်မြန်မြန် လုပ်လိုက်သည်။

သူမစိတ်ထဲရှိသည့်အတိုင်း အားလုံး လုပ်ကိုင်ပြီးသည်နှင့်

"ဟူး...တော်ပါသေးရဲ့ ဘယ်သူမှမသိလို့၊ ခစ်...ခစ် ခစ် ငါ့လုပ်ရပ်တွေကို သင်းများသိရင်တော့ ဘယ်လောက်များ ဒေါ်ပွလိုက်မလဲမသိဘူး၊ ကောင်းတယ် မှတ်ထား၊ အဲဒါမှ သင်း နောင်ကျဉ်မှာ၊ အင်း အဲဒါက အရေးမကြီးဘူး ငါလုပ်တာတွေ များ သိပ်လွန်သွားပြီလား၊ အို မလွန်ပါဘူးလေ သင်းတောင်မ ငါ့ကို ခြောင်ညာသေးတာပဲ၊ ခုလုပ်တာလောက်တော့ အသေးအဖွဲ ပါပဲ"

ပိုင် သူမကိုယ်သူမ အားပေးရင်း သူမလုပ်ရပ်များအတွက် ကျေနပ်နေတော့သည်။

ပိုင်ဆိုးနေသမျှကို သိအောင်လည်း အိမ်မှာဘယ်သူမှမရှိ။ အိမ်ဖော်မလေးနှင့် သူမသာရှိလေတော့ ပိုင့်အတွက် ဆိုးဖို့အခွင့် အရေး ပိုရနေစေသည်။

တကယ်တမ်း ပိုင်လုပ်ရပ်တွေကို မိဘနှစ်ပါးသာသိပါက





ဘယ်လောက်များ စိတ်ဆိုးလိုက်မည်မသိ။

သိလည်း ပိုင်ဆိုသည့် သူမက သိပ်ပြီးဂရုစိုက်သူတော့ ဖြင့် မဟုတ်ပါ။ တစ်အိမ်လုံး၏ ပိုင်းပြီးမြှောက်စားခြင်းကို ခံရသူ ဖြစ်. ပိုင်ဆိုးနေသည်က မဆန်း။

မိန်းကလေးတစ်ယောက်ဆိုပေမယ့် ကိုယ့်ကိုယ်ကို မိန်းက လေးဆိုတာကိုပင် ခပ်ခွေမေ့နှင့် ယောကျ်ားလေးတစ်ယောက်လို သူမစိတ်မှာ သူမထင်နေသူလည်းဖြစ်သည်။

ဒါကလည်း တကယ်တော့ သူမအပြစ်မဟုတ်ပါ။ ငယ်ငယ်ကတည်းက သူမကြီးပြင်းလာခဲ့ရသည့် ပုံစံကြောင့် ယခုလို မျိုး ဆိုးနေရခြင်းဖြစ်သည်။

မာမီသည် မမသဇင်ကို မွေးပြီးနောက် သားယောကျ်ား လေးရှူး ရူးနေခဲ့ရာ သမီးမိန်းကလေးဖြစ်သည့် ပိုင်ကို ထပ်မွေးပြန် တော့ မာမီသည် အားယုတ်သွားရာမှစပြီး ပိုင့်ကို သူမစိတ်ထဲ မှာထင်နေသည့် သားယောကျ်ားလေးပုံစံအတိုင်း ပုံစံသွင်းခဲ့သည်မို့ ပိုင်း ယခုလိုယောကျ်ားလေးစိတ်၊ ယောကျ်ားလေးဟန် ဖြစ်နေသည် မှာ မဆန်းတော့ပါပေ။



www.burmeseclassic.com

www.burmeseclassic.com

သူမကြီးလာတော့ မိဘတွေက သူတို့အရွားကို သူတို့သိကာ ဗိုင်အား မိန်းကလေးတစ်ယောက်အသွင် ပြောင်းပေးကြပေမယ့် ဗိုင်က ပြောင်း၍မရတော့ပါ။

ငယ်ငယ်ကတည်းက စွဲလာသည့်စိတ်က ဗိုင့်အတွက်ကြီးလာတော့ ဖြင်ရန်ခက်ခဲသွားခဲ့ရပြီဖြစ်သည်။

ဗိုင်သည် သူမလုပ်ချင်တာလုပ်၍ အားရသွားသည်နှင့် မောင်မောင်ကြီးအခန်းကို တစ်ချက်ပြုံးကြည့်လိုက်သည်။

အားလုံး သူနေရာနှင့်သူ ခြေရာလက်ရာမပျက်ရှိပြီဆိုမှ ဗိုင်သည်လည်း မောင်မောင်ကြီးအခန်းထဲမှ ထွက်လာခဲ့လိုက်သည်။

□ □ □



မျက်မှောင်ကြီး အစွမ်းကုန်တွန့်ကြုတ်ကာ မကျေမနပ်နှင့်တစ်စုံတစ်ရာရယ်ကို မကျေမချမ်းဖြစ်နေသူက မောင်မောင်ကြီး။

တကယ်တော့ မောင်မောင်ကြီး ထိုသို့စိတ်ဝယ်အလိုမကျမကျေမချမ်းဖြစ်နေရသည်ကလည်း အဖြစ်တော့မဆိုသာပါ။

သည်အဖြစ်တွေက သူ့အတွက် တစ်ရက်မဟုတ်သလိုနှစ်ရက်သုံးရက်လည်း မကတော့။

ပြောမည်ဆိုလည်း အချိန်တစ်ပတ်အတွင်းကိုပင် ရောက်ရှိခဲ့ရပြီဖြစ်သည်။

တစ်ပတ်ဆိုသည့် ဒီအချိန်အတွင်းမှာ မောင်မောင်ကြီးတစ်ယောက် ရင်ထဲတွင် နိုးလိုးခုလုနှင့် ဘယ်မှုအခံရခက်စေခဲ့ပါသလဲ။


www.burmeseclassic.com

www.burmeseclassic.com



ဒါကိုတော့ မောင်မောင်ကြီး သူကိုယ်သူသာ အသိဆုံး ဖြစ်ပါသည်။ ကြည့်လေ သူ့အနေနှင့် ဘယ်လောက်များ အံ့ ခက်စေရသည့်အဖြစ်များလဲဆိုတာ။

သူ့အခန်းသည် သူထားခဲ့သည့်အတိုင်း အားလုံး ခြေရာ လက်ရာမပျက်ဆိုပေမယ့် အဲ ပျက်နေရသည်က သူ့အဝတ်ဗီရိုထဲ သူ့အဝတ်အစားများပင် ဖြစ်သည်။

မောင်မောင်ကြီးသည် သူ့အခန်းကို ဘယ်တော့မှ သော့ ခတ်သွားလေ့မရှိသလို သူ့အဝတ်ဗီရိုကိုလည်း ဒီအတိုင်းပင် သော့ မခတ်ဘဲထားခဲ့တတ်သူဖြစ်သည်။

အဲ ခုတော့ ထိုသော့မခတ်ခြင်းက မောင်မောင်ကြီး ကောင်းကောင်းဒုက္ခရောက်စေရပြီ ဖြစ်သည်။

အစကတော့ မောင်မောင်ကြီးကိုယ်တိုင်က အမှုမဲ့အမှတ် နေခဲ့ပါသည်။ သို့သော် ထိုသို့ အမှုမဲ့အမှတ်မဲ့ နေရှိမရနိုင်တော့ သည့် ရက်တွေကလည်း တဖြည်းဖြည်းများလာခဲ့ရသည့် အခါ တော့ မောင်မောင်ကြီး ဒီတိုင်းနေ၍မရတော့။

အလုပ်ကပြန်လာလို့ ခဏနားပြီး ရေမိုးချိုးကာ အဝတ်



အစားလဲမည်လုပ်တိုင်း ဗီရိုထဲက သူ့အဝတ်အစားတွေက တစ်စုံ တစ်စုံ ပျောက်နေခဲ့သည်မှာ အမြဲလိုပင်ဖြစ်လာရသည်။ ရက်များဆက်လာကာ သူသတိထားမိလာတော့ မောင်မောင်ကြီး စဉ်းစားလာရပြီဖြစ်သည်။

တစ်ခန်းလုံးကို သော့မခတ်ဘဲ ထားခဲ့သည်မို့ ပျောက်ခြင်း ပျောက် အခန်းထဲရှိ တခြားအဖိုးတန်ပစ္စည်းများသာ ပျောက်သင့် သမယ့် ခုတော့ တခြားပစ္စည်းတွေက ဘာတစ်ခုမှ မပျောက်ဘဲ နှင့် သူ့အဝတ်ဗီရိုထဲက အဝတ်အစားတွေ ရွေးပျောက်နေရသည့် အဖြစ်။

သူ့အခန်းထဲ သူခိုးဝင်တယ်လို့ဆိုရအောင်လည်း တခြား အဖိုးရှိ ဘာပစ္စည်းမှမပျောက်ဘဲ သူ့အဝတ်အစားတွေသာ ရွေး ပျောက်နေရသည်။

မောင်မောင်ကြီး ဘယ်လိုပင် စဉ်းစားစဉ်းစား အဖြေက ပေါ်မလာ။

အိမ်မှာရှိသည့် လူအားလုံးကလည်း မိန်းမသားတွေ သာကျားသားဆိုလို့ အန်ကယ်တစ်ယောက်သာရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အဝတ်အစားပျောက်သည့်ကိစ္စတွင် အန်ကယ်လည်း မဖြစ်နိုင်ပေ။' ဒါဖြင့် တရားခံသည် ဘယ်သူဖြစ်နိုင်ပါသည်လဲ။

မောင်မောင်ကြီးမှာ ထိုအဖြစ်တွေအတွက် ရင်ဝယ်ရှုပ်ထွေး နောက်ကျိကာ စိတ်မှာ မခံချင်စိတ်တွေနှင့် ဒေါသတွေကလည်း ဘယ်သူ့အပေါ်ရယ်မသိ ဖြစ်မှန်းမသိ ဖြစ်နေရတော့သည်။

ခုလည်းကြည့် မောင်မောင်ကြီး အလုပ်က မောမောနှင့် ပြန်လာလို့ ဗီရိုကိုဖွင့်ကြည့်လိုက်သည်နှင့်…

"ဟိုက်…သွားပြန်ပြီကွာ"

ကိုယ့်နဖူးကို ကိုယ့်လက်နှင့် ဖျတ်ခနဲရိုက်ကာ မခံချင်စွာ မောင်မောင်ကြီးသည် မျက်မှောင်ကြီးတွန့်လျက် ဆိုလိုက်သည်။

မနက်ကမှ သူကိုယ်တိုင် မီးပူတိုက်ကာထားခဲ့ပါသည့် သူ့အင်္ကျီသည် ယခု ဗီရိုထဲတွင်မရှိတော့။

ဒါ ဘယ်နည်းနှင့်မှ ရိုးရိုးသားသားမဖြစ်နိုင်တော့။ တစ်ယောက်ယောက်၏ ကြံစည်မှုပင်ဖြစ်တော့သည်။ ထိုသူသည် ဘယ်သူပါလဲ။

ခက်ပြီ။ အိမ်မှာကလည်း လူစိမ်းဆို၍ ဘယ်သူတစ်ဦး





တစ်ယောက်မှမရှိ။ ဘာပဲဖြစ်ဖြစ် မောင်မောင်ကြီး ဒီတစ်ခါတော့ ဖြေရှာမပေးနိုင်တော့။

တရားခံ ဘယ်သူပဲဖြစ်နေပါစေ ထိုတရားခံကို သူ့အနေနှင့် ထောင်ဖမ်းရမည်သာ။

ကျိတ်မနိုင်ခဲမရ ခံရခက်သော အတွေးများနှင့် မောင်မောင်ကြီးသည် တရားခံကို လက်ပူးလက်ကြပ် ဖမ်းမိနိုင်ရန် ကြံစားလေတော့သည်။

ဒီနေ့တော့ဖြင့် မောင်မောင်ကြီးသည် တရားခံကို လက်ပူး လက်ကြပ် ဖမ်းမိရန်အတွက် အကောင်အထည် စဖော်လေတော့ သည်။

အလုပ်သွားချိန်ရောက်သည်နှင့် မောင်မောင်ကြီးသည် နေ့တိုင်းလိုပင် အလုပ်သို့ထွက်လာခဲ့လိုက်သည်။

မောင်မောင်ကြီးလိုပင် အစိုးရဝန်ထမ်းအရာရှိများဖြစ်သော [illegible]ဘာနှစ်ပါးသည်လည်း အလုပ်သို့သွားပြီဖြစ်သလို သစင်သည် [illegible]ည်း အလုပ်သို့သွားလေ၏။

"အိမ်မှာကျန်ခဲ့သူဆိုလို့ ပိုင်နှင့် အိမ်ဖော်မလေးသာရှိလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ပိုင်မှာ မောင်မောင်ကြီး အလုပ်သို့သွားသည်ကို သေချာကြည့်နေလိုက်သည်။

မောင်မောင်ကြီးပုံစံက မရွှင်မပျ။ ကြည့်ရတာ တစ်ခုခုအတွက် စိတ်ရှုပ်နေသလိုပင်။

မျက်နှာကြီးက တည်တင်းမှုန်တည်လျက် စိတ်မှာအလိုမကျ ခံစားနေရသလို။

ဟွန်း…ဖြစ်နေလိုက်တာ။ လူခွစာ သူ့ပစ္စည်းလေးပျောက်တာနဲ့ မျက်နှာကြီးက သုန်မှုန်ပြီး ရှစ်ခေါက်ချိုးနဲ့။ အဲဒီမျက်နှာထဲလက်သီးနဲ့ထိုးပစ်ဖို့ကောင်းတာ။

အလုပ်သို့ထွက်သွားသည့် မောင်မောင်ကြီး၏နောက်ကျောမြင့်မြင့်မားမားကြီးကို ကြည့်ပြီး ပိုင် သူ့မအခန်းထဲကနေ ထိုစကားများကို ဆိုနေခြင်းဖြစ်သည်။

ပိုင် မကျေမနပ်ဆိုနေသမျှ စကားများကို မောင်မောင်ကြီးသည် မသိပါ။

သူ့အတွေးထဲရှိနေသည်က သူ့အခန်းထဲက ပစ္စည်းများကိုခိုးယူနေသည့် တရားခံကို ဖမ်းမိရန်သာဖြစ်သည်။ ဒီနေ့တော့ဖြင့်သူခိုးကို လက်ပူးလက်ကြပ် အမိဖမ်းရတော့မည်ဟု အတွေးဖြင့်မောင်မောင်ကြီး ကျေနပ်ပြုံးတွေနှင့် ပြုံးမိသလို။

တစ်ဖက်က ပိုင်မှာလည်း ထုံးစံအတိုင်း အိမ်မှာ ဘယ်သူမှမရှိတော့ပြီမို့ သူမလုပ်နေကျလုပ်ငန်းကို စလေတော့သည်။

ထိုကားတခြားမဟုတ်။ မောင်မောင်ကြီးအခန်းထဲကပစ္စည်းများ ထုံးစံအတိုင်း ယူရန်ပင်ဖြစ်တော့၏။

ပိုင်သည် သူမလုပ်နေကျထုံးစံအတိုင်းပင် မောင်မောင်ကြီးအခန်းထဲရောက်သည်နှင့် အခန်းတံခါးကို ပြန်စေ့ထားလိုက်သည်။

သည်နောက် သူမခြေလှမ်းများက အဝတ်ဗီရိုကြီးဆီသို့။ ပိုင်သည် အဝတ်ဗီရိုကြီးကို ဖွင့်လိုက်သည်။

"ဟင်"

မျက်ခုံးလေးပင့်ကာ ပိုင် အံ့သြသွားရ၏။

ဘုရားရေ ဘယ်လိုဖြစ်တာပါလိမ့်။

လူခွစာ၏ အဝတ်အစားတွေ ဘယ်ရောက်ကုန်ပြီလဲ။

ပိုင်မှာ သူမထင်ထားသလို မောင်မောင်ကြီး အဝတ်ဗီရိုထဲတွင်



ဝို ဝို: ၀၁၀၀
ဝို . ဝို ၀၁၆၀

www.burmeseclassic.com

www.burmeseclassic.com



ဘာအဝတ်အစားမှ မတွေ့ရသောအခါ မျက်ခုံးလေး ကုပ်ကွေးသွားရသည်။

သူမထင်ထားသလို ဖြစ်မလာသောအခါ ပိုင် မျက်နှာလှလှလေးမှာ ရှုတင်းတင်းလေးဖြစ်သွားသည်။

"လူ့ခွစာကြီး…သူ့ပစ္စည်းတွေ နှမျောပြီး ဘယ်သွားထားလဲမသိဘူး"

ပါးစပ်မှ ပွစိပွစိပြောရင်း ပိုင်သည် အဝတ်ဗီရိုကြီးကို ပြန်အဖွင့်…

"ကဲ မင်းဘယ်ပြေးမလဲ"

"လာစမ်း"

"အမေ့"

"အို"

နောက်ပါးဆီမှ ရုတ်ခြည်းဆိုသလို ပိုင်ကိုယ်လုံးလေးအား ဖမ်းချုပ်ဆုပ်ကိုင်လိုက်သဖြင့် ပိုင်မှာ သူမကိုယ်သူမ မထိန်းနိုင်တော့ဘဲ အလဲလဲအပြိုပြိုနှင့်ပင် သူမတစ်ကိုယ်လုံး ရင်ခွင်ကျယ်ထွေးထွေးကြီးထဲသို့ ကျသွားရုံမက အရှိန်နှင့် နှစ်ဦးသား မထိန်းနိုင်တော့ဘဲ အနီးရှိ ခုတင်ကြီးပေါ်သို့ နှစ်ဦးသား ဖြိုးယိုင်ကျသွားရလေတော့သည်။





"အို…အို"

"ဖယ်…ဖယ်"

"လွှတ်"

"လွှတ်"

မှန်းကြပ်သွားရသော အတွေ့အထိများနှင့်အတူ သူမတစ်ကိုယ်လုံးကို တင်းကြပ်စွာ သိမ်းကျုံးပွေ့ဖက်ထားမှုတို့ကြောင့် ပိုင်မှာ ထိတ်လန့်ကြောက်ရွံ့မှုတွေနှင့် ရင်တစ်ခုလုံး နွေးလှုလှိုက်ဖိုသွားရသည်။

သည်နောက် တင်းကြပ်လွန်းသည့် အပွေ့အဖက်များကြားမှာ ပိုင်မှာ သူမကိုယ်လေးကို ရုတ်ရုန်းကန်ထွက်လိုက်သည်။

သို့ပေမယ့် အင်အားချင်းကမမျှပါပေ။

မြဲမြံစွာ ပွေ့ဖက်ထားသည့် တင်းကြပ်လွန်းသည့် အပွေ့အဖက်များကြားတွင် သူမကိုယ်လေးမှာ ရုန်းလေနစ်လေနှင့် ရင်ခွင်ကျယ်နွေးနွေးကြီးထဲတွင် သူမကိုယ်လေးမှာ လှုပ်မရပါပေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်စထက်တစ်စ ရင်ခွင်ကျယ်နွေးနွေးကြီးထဲတွင် နစ်မြုပ်မတတ်ရှိနေသော ပိုင်မှာ ရဲပနီမြန်းနေရသော မျက်နှာလေးနှင့် ကြောက်ရွံ့စိတ်၊ ရှက်ရွံ့စိတ်တွေ ပိုလာရပြီး…

"လွှတ်နော်…လွှတ်ဆိုတာ တယ်သူလဲ၊ ခင်ဗျား ဘယ်သူလဲ"

မျက်နှာလေးက ခပ်လွဲလွဲနှင့်ပင် သူမအား ချုပ်ကိုင်ထား သူသည် ဘယ်သူဆိုတာ မသိသေးသည့် ပိုင်မှာ သူမမျက်နှာလေးကို တည့်မတ်အောင် ကြိုးစားရင်းက မေးလိုက်သည်။

သူမမျက်နှာလေးသည် ထိုသူရှိရာသို့ တည့်မတ်သွားချိန်မှာတော့…

"ဟင်"

ပိုင်မှာ မထင်မှတ်သည့်လူကို တွေ့လိုက်ရသဖြင့် အံ့ဩသွားရသလို မျက်နှာလှလှလေးမှာလည်း ရှက်ရွံ့မှုတွေနှင့် ရဲတောက်သွားရသည်။

"ခင်ဗျား"

"ဘာလုပ်"





"အို"

ပိုင်အား စကားပြောခွင့်မပေးပါတော့။ ပိုင်မျက်နှာလေးထက်သို့ ကျရောက်လာသည့် မောင်မောင်ကြီးထံမှ အနမ်းများက သူမမျက်နှာလှလှလေးထက် သည်းသည်းလှုပ်။

ကြမ်းရှလိုက်ဖို့သော အနမ်းများနှင့် အတွေ့ထူးတို့အောက်တွင် ပိုင် ရုတ်ခြည်းတော့ အသက်ရှူများ မှားယွင်းသွားရလေသည်။

ယောကျ်ားလေးတစ်ယောက်လို ဘယ်လိုပင်နေပါစေ အပျိုစင် အပျိုသွေးလေးတစ်ယောက်မို့ ပိုင်တစ်သက် တစ်ခါမှ တွေ့ကြုံဘူးသော အတွေ့ထူးထူးအောက်တွင် ပိုင်ခမျာ အသိနှင့်ကိုယ် မကပ်နိုင်တော့သလို။

လူက ထူထူပူပူနှင့် မူးမေ့မေ့ပင် ဖြစ်ချင်သွားရသည်။

သို့ပေမယ့် ပိုင်ဆိုတာ အမြဲသတိရှိနေသည့် မိန်းကလေး။ ထိုက်ဖို့နွေးလှသော ခံစားမှုများကို ဖယ်ရှားရင်း ပိုင်အသိနှင့်ကိုယ် ကပ်အောင် ကြိုးစားလိုက်သည်။

သည်နောက် အင်အားရှိသမျှ မောင်မောင်ကြီးရင်ခွင်



www.burmeseclassic.com

www.burmeseclassic.com



ကျယ်အောက်မှာ သူမကိုယ်လေးကို ရှန်းထွက်ပစ်လိုက်ပြီး သူ့မျက်နှာလေးက သူ့ကိုမော့အကြည့်…

"အို"

ရှက်ရွံ့မှုတွေ ပါသွားရပြန်၏။

ပိုင်မှာ မျက်ဝန်းချင်းပင်ဆုံအောင် မကြည့်တော့ဘဲ ပြာသွားရသော မျက်ဝန်းလေးကို ယောင်ရမ်းကာ မှိတ်ချလိုက်လေသည်။

ပြီးနောက် တုန်ခါနေသောအသံလေးဖြင့်…

"ခင်ဗျား…ခင်ဗျားကြီး ဒါ ဒါဘာလုပ်တာလဲ၊ လွှတ်ကျွန်တော့်ကိုလွှတ်"

ရှက်စိတ်တွေနှင့် ပိုင့်အသံမှာ သိသိသာသာပင် တုန်ခါနေရသည်။ ရင်ထဲမှာလည်း လှုပ်ရှားမှုတွေက ဘာမြန်ဆန်သလားမမေးနှင့်။

သူ့ကိုယ်တိုင် သူမအား လက်ပူးလက်ကြပ်နှယ် မိသွားရသည်မို့ ပိုင်မှာ ဟန်မဆောင်နိုင်အောင် မျက်နှာလေးပျက်ရရှာတော့သည်။





ရှက်စိတ်၊ ကြောက်စိတ်တွေနှင့်မို့လည်း ပိုင် မျက်ဝန်းလေး မဖွင့်ပါလေတော့။

"ဟိတ်…ဒီမှာ တို့ကိုကြည့်ပါဦး"

ကြည့်ပါဦးတဲ့လေ။ ပိုင် ဘယ်လို သူ့မျက်နှာကို ကြည့်ရဲရှာတဲ့လဲ။ ပိုင်မှာ မျက်ဝန်းလေးအစုံကို ပို၍မှိတ်ပစ်လိုက်သည်။

မောင်မောင်ကြီးမှာ သူမအဖြစ်ကိုကြည့်ကာ ပို၍သဘောကျသွားရပြီး…

"ချာတိတ်…ဒီမှာ တို့ပြောတာ ကြားလား၊ တို့ကိုကြည့်စမ်းဆိုတာ"

"ဟင့်အင်း…ဟင့်အင်း"

ပိုင် ရှက်ရှက်နှင့် ခေါင်းခါပစ်လိုက်သည်။

ထိုအခါ မောင်မောင်ကြီးမှာ သူမ၏ကလေးဆန်မှုအတွက် နှစ်မြို့ကျမြို့ကျကြီး ပြုံးလိုက်ကာ…

"အဟွန်း…ဟွန်း…ဟွန်း ကြည့်ပါဦး ကွာ တို့ကအိပ်ခန်းထဲဝင်တာ ဘယ်သူများလဲလို့ တခြားတစ်ယောက်ထင်နေတာ ဟုတ်မှမဟုတ်ဘဲ ချာတိတ်ဖြစ်နေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



ပိုင် အသက်မရှူရဲပါတော့။ ရှက်လွန်းသဖြင့် နေရာမှာတင် လဲသေပစ်လိုက်ချင်ပါသည်။ ပိုင်အဖြစ်က ရှက်၍သေဖို့သာကောင်းတော့သည့်အဖြစ်။

ရှက်စိတ်တွေနှင့် မျက်ရည်များ ရစ်ဝဲလာရသောပိုင်မျက်ဝန်းမှ မျက်ရည်စတွေက ပါးပြင်ထက် တစ်ပေါက်ချင်းလိမ့်ဆင်းကျလာလေသည်။

"ဟာ…ဟိတ် ချာတိတ်မငိုနဲ့လေကွာ"

"အို…ဖယ်ပါ"

"လွှတ်…ကျွန်တော့်ကိုလွှတ်ဆိုတာ"

သူမပါးပြင်ထက်မှ မျက်ရည်စများကို သူ့ပါးပြင်ချောချောနှင့် ဖယ်ရှားပွတ်သတ်လာတော့ ပိုင်မျက်နှာလေး ရဲဝသွားပြီး သူ့လက်မှရုန်းထွက်ဖို့ ကြိုးစားလိုက်သည်။

မောင်မောင်ကြီးမှာ ဒါကိုသိပါသည်။ သိ၍လည်းပိုင်ကိုယ်လေးကို လွှတ်မပေးဘဲ သူ့လက်အစုံနှင့် တင်းတင်းကြီးပွေ့ဖက်ထားလိုက်ပြီး…

"ချာတိတ်"



"ဟင့်အင်း"

သူမမျက်နှာလေးထက် ဝဲကဝဲလာသော မောင်မောင်ကြီး[illegible]မှာကို ဖယ်ရှားတိမ်းရှောင်လိုက်ရင်း ပိုင်သည် အင်အားရှိသမျှ[illegible]ခွင်ထဲက ရုန်းထွက်ကာ သူ့အနားက ထွက်ပြေးမည်အပြု…

"ချာတိတ်ရယ်"

"အို"

ခေါင်းချော်သံနှင့်အတူ ပိုင်ကိုယ်လေးမှာ မောင်မောင်[illegible]ရင်ခွင်ထဲ ထွေးခနဲ ပစ်ကျသွားရပြန်လေ၏။

"မောင်မောင်ကြီး…ခင်ဗျားနော် လွှတ်"

"ဒါက ဘယ်သွားမလို့လဲ"

"ဟို…ကျွန်တော့်ဘာသာ ဘယ်သွားသွား ခင်ဗျား[illegible]ပ်လား"

"အပွန်း…မင်းပြောတာ အရင်ကမဟုတ်ပေမယ့် အခု[illegible]သွားပြီ"

"ဟင်"

သူ့စကားကို ပိုင်သည် နားမလည်သလို မျက်ဝန်းလေး

www.burmeseclassic.com

www.burmeseclassic.com



ဖြူးကာ ကြည့်လိုက်တော့ မောင်မောင်ကြီးမှာ ကြည်ကြည်
သော မျက်ဝန်းတွေနှင့် ပိုင့်အား တရှိုက်မက်မက်ငေးစိုက်ကြည့်
ပြီး…

"ချာတိတ်"

ပိုင်မထူး။ ကြည်စင်တောက်ပသော မျက်ဝန်းပြာကြီး
သာ အကြည့်လွဲလျက် ငြိမ်သက်နေလေသည်။

သူမ၏ ထိုပုံစံက မောင်မောင်ကြီးကို မချင့်မရဲဖြစ်စေ
လေသည်။

မချင့်မရဲစိတ်တွေနှင့် မောင်မောင်ကြီးသည် ပိုင့်ကိုယ်
အား ဖျစ်ညှစ်လိုက်တော့…

"ခင်ဗျားနော်"

"ပိုင်"

"ဖယ်…ကျွန်တော်သွားမယ်"

"မသွားရဘူး"

"ဘာဗျ"

"ပိုင့်ကို မောင့်အနားက သွားခွင့်မပြုနိုင်သေးဘူး



ဘုရားရေ။

ပိုင် မျက်ဝန်းဖြူးကျယ်ကာ ထိတ်လန့်သွားရသည်။

မောင်မောင်ကြီး ဒီလူ သူမကို ဘာတွေပြောနေသည်လဲ။

သေချာသည်ကတော့ သူ့စကားတွေသည် သူမအတွက်
သွေးဖျက်ထိတ်လန့်ချင်စရာပင် ဖြစ်တော့သည်။

"ပိုင်"

"ခင်ဗျားနော်…ခင်ဗျား ကျွန်တော့်ကို ဘာလုပ်မလို့လဲ၊
သွား သွား ခင်ဗျား ကျွန်တော့်အနားက ထွက်သွား"

ရှန်းထွက်လို့မရဝေမယ့် ပိုင်သည် သူ့လက်တွင်းက ရုန်း
သမျှ ရှန်းထွက်ကာ မျက်နှာရဲရဲလေးနှင့် ပြောလိုက်သည်။

မောင်မောင်ကြီးမှာ ရှုးရှတောက်ပသော မျက်ဝန်းစိုစို ရှူးရှူး
သက်လက်ကြီးတွေနှင့် ပိုင့်အား စိုက်ကြည့်လာပြီး…

"မောင့်စကားကို ပိုင် သေချာနားထောင်ပါ၊ ပိုင့်ကို
မောင်ချစ်တယ်"

"ဗျာ"

အံ့ဩလွန်းသဖြင့် ပိုင် ကျောက်ရုပ်တစ်ရုပ်လို ဖြစ်သွားရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့ထံက သူမလုံးဝမထင်ထားသည့်စကား။

မောင်မောင်ကြီး သူမကိုချစ်သည်တဲ့လား။

ပိုင်မှာ ကြောက်ရိပ်ပိုင်းသော မျက်ဝန်းကြီးတွေနှင့် မောင်မောင်ကြီးအား ဖျတ်ခနဲ မော့ကြည့်လိုက်သည်။

ထိုအခါ မောင်မောင်ကြီးနှင့် မထင်မှတ်ဘဲ အကြည့်ချင်း ဆုံသွားရသည်။

တဒိတ်ဒိတ်ခုန်သွားရသော ရင်ခုန်သံတွေနှင့်အတူ ပိုင် သည် သူမအကြည့်များကို လွှဲလိုက်ရင်း…

"ခင်ဗျား…ခင်ဗျား ဘာတွေပြောနေတာလဲ"

ချစ်ရိပ်ပြည့်နေသော အကြည့်တွေနှင့် မျက်ဝန်းထဲ ရှောင်ဖယ်ရင်း ပိုင်ပြောလိုက်တော့ မောင်မောင်ကြီးမှာ ချစ် အပေါ် အချစ်ပိုတိုးသွားရပြီး…

"မောင်ပြောနေတာ ပိုင့်ကိုချစ်တဲ့အကြောင်းတွေ တကယ်ပါပိုင် မောင် ပိုင့်ကိုချစ်တယ်၊ သိပ်ချစ်တယ်"

"ဟင့်အင်း…ဟင့်အင်း"

"အို…အို"



"မောင်မောင်ကြီး"

"ခင်ဗျား"

အနမ်းကြမ်းတွေ သူမမျက်နှာလေးထက် ရောက်ရှိလာရ ပြန်သည်။ ဒီတစ်ခါ အနမ်းတွေက သူမရင်ထဲ နှလုံးသားထဲ ရောက်သွားရသည့်အထိပင်။

အနမ်းတွေ အတန်ကြာရှည်ကြာသွားရသည့်နှင့်…

"ပိုင် မောင့်ကိုပြောစမ်း၊ ဘာကြောင့် ပိုင် အခုလိုလုပ်ရ တယ်ဆိုတာ"

နှုတ်ခမ်းဖူးဖူးရှလေးကို ပိုင် တင်းတင်းရေဖိလိုက်လေ သည်။ သည်နောက် တင်းမာသောလေသံလေးဖြင့်…

"မုန်းလို့"

"ဘာ"

"မုန်းလို့…ခင်ဗျားကြီးကို သိပ်မုန်းလို့"

မောင်မောင်ကြီး၏ ထူထဲသော မျက်ခုံးနှစ်ဖက်သည် အလယ်သို့ရောက်မတတ် ထိဆက်သွားရသည်။

"မောင့်ကိုမုန်းလို့ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



သူမစကားကို နားမလည်သလို မောင်မောင်ကြီး ထပ်မေး လိုက်သည်။

ပိုင်မှာ မျက်တောင်ရှည်ကြီးကို စင်းချလိုက်ပြီး…

"ဟုတ်တယ်၊ ခင်ဗျားကိုမုန်းလို့"

"အဟွန်း…ပြောစမ်းပါဦးဗျာ မောင့်ကို ပိုင် ဘာကြောင့် မုန်းရတာလဲဆိုတာ"

မျက်ဝန်းစူးစူးတောက်တောက်လေးက ဖျတ်ခနဲ သူ့ထံကို ရောက်ရှိလာရပြီး…

"ခင်ဗျား ကျွန်တော့်ကို ဘယ်လိုလိမ်ညာခဲ့လဲ"

"ဘာရယ်…မောင်က ပိုင့်ကို လိမ်ညာခဲ့တယ်"

"ခင်ဗျား ဘာအခုမှ မေ့ချင်ယောင်ဆောင်နေရတာလဲ၊ ကိုယ့်ကိုယ်ကို ဒရိုင်ဘာတစ်ယောက်ပါလား ခင်ဗျားလိမ်ညာခဲ့တာ မေ့နေပြီလား"

"အင်း…မေ့နေပြီ"

"ခင်ဗျားနော်"

ပိုင်မှာ သူ့စကားကြောင့် ရှူးရှူးရှားရှား ဖြစ်သွားရသည်





…မောင်မောင်ကြီး အပြုံးနှင့် စိုက်ကြည့်ပြီး…

"အဟွန်း…အလကားစတာပါဗျာ၊ ကြည့်စမ်း ပိုင်က …ကို ဒါကြောင့်မုန်းနေတာပေါ့ ဟုတ်လား"

"ညာတဲ့လူဆို ကျွန်တော်မုန်းတယ်"

"ကောင်းပြီ၊ ဒါဆို နောက်မောင်မညာတော့ဘူးဆိုရင် …"

"အို"

သူ့စကားက ဘာလိုလိုနဲ့ ပိုင်မျက်နှာလေး ရဲပသွားရ …။

"ခင်ဗျား…ခင်ဗျား ဘာပြောတာလဲ"

"နောက်မညာတော့ဘူးဆို ပိုင် မောင့်ကိုချစ်မှာလား …တော"

ပိုင့်ရင်ခုန်သံတွေမြန်ပြီးရင်း မြန်နေရတော့သည်။

…မောင်ကြီး ဒီလူကို သူမ ဒီလောက်ထိ စကားတတ်လိမ့်မည် …ထင်ခဲ့ပါ။

ခုတော့ သူမအထင်နှင့် တခြားစီ စကားတွေတတ်နေပါ



www.burmeseclassic.com

www.burmeseclassic.com



ရောလား။ ပိုင် သူ့မျက်နှာချောချောကြီးကို မကြည့်ရဲတော့။

ရင်ခုန်စိတ်လှုပ်ရှားခြင်းတွေနှင့်သာ ရှိနေသော ပိုင် ကြာရှ ခက်ရချည်ရဲ့ဟူသော ရှက်စိတ်ဖြာသော အတွေးလေးနှင့် သူ ကိုယ်လေး သူ့ရင်ခွင်ထဲကသာ ဖွတ်တိုးရုန်းထွက်နေမိတော့သည်။

သူမရုန်းလေ မောင်မောင်ကြီးမှာ တိုးဖက်လေမို့ ပိုင် မျက်နှာလေး မှဲ့နေရပြီဖြစ်သည်။

မောင်မောင်ကြီးမှာ ကြည်စင်သော မျက်နှာလေးနှင့် အ တွေပိုင်ဆိုင်ထားသော ပိုင်၏ ဖူးဥနုထွေးဝင်းမွတ်နေရသော အ များကို ရင်သိမ့်တုန်စွာ တစိမ့်စိမ့်ကြည့်ရင်း ရင်တွေခုန်နေရ ဖြစ်သည်။

ချစ်လိုက်တာ။ သိပ်ချစ်တာပဲဆိုသည့် စကားများကို ရင် အခါခါဆိုဖြစ်သလို နှုတ်ကလည်း ဖွင့်မပြောဘဲမနေနိုင်စွာ။

"သိပ်ချစ်တာပဲပိုင်ရယ်၊ အရမ်းချစ်တာပဲ၊ ချစ်တယ်မှာ"

"ချစ်တယ်"

နူးညံ့သောချစ်စကားတွေနှင့်အတူ မောင်မောင်ကြီးသည် သူ့ရင်ထဲက ပေါက်ကွဲလာသည့် ချစ်စိတ်များကို မထိန်းချုပ်နိုင်





တော့သလို ပိုင်ကိုယ်နွေးနွေးအိအိလေးကို သူ့ရင်ခွင်ကျယ်ကြီးထဲ ခပ်တင်းတင်းသိုင်းပွေ့ဖက်ထားလိုက်ရုံမက ညင်သာနူးညံ့သည့် အနမ်းများကလည်း ပိုင့်မျက်နှာလှလှလေးထက်မှတစ်ဆင့် ပိုင် တစ်ကိုယ်လုံးအနှံ့ ကျရောက်နေရတော့သည်။

"အို…မောင်မောင်ကြီး ဘာလုပ်၊ အို လွှတ်ပါ၊ လွှတ်ဆို"

ငြင်းဆန်သံဆိုနေသည့် ပိုင့်နှုတ်ခမ်းလေးနှစ်လွှာကို မောင်မောင်ကြီးသည် နွေးထွေးနူးညံ့စွာ ပိတ်လိုက်လေသည်။

"မောင့်ကိုခွင့်လွှတ်ပါ ပိုင်ရယ်၊ မောင် ပိုင့်ကို လိမ်ညာခဲ့ တာမဟုတ်ပါဘူး၊ ပိုင့်ကို ချစ်စနိုးနဲ့ မောင်စခဲ့နောက်ခဲ့မိတာပါ၊ အဲဒီအတွက် ပိုင်ကျေနပ်အောင် မောင်ဘယ်လိုတောင်းပန်ရမလဲ ပြော၊ အားလုံး ပိုင်ကျေနပ်တဲ့အထိ ဖြစ်စေရမယ်၊ ပိုင့်ဘက်က မောင့်ကိုချစ်ဖို့ပဲလိုတယ်"

သူ့စကားကြောင့် ပိုင် မျက်နှာလေး နီမြန်းသွားရ၏။

သည်လူတော့ သေတော့မှာပဲ။ သူမကို ဘာစကားတွေ လာပြောနေတာပါလိမ့်။ ပိုင် မုန်းမုန်းနှင့် မောင်မောင်ကြီးအား



www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းထိုးလိုက်သည်။

"ဟေး...ဘာလို့ တို့ကို မျက်စောင်းထိုးရတာလဲကွ၊ ပိုင့်ရဲ့ အဲဒီမျက်စောင်းလေးက မောင့်ရင်ကို ဘယ်လောက်ထိသွားတယ်မှတ်လဲ၊ အဟွန်း ပိုင်ရယ် သိပ်ချစ်တာပဲဗျာ"

ပြောရင်းက ပိုင်ကိုယ်လေးကို ဖျစ်ညှစ်လိုက်ပါနဲ့ပြင်တော့ ပိုင်သည် သူမကိုယ်လေးကို ရှောင်ထွက်လိုက်ပြီး...

"ခင်ဗျား...ခင်ဗျား ကျွန်တော့်ကို ဘာထင်နေလို့ ဒီစကားတွေပြောနေရတာလဲ၊ ဖယ် ကျွန်တော်သွားမယ်၊ ခင်ဗျားအပြုအမူတွေ သိပ်လွန်နေပြီဆိုတာ ကိုယ့်ကိုယ်လည်း သတိထားဦး"

မျက်နှာလှလှလေးကို အစွမ်းကုန်ရှုတင်းကာ ရဲတောက်နေသော မျက်နှာလေးနှင့် ပိုင်သည် ပြောပြီး သူ့အားရှောင်ကွင်းကာ အခန်းထဲမှထွက်သွားရန်အပြင်...

"ပိုင်"

"ဟာ...ခင်ဗျား"

"ကဲ"

"ဟာ...ဟိတ်"





အဖြစ်အပျက်လေးတွေက မြန်ဆန်သွားရသည်။ ောင်မောင်ကြီးမှာ သူ့အနားက ထွက်ခွာရန်ပြင်နေသည့် ပိုင့်လက်းကိုအဆွဲ ပိုင်ကလည်း သူမအပေါ် ဒီလိုမျိုး ပိုင်စိုးပိုင်နင်းရပါ့မလားဆိုကာ မောင်မောင်ကြီးအား သူမလက်သီးဆုပ်လေးနှင့် ယောကျ်ားလေးဆန်ဆန် လှမ်း၍အထိုး မောင်မောင်ကြီးမှာင်တိမ်းလိုက်ကာ...

"ပိုင်ရယ်...ဘယ်လိုလုပ်လိုက်တာလဲကွာ၊ ပိုင့်ကိုချစ်တဲ့ယောက်ကို ပိုင် ဒီလိုပဲလုပ်ရလားကွာ"

"ဘာချစ်တဲ့လူလဲ၊ ခင်ဗျားကြီးနော် စကားကို ဆင်ခြင် ခင်ဗျားအခုပြောနေတာ ဘယ်သူလဲဆိုတာရောသိရဲ့လား"

"ဟောဗျာ...သိတာပေါ့ဗျာ၊ သိတာမှ မောင်သိပ်ချစ်တဲ့ကို မောင့်ရင်ထဲမှာ စွဲနေအောင်ကိုသိတာ"

"ဟာ...တော်...တော် ခင်ဗျား ကျွန်တော်ပြောတာမဟုတ်ဘူး၊ ခင်ဗျား ခင်ဗျား တော်ဗျာ"

အပြုံးလွန့်လွန့်နှင့် အတည်ပေါက်ကြီးပြောလိုက်သည့် ောင်ကြီး၏ ချစ်စကားတွေက အပျိုစင် အပျိုရိုင်းလေး



www.burmeseclassic.com

www.burmeseclassic.com



ပိုင့်ကို တုန်လှုပ်သွားစေရသည်။

"ပိုင် ပြောစမ်းပါ၊ မောင့်ကို ခုလိုမျိုးဒုက္ခပေးတာ ပိုင် ကျေနပ်သွားပြီလားဆိုတာ"

"မကျေနပ်ဘူး"

"ဘာဖြစ်လို့လဲ"

ဘာဖြစ်ရမှာလဲ ခင်ဗျားမို့ ဒီစကားမေးရတယ်ဆိုသည့် စကားကိုတော့ ပိုင် ဖွင့်မပြောရဲတော့ပါ။ ဒီလိုကိစ္စမျိုးနှင့် ပတ်သက်တာ ပြောရန်သတ္တိလည်း သူမတွင်မရှိ။ အပျိုစင်နုနုထွေးလေး တစ်ယောက်အနေနှင့် သူ့ရှေ့မှာ ဒီလိုစကားမျိုး သူမဘယ်လိုပြော ရဲပါ့မည်လဲလေ။

သို့ပေမယ့် သူမရင်ထဲမှာတော့ မောင်မောင်ကြီးဆိုသည့် ဒီလူ့အပေါ် နည်းနည်းမှ မကျေနပ်ပါ။

ကိုယ်က ယောကျ်ားတစ်ယောက်လို ပြုမူပြောဆိုနေတိုင်း သည်ဆိုပေမယ့် ပိုင် ဘဝတစ်သက်မှာ ဘယ်သူစိမ်းယောကျ်ား လေးတစ်ယောက်နဲ့မှ ရင်းနှီးစွာ ပြောဆိုပြုမူနေထိုင်ခဲ့ခြင်းမရှိ။

ယုတ်စွအဆုံး သူမသိပ်ခင်ပါသည်ဆိုတဲ့ ငယ်သူငယ်ချင်း





မျိုးနောင်နှင့်ပင် ပိုင် ရင်းရင်းနှီးနှီးမနေဖြစ်ခဲ့။

ခုတော့ မောင်မောင်ကြီးဆိုသည့် သူနှင့်တွေ့မှ ပိုင် အပျိုစင်လေးခမျာ သူ့ရင်ခွင် သူ့အနမ်းကြမ်းများအောက်မှာ မရှန်းသာ လွန့်သာနှင့် တစ်ကိုယ်လုံး မွှန်းကြပ်ခဲ့ရသည့်အဖြစ်။

သူစိတ်ရှိတိုင်း ပြုမူနမ်းရှိုက်ခဲ့သမျှ ပိုင်မှာ သူ့ရင်ခွင်ထဲတွင် လွန့်လူးရုန်းထွက်၍ မရနိုင်ခဲ့။

ထိုအဖြစ်က ပိုင်နှလုံးသားနုနုကို အပ်အစင်းပေါင်းများစွာနှင့် အထိုးဆွခံရသလို နာကျင်ခဲ့ရဖြန်သည်။

သူမအဖြစ်က သူ့လက်ခုပ်ထဲကရေလို ဖြစ်နေရသည့် အဖြစ်။ ခုချိန် သူမအတွက် ကယ်သူကလည်း ဝေးနေခဲ့ရပြီ။

ရင်မှာ နာကျင်ခြင်း၊ ခံပြင်းခြင်းတွေ ပြည့်နေပေမယ့် သူ့အနားက သူမရှောင်ထွက်ဖို့လည်း မလွယ်ကူပြန်။

ရင်ထဲမှာတော့ သူ့အပေါ် အမုန်းပွားနှင့်။

"ပိုင်...မောင့်ကို စကားပြောပါဦး"

"အို...ကျွန်တော်က ဘာပြောရမှာလဲ"

"ပိုင့်ဘက်က မောင့်ကို ပြောစရာစကားမရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း…မရှိဘူး"

"အဟွန်း..ကောင်းပြီလေ၊ ပိုင့်ဘက်က မရှိရင် မောင်

ပြောတာပဲ၊ ပိုင် နားထောင်တော့"

"ဟင်"

ပိုင့်ကိုယ်လေး ဆတ်ခနဲ တွန့်တုန်သွားရသည်။ မောင်

မောင်ကြီး သူမကို ဘာစကားတွေများ ပြောဦးမလို့ပါလိမ့်။

သူ ပိုက်ကွန်ထဲကို တိုးဝင်မိတဲ့ သူမအမှားမို့ ပိုင်သည်

ကြောက်ရိပ်ဝိုင်းသော မျက်ဝန်းများနှင့် မောင်မောင်ကြီးကို ကြ

လိုက်တော့ မောင်မောင်ကြီးမှာ သူမအကြည့်ကို သဘောကျသွ

ရသလို နှုတ်ခမ်းထောင့်စွန်းကို ခပ်ကွေးကွေးဖြစ်အောင် ပြုံးလို

ရင်း

"ပိုင်ကြည့်ရတာ မောင့်ကိုကြောက်နေသလိုပဲ၊ ဟုတ်လား

ပိုင် မောင့်ကိုကြောက်နေတာလား"

"ခင်ဗျား ကျွန်တော့်ကို ဘာမှမမေးပါနဲ့၊ ကျွန်တေ

သွားပါရစေတော့"

"ပိုင်လို့ မောင် လုံးဝထင်မထားခဲ့ဘူး၊ မောင်





မောင့်အခန်းထဲကို ဝင်ခဲ့သူဟာ တခြားတစ်ယောက်လို့ ထင်ထား

တာ၊ အဟွန်း…ဒါပေမဲ့ မထင်မှတ်ဘဲ ပိုင်ဖြစ်နေတော့ မောင်

အံ့သြရပြန်ရော"

ကိုယ့်အပြစ်နှင့်ကိုယ်မို့ ပိုင် မျက်နှာရဲရဲလေးနှင့် စကား

ပြန်မပြောရဲအောင် ရှိနေရသည်။

ရဲပနေသော မျက်နှာလေးနှင့် အရှက်လွန်နေရသော ချစ်သူ

လေး၏ ရှက်သွေးဖြာနေဟန်ကို မောင်မောင်ကြီး ချစ်ခြင်းများစွာ

နှင့် ကြည့်ရင်း

"ပိုင်ရယ်…သိပ်ချစ်တယ်ဗျာ၊ ခေါင်းက ဘာလို့ငုံ့ထား

ရတာလဲ၊ မော့စမ်းပါဦး၊ ပိုင့်မျက်နှာလှလှလေးကို မောင် ကြည့်

ပါရစေ"

ပြောလည်းပြော သူမမျက်နှာလေးကို အတင်းဆွဲမော့နေ

သော ပိုင်သည် ရှက်ရှက်နှင့် သူ့လက်များ ဖယ်ရှားပုတ်ထုတ်

ပစ်လိုက်သည်။

"လက်ကြီးက ဖယ်စမ်းပါ၊ ဒါ ခင်ဗျား ကျွန်တော့်ကို

အနိုင်ကျင့်နေတာပဲ"



www.burmeseclassic.com

"ဟာကွာ…ပြောတော့မယ် ဘယ်နှယ့် မောင်က ပိုင့်ကို အနိုင်ကျင့်ရမှာလဲ၊ ပိုင့်ကို အနိုင်ကျင့်ဖို့ဆိုတာ မောင် စိတ်ကူးထဲမှာတောင် မရှိဘူး၊ မောင့်စိတ်ကူးထဲမှာရှိနေတာ ပိုင့်ကိုချစ်ဖို့ပဲ"

"အို"

အပြောရဲသလောက် အကြည့်ရဲလွန်းသော လူ့ခွစာကို ပိုင် လျှော့မတွက်ရဲတော့ပါ။ လူကြည့်တော့ ရိုးပုံရိုးလက်နှင့် ရှိသည့်လူက ခုတော့လည်း ချစ်စကားအနအရွလေးတွေကို ပြောတတ်လွန်းသည်မှာ လူ့ခွစာမှ ဟုတ်ပါလေစပင်။

ရင်မှာ အတွေးစကားတွေသာ ဆိုဖြစ်နေပေမယ့် လက်တွေ့မှာမူ ပိုင် ရှက်စိပ်တွေနှင့် တုတ်တုတ်မျှမလှုပ်ရဲ။

"မောင့်ရဲ့ပိုင်"

ပါးပြင်နုနုနားကပ်ကာ ခေါ်လိုက်သည့် သူ့စကားသံကြောင့် ပိုင်တစ်ကိုယ်လုံး ကြက်သီးလေးများပင် ထသွားရသည်။

"ခင်ဗျားနော်…ဘယ်လိုခေါ်လိုက်တာလဲ"

"အပျွန်း မောင့်ရဲ့ပိုင်လို့လေ"

ဗိုး ၊ မိုး ၊ ၁၁၄၀



"တော် …. ခင်ဗျား ကျွန်တော့်ကို ဒီလိုခေါ်စရာ လိုပါဘူး၊ ခင်ဗျားနဲ့ ကျွန်တော်က ဘာပတ်သက်လို့လဲ"

မျက်နှာရဲရဲလေးနှင့် ပိုင်ရန်တွေ့ပစ်လိုက်သည်။ မောင်မောင်ကြီးကတော့ အပြုံးမပျက်။

"မောင့်ဘက်ကပိုင်ကို ပတ်သက်နေပြီလေ"

"ဟာဗျာ … ခင်ဗျား … သွား"

သွားဆိုပေမယ့် သူ့ကိုယ်ကြီးက သူမနားက မရွှေ့ပါ။ …ငြ်သာ သူ့ရင်ခွင်ထဲကလည်း ရုန်းထွက်မရ။ ရှက်ဒေါသတွေက …ည်း ဖြစ်ရနှင့် ဖောချွေးလေးများပျံလာရသည်။

"ပြောစမ်းပါဦး မောင့်အထက်အစားတွေယူပြီး ပိုင်ဘာ…ုပ်လဲဆိုတာ"

"ဟင်"

ကိုယ့်အပြစ်နှင့်ကိုယ်ဆိုကာ ရှက်ဒေါသတွေဖြစ်နေပါသည် …ာမှ ဒီစကားစကိုပင် ထပ်ပြီးမေးနေသော မောင်မောင်ကြီးကို … ဒေါသဖြစ်ဖြစ်နှင့် ဘာစကားမှ မပြောဖြစ်တော့ပါ။

သူမဒီလို ငြိမ်နေပြန်တော့လည်း မောင်မောင်ကြီးမှာ အရေး

ဗိုး ၊ မိုး ၊ ၁၁၄၀

www.burmeseclassic.com



ရခက်နေသလို မချင့်မရဲစိတ်နှင့် ပိုင့်ကိုယ်လေးကို တိုးညှစ်ဖေ
လိုက်ပြီး-

"ပိုင် မောင်မေးနေတယ်လေ"

"ဘာလဲ"

"ပိုင် ဘာအကြံရှိလို့ မောင့်ကို ဒီလိုလုပ်ရတာလဲဆိုတာ

"ဒီမှာ မောင်မောင်ကြီး"

"ဗျာ"

"ခင်ဗျားစကားပြောတာ ဆင်ခြင်ပြောပါ"

"မောင်က ဘာလို့ဆင်ခြင်ပြောရမှာလဲ"

"အခုလိုမျိုး မောင် မောင်လို့ ပြောနေတာမျိုးကိုပေ

"ဟောဗျာ"

"အဟွန်း ... ဟွန်း ... ဟွန်း"

"ခင်ဗျားနော် မရယ်နဲ့"

"လွှတ်"

ပိုင်မှာ သူမစကားကို ဒီလိုရယ်ရပါ့မလားဆိုကာ

မလဲ ရှက်စိတ်တိုတိုနှင့် မောင်မောင်ကြီး ရင်ဘတ်ကို သူမလေ





ဆုပ်နနလေးများနှင့် ထုရိုက်ပစ်လိုက်သည်။

"ဟာ .. ပိုင်တာလို့ လုံ့ကိုရိုက်ရတာလဲကွ၊ မောင့်
အဝတ်အစားတွေကို မောင် မသိအောင် ယူတာကပိုင်လေးကွာ"

"မောင်မောင်ကြီး"

ရှက်ဒေါသတွေနှင့် ပိုင်စိတ်တို့မှာ အော်ပစ်လိုက်သည်။
ဒီလိုဆိုပြန်တော့လည်း မောင်မောင်ကြီးမှာ ငြိမ်သွားလေသည်။

သူငြိမ်သွားပေမယ့် ပိုင်ဒေါသတွေကတော့ မငြိမ်သေး
ပါ။ ဘာမဆိုင် ညာမဆိုင်နှင့် သူမကိုချစ်သူရည်းစားတစ်ယောက်
သို့ ပိုင်နိုးပိုင်နင်း ဆက်ဆံရပါ့မလားဆိုသော မခံချင်စိတ် ရှက်ဒေါသ
တွေနှင့် မောင်မောင်ကြီး ရင်ဘတ်ကြီးကို သူမလက်လေးနှင့်
အားထည့်ကာ တွန်းထုတ်ပစ်လိုက်သည်။

"အင့်"

"ဖယ် ... လွှတ်"

"မင်းမသွားရဘူး"

"နေဦးဆို"

"အို"

www.burmeseclassic.com



"မောင့်ကို ပိုင် စိတ်ဆိုးသွားပြီလား"

"ဘာတွေမေးနေတာလဲ၊ မသိဘူး"

"ပိုင်နော် ... မောင့်ကို အသည်းယားအောင် မလုပ်နဲ့ မောင် မေးတာဖြေ"

မောင်မောင်ကြီးမှာ သူမေးတာ မဖြေရပါ့မလားဆိုတာ သူကပြန်၍ ဒေါသတွေနှင့် ရှုးရှူးရှားရှားဖြစ်နေတော့သည်။

ဒါကိုပင် ပိုင်မှာ အမြင်ကပ်စွာ

"ခင်များကို စိတ်ဆိုးမုန်းရုံတင်မကဘူး တစ်ခါတည်း သတ်ပစ်ချင်တယ် သိလား"

သည်တစ်ခါတော့ဖြင့် ပိုင်သည်လည်း အညှိုးမခံပါ... သူမစိတ်ထဲရှိသမျှ စကားများပြောပြီးသည်နှင့် မောင်မောင်ကြီး ကိုယ်ကြီးကို တွန်းထုတ်ကာ အခန်းထဲမှ အပြေးလေး ထွက်လာ ခဲ့ပါတော့သည်။

□ □ □

## အခန်း (၄)

စိတ်မှာမရိုးမရွနှင့် လူကို အခံရခက်စေသည့် စေတနာဆိုတာ ဒီလိုမျိုး ခံစားချက်ကိုများ ပြောသည်လား မသိတော့ပါ။ ထိုလိုပဲဖြစ်ပါစေ မောင်မောင်ကြီးရင်ထဲမှာ ထိုခံစားမှုမျိုးခံစား ရသည်ကတော့ အမှန်ပင်ဖြစ်သည်။

သူ့အားထို ခံစားမှုများပေးသူမှာ တခြားသူတော့ဖြင့် မဟုတ်ပါ။ ပိုင်သာဖြစ်လေသည်။

ပိုင်တစ်ယောက် သူ့ကို အခုလိုမျိုး လုပ်လိမ့်မည်ဆိုတာ မောင်မောင်ကြီးတကယ်တော့ မသိမဟုတ်ပါ။ သိပါသည်။ သိ၍ လည်း သူမအရိပ်အကဲကို အမြဲမပြတ်သတိနှင့် စောင့်ကြည့်နေခဲ့ သူလည်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူဘယ်လိုပဲ သတိနှင့်စောင့်ကြည့်နေခဲ့ပါစေ။ ပိုင်ဆိုသည့် သူမကတော့ သူ့အား သိသိသာသာပင် ရှောင်ဖယ်တိမ်းခဲ့ရပြီဖြစ်သည်။

မောင်မောင်ကြီး ပိုင်အရိပ်ကို မမြင်မတွေ့ရသည်မှာ ယခုဆို အချိန်တစ်ပတ်ကျော်ခဲ့ရပြီဖြစ်သည်။ ထိုရက်များတွင် ပိုင်အရိပ်ကို မောင်မောင်ကြီး မမြင်တွေ့ခဲ့။

သူမအား တွေ့ရနိုးနှင့် မောင်မောင်ကြီးသည် အလုပ်သို့ပင် မသွားဘဲ ခွင့်ယူကာ အိမ်မှာနေခဲ့သည်။ လူကြီးတွေကတော့ သူ့တို့အဖြစ်ကို မသိ။

အားလုံး ကိုယ့်အလုပ်ကိုယ် သွားကြပြီဖြစ်သည်။ အိမ်မှာ ကျန်ခဲ့သူဆိုလို့ မောင်မောင်ကြီးနှင့်ပိုင်သာ ရှိပါ၏။

မောင်မောင်ကြီးတစ်ယောက် ဒီအသက်ဒီအရွယ်ရောက်မှ ကိုယ်ဒုက္ခနှင့် ကိုယ်ဖြစ်နေရသည့်အဖြစ်။

အချစ်ဆိုတာ တစ်ခါမှ ထိတွေ့ဖူးခြင်း မရှိခဲ့သည့် မောင်မောင်ကြီး။ ခုများတော့လည်း ချစ်မယ့် ချစ်တော့ ဆယ်ကျော်သက် အရွယ် ။ ဖူးဥနုထွေးနေသည့် အလှတွေနှင့် ယောကျ်ားလေး

ခဲ့ပါသော မိန်းကလေးကိုမှ သူ့နှလုံးသားကသွား၍ ချစ်မိနေရသည်။

သူ့အဖြစ်ကို သူများတွေ ကြားပါက ရယ်မောလှောင် ပြောင်ကြမှာက အသေအချာပင်။

ရွှေဘိုသား မောင်မောင်ကြီးဆိုတာက နာမည်တစ်လုံးနှင့် ဟာသူ။ ဘိုးဘွား မိဘတွေဆိုတာကလည်း ကုန်သည် မျိုးရိုး ဆွေကြေးဆိုတာ အတိုင်းအထက်အလွန် ပြည့်စုံကြွယ်ဝသူများ။

တစ်ဦးသောမြေး တစ်ဦးတည်းသောသားဖြစ်သည့် မောင်မောင်ကြီးသည် ယောကျ်ားပီသကာ တည်ကြည်ခန့်ညားသော ရုပ်ရည်နှင့် ဖျတ်ဖျတ်ကြိုက်သည့်နှင်းဆီခိုင်။

ခက်တာက မောင်မောင်ကြီးပင်။

အရွယ်ရောက်သည့် တစ်ချိန်ကနေ ဒီနေ့အချိန်အထိ မောင်မောင်ကြီးနှလုံးသားသည် မိန်းကလေးတစ်ဦး တစ်ယောက် ဆီသက်ကာ သက်ဝင်လှုပ်ရှားခဲ့သည်ဆိုတာ မရှိခဲ့။

မိန်းမဆိုတာ စိတ်ဝင်စားစရာ မဟုတ်ပါဟု ထင်မှတ်ခဲ့သော မောင်မောင်ကြီး။ သူ့နှလုံးသားက စိတ်ဝင်စားမယ့် စိတ်ဝင်

www.burmeseclassic.com

www.burmeseclassic.com



စားတော့လည်း တကယ်နုနုရွရွမိန်းကလေးမှ။ ယောကျ်ားမဟုတ် မိန်းမဟုတ်သည့် သိပ်လှသော ပိုင်ဆိုသော ဤမိန်းကလေးကိုတော့ သူမမျက်နှာလေးကို မြင်လိုက်သည့် ခဏမှာပင် မောင်မောင်ကြီး နှလုံးသားကို ဆွဲဆောင်သွားခဲ့ရပြီဖြစ်သည်။

သိပ်ချစ်တာပဲဆိုသည့် စကားတွေကို ရင်မှာ အခါပေါင်း များစွာဆိုရင်း သူ့ရင်ခုန်သံတွေကို သူပြန်၍ ထိန်းချုပ်ခဲ့ရသည့် အဖြစ်။

အချစ်ဆိုတာ ဒါပဲလားဆိုသည့် စကားတွေနှင့် မောင် မောင်ကြီး သူ့ကိုယ်သူသာပင် အကြိမ်ကြိမ်အခါခါ ပြန်မေးခဲ့ သည်။

မေးလိုက်တိုင်းလည်း အဖြေက တစ်ခုတည်းသာ ထွက် ပါ၏။ ထိုသည်က ပိုင်ကို သိပ်ချစ်သည်ဆိုသော စကားပင်။

ဖူးညံ့နုထွေးသည့်မျက်နှာလေးနှင့် ကြည်စင်သောအလှ ဖြင့် သူမကလေးကို မိန်းကလေးတစ်ယောက်ရယ်လို့ သူ သေ ပေမယ့် သူ့နှလုံးသားကတော့ သူမလေးကို မိန်းက တစ်ယောက်အဖြစ် လက်ခံနေပြီမှန်း မောင်မောင်ကြီးသူ့ကိုယ်





လည်း မသိခဲ့ပါ။

ပိုင်ဆိုတာ မိန်းကလေးတစ်ယောက်ပါလားလို့ သိလိုက်ရ ပြန်တော့လည်း မောင်မောင်ကြီး သူ့နှလုံးသားကိုမှ ထိန်းချုပ်၍ မရတော့။

ပိုင်ဆိုသည့် ယောကျ်ားမဟုတ် မိန်းမ မဆန်သော ဒီမိန်း ကလေးကို မောင်မောင်ကြီး နှလုံးသားကလိုလားတောင်းတနေရ ပြီဖြစ်သည်။

ဒါကြောင့်လည်း သူထိန်းချုပ်ထားသည့်ကြားက ပိုင့်ထံ သူ့အချစ်တွေ လွှန်စွာပေါက်ကွဲခဲ့မိရသည်။

ပေါက်ကွဲခဲ့သည့် သူ့အချစ်များကို သူမလေးကတော့ ဘာတစ်ခုမှ မသိရှာသလို လက်ခံပေးနိုင်စွမ်းလည်း မရှိခဲ့။

သူမစိတ်ထဲ သူ့အား အခွင့်အရေးယူသူတစ်ယောက်အဖြစ် နာကြည်းမုန်းတီးသွားမှာကိုလည်း မောင်မောင် လက်မခံနိုင်။

ချစ်တာအပြစ်ဆိုရင်ဖြင့် ထိုအပြစ်ကို မောင်မောင်ကြီး ကျေနပ်စွာ ခံယူလိုက်ပါမည်။ ချစ်သူထံမှ အထင်အမြင်လွဲမှားမှု မျိုးကိုတော့ မောင်မောင်ကြီး မခံယူလိုပါ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူ့အနားမှာ သူ့ထံက အချစ်ကိုလိုချင်တောင့်တနေသော မိန်းကလေးများစွာ ရှိပါ၏။ ခက်တာက သူ့စိတ်ပင်။ သူ့စိတ်က ဘယ်မိန်းကလေးတစ်ဦးတစ်ယောက်ကိုမှ ချစ်၍မရခဲ့။ အချစ်ဆိုတာကလည်း အခက်သားပင် ရင်မှာသူ့အလိုလိုမွေးဖွားရှင်သန်လာသည့် ခံစားမှုကသာလျှင် အချစ်ဖြစ်သည်ပဲလား။

မသိတော့ပါ။ သို့သည်က ပိုင်ကို သိပ်ချစ်သည်ဆိုတာပင်။ ပိုင်ကို ချစ်သည့်အချစ်မှာ သူ့နှလုံးသားကပင်မက သူ့အသွေးအသားတွေကပင် ချစ်နေခြင်းဖြစ်သည်။

သူ့အသက်နှင့် ထပ်တူချစ်ရပါသည့်ပိုင်။ ယခုလို သူမဘက်က ရှောင်ဖယ်နေပြန်တော့ ရင်မှာ ဘယ်လိုမှနေလို့မရနိုင်တော့။ သိပ်ချစ်လို့ သိပ်ခံစားရသည်ဆိုတာ ဒီလိုအဖြစ်မျိုးပဲတူပါရဲ့။

သူမ၏ ရှောင်ဖယ်မှုက သူ့နှလုံးသားတစ်ခုလုံးကို နာကျင်ခံစားစေရသည်။ ခံစားမှုတွေနှင့် အတူ ချစ်သူမျက်နှာလှလှကိုလည်း တွေ့ချင်မြင်ချင်တာပါသည်။

ချစ်သူအကြောင်း စဉ်းစားလေလေ ချစ်သူမျက်နှာကို





မြင်ချင်တွေ့ချင်ဖြစ်လာရလေနှင့် နေမထိထိုင်မသာဖြစ်နေရသော မောင်မောင်ကြီး ချစ်သူ၏ ကလေးဆန်ဆန်ရှောင်ဖယ်မှုကြောင့် ရင်မှာ အပြုံးတစ်စက်လက်မြှာသွားရသည်။

ပိုင် သူမလေးသူ့ကို ဘယ်လောက်ထိများ ရှောင်ဖယ်နိုင်မှာတဲ့လဲလေ။

သူမလေး သူ့ကိုကြိုက်သလောက် ရှောင်ပုန်းနေခဲ့ပါစေ။ သူကတော့ လွယ်လွယ်နှင့်လက်လျှော့ပေးလိမ့်မည် မဟုတ်ပါ။ လွယ်လွယ်နှင့် လက်လျှော့ရန်လည်း မောင်မောင်ကြီး မစဉ်းစားခဲ့။

သူ့အားရှောင်ဖယ်နေသည့် သူမကိုသာ မောင်မောင်ကြီး စိတ်ရှိတိုင်း အပြစ်တင်ချင်တော့သည်။

"ဟား"

"ပိုင်ရယ်"

"သိပ်ချစ်တယ်၊ ချစ်တယ်ဗျာ၊ မင်း မောင့်ကို ဘာဖြစ်လို့ ရှောင်နေရတာလဲ ပိုင်ရယ်"

"ဟူး"

သက်မချော သက်ပြင်းရှောကိုသာ မောင်မောင်ကြီး အကြိမ်



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်ချလိုက်မိတော့သည်။ သက်မမောတွေချရင်းက မောင်မောင်ကြီး အကြည့်စူးစူးတွေက သူ့အခန်းနှင့် မျက်စောင်းထိုးအခန်းတွင်ရှိသော ပိုင့်အခန်းဆီသို့ ရောက်ရှိသွားရာ–

"ဟင်"

သူ့နှလုံးသား၏ ငွေလမင်း။ သူ၏ ချစ်ဦးသခင်ဖြစ်သည့် ပိုင်ဆိုသော မိန်းမချောရယ်။

ပိုင်မှာ မောင်မောင်ကြီးအိမ်မှာ ရှိနေသည်ကို မသိပါ။ ခါတိုင်းလိုပင် မောင်မောင်ကြီးအလုပ်သို့သွားသည်အထင်နှင့် အလုပ်သွားချိန်ကို မှန်းကာ သူမအခန်းထဲက ထွက်လာခဲ့လိုက်သည်။

မောင်မောင်ကြီးမှာ ချစ်သူ၏ အရိပ်ကိုကြည့်ပြီး ရင်မှိုသွားရသည်။ သူသိပ်ကို မြင်ချင်တွေ့ချင်ပါသည့် ချစ်သူမျက်နှာလှလှလေး။

"ပိုင်ရယ်"

ရင်ခုန်လှိုက်မောခြင်းများစွာနှင့် ပိုင်အား မျက်တောင်မခတ်ကြည့်နေလိုက်သည်။ မတွေ့ရသည့်အချိန်တစ်ပတ်အတွင်းမှာ ပိုင်သည် ပို၍ပင် လှပနုထွေးချစ်စရာကောင်းနေလေသည်။





ပိုင်သည် သူ့အခန်းဆီသို့ အကြည့်လေးတစ်ချက် ဝေ့ကြည့်ကာ အောက်ထပ်သို့ ဆင်းသွားလေသည်။

သူမ အောက်ထပ်သို့ဆင်းသွားချိန်ကို မောင်မောင်ကြီးသည် မိမိရရ အသုံးချလိုက်လေသည်။

ပိုင်ကတော့ ဒါကိုမသိပါ။

အခန်းတံခါးကြီး စေ့ပိတ်ထားသည့် မောင်မောင်ကြီးအခန်းကိုကြည့်ပြီး စိတ်ချလက်ချ ရှိသွားရသလိုမျိုး အောက်ထပ်သို့ ဆင်းလာခဲ့ရပေမယ့် သူမနှလုံးသားကတော့ တဒိတ်ဒိတ်နှင့်ရယ်၊ ရင်တွေခုန်နေရဆဲဖြစ်သည်။

မောင်မောင်ကြီး လှူကြည့်တော့ မျက်နှာသထား တည်တည်တံ့တံ့ကြီးနှင့် ဘာကိုမှ ဂရုမစိုက် အလေးမထားတတ်သည့်ပုံစံနှင့်လူက ခုတော့လည်း သူမအထင်နှင့်အမြင် တခြားစီပင်။ သူမအပေါ် ပိုင်စိုးပိုင်နင်း ချစ်သူရည်းစားလို ဆက်ဆံလိုက်ပုံက ဖြန်းတွေးတိုင်း ကျောချမ်းချင်စရာ။

မောင်မောင်ကြီးကို သူမ ဒီမျှထိ ရဲတင်းလိမ့်မည် မထင်ခဲ့ပါ။ လှူကြည့်တော့ ရိုးပုံရိုးလက်နှင့် စကားကို ခွကျကျပြော



www.burmeseclassic.com

www.burmeseclassic.com



တတ်သည့်လူက အချစ်မှာလည်း ကြမ်းရမ်းနေပြန်၏။

ချစ်သည်ဆိုကာ ချစ်စကားတွေအတင်းဆိုသွားရုံမဟု လူကို ချစ်အနမ်းတွေ ဖွတ်ပေးခဲ့သည့် သူ့ကို ပိုင် မုန်းလှပါသည်။ ထို့အတူ သူ့အပြုအမူများအတွက်လည်း ပိုင် ခွင့်မလွှတ်နိုင်။

ဒါကြောင့်လည်း ပိုင်သည် သူ့ကို တမင်ရှောင်ပုန်းနေခြင်း ဖြစ်သည်။ မောင်မောင်ကြီးကို သူမအနေနှင့်ကလည်း မရှောင်၍ မရပါ။

လူကိုတွေ့တိုင်း ချစ်ရိပ်များလျှံနေသည့် မျက်ဝန်းမျ ဖြင့် ကြည့်နေတတ်ပါသော သူ့အကြည့်များကို ပိုင် အပျိုစင်လေး ခများ ခံနိုင်စွမ်းမရှိပါပေ။

သူ့အကြည့်~ဘွဲက သူမအတွက် ရင်သိမ့်တုန်စရာပင် ဖြစ်သည်။ သူ့အပြုအမူ သူ့လုပ်ရပ်တွေက ပိုင့်အတွက် နာကြည်း ဖွယ်ရာမို့ ပိုင်တစ်ယောက် မောင်မောင်ကြီးနှင့် မဆုံနိုင်အောင် ရှောင်နေပေမယ့် သူမအား မျက်ဝန်းစူးစူးကြီးတွေနှင့် လိုက်ပ ရှာဖွေနေတတ်သည့် သူ့မျက်ဝန်းကိုတော့ ပိုင် သတိထားမိပါသည်။

သတိထားမိ၍လည်း ပိုင် သူ့ကို သတိထားကာ ရှောင်

ဝိုး ဝို ၊ ၀၁၄ ပေ



ဖယ်နေခြင်းဖြစ်သည်။

ဒီနေ့လည်း မောင်မောင်ကြီးသည် ခါတိုင်းနေ့များလိုပင် အလုပ်သွားပြီဖြစ်သည်။

သူ အိမ်မှာမရှိတော့ပါဆိုသော အတွေးနှင့် ပိုင်စိတ်မှာ လွတ်လပ်သွားရသလိုလို။

ပေါ့ပါးလွတ်လပ်သော စိတ်အတွေးလေးနှင့် ပိုင်သည် သူမအခန်းထဲမှ အောက်ထပ်သို့ဆင်းကာ လုပ်စရာရှိတာများလုပ် ပြီးနောက် အပေါ်ထပ် သူမအခန်းဆီသို့ ပြန်တက်လာခဲ့လိုက်သည်။

သီချင်းလေးတအေးအေးနှင့် ပိုင်တစ်ယောက် သူမအခန်း ဆီသို့ ရောက်လာခဲ့ရာ

"ဟင်"

"အို"

"ခင်ဗျား"

"ပိုင်"

"အမေ့"

ပိုင် အခန်းထဲမှ ပြန်ထွက်ရန်ပြင်လိုက်ပေမယ့် နောက်တျ

ဝိုး ဝို ၊ ၀၁၄ ပေ

www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ရပြီဖြစ်သည်။ သူမအခန်းထဲရောက်နေသည်က မောင်မောင်ကြီး။

မောင်မောင်ကြီးသည် အခန်းတံခါးကို လှမ်းပိတ်လိုက်ရှိမက အခန်းထဲက ထွက်ရန်ပြင်နေသည့် ပိုင့်ကိုယ်လေးကိုသူ့လက်အစုံနှင့် သိမ်းကျုံးဆွဲပွေ့လျက် သူ့ရင်ခွင်နှင့် ရင်ခွင်ချင်းဆွဲကပ်ပစ်လိုက်တော့သည်။

"ဦးမောင်မောင်ကြီး...ခင်ဗျား"

"ပိုင်ရယ်"

"အို....အို"

ချစ်အလွမ်းတွေနှင့် ရှိနေရသူ မောင်မောင်ကြီးမှာ မဆောင်နိုင်ပါလေတော့။ အချိန်ကြာမြင့်စွာ လွမ်းဆွတ်နေရသည့်ချစ်သူလေးကို တွေ့မြင်ရသည်နှင့် သူ ဟန်မဆောင်နိုင်တော့

ချစ်သူလေး သူ့အား နောက်တစ်ကြိမ်ခွဲသွားမည့်အကို စိုးရိမ်စွာ ပိုင့်ကိုယ်နွေးနွေးအိအိလေးကို ရင်ခွင်ထဲမလွှတ်သာ တွေးပွေ့ထားလေသည်။

သည့်နောက် ရှည်လျားမွှတ်သိပ်သည့် အနမ်းများ။ ခို





ပိုင့်တစ်ကိုယ်လုံး ရင်မှာ လှိုက်မောနေရပြီဖြစ်သည်။

"ပိုင်"

ပိုင်မှာ မထူးနိုင်သေး။ မှုန်းကျပ်နေသည့် သူ့ရင်ခွင်ထဲ အသက်ကို မောပန်းစွာရှူဆဲက အကြည့်ဖွေဖွေလေးက မောင်မောင်ကြီးထံ ရောက်ရှိသွားရသည်။

သည်အကြည့်လေးကပင် မောင်မောင်ကြီးကို သဘောတာ နလုံးဘဝင်ခိုက်သွားစေရသည်မို့ အသည်းယားယားနှင့် ရင်ခွင်ထဲက ပိုင့်ကိုယ်လေး မချင့်မရဲ ဖျစ်ညှစ်ပစ်လိုက်သည်။

"အင့်"

ပိုင်မှာ အသက်ရှူလေးများ မှုန်းကျပ်သွားရပြန်၏။ တွေ့ သူမကိုယ်လေးသည်လည်း သူ့ရင်ခွင်ထဲတွင် ကော့တက်ာ

"ခင်ဗျား ဘာလုပ်တာလဲ"

"ဆောရီး ပိုင်ရယ်၊ မောင့်စိတ်တွေ လွှတ်သွားတယ်၊ း...ဆောရီးနော်"

သူ့စကားကို ပိုင် ဘာမှုပြန်မပြော။ မျက်စောင်းလေးတ



www.burmeseclassic.com

www.burmeseclassic.com



ကိုးလိုက်သည်။

"မောင့်ကိုကြည့်ပါဦး ပိုင်"

ဟင့်အင်း…ပိုင် ဘာကြောင့် သူ့စကားကို နားထောင်ရ မှာလဲ။ နားမထောင်ပါဘူးဟူသော ဂျစ်ကျသော အတွေးလေးနှင့် ပိုင်သည် သူ့ကိုမကြည့်ပေ။

"အေးဗျ..ကြည့်ဆိုတာ မကြည့်လည်းရတယ်၊ ဒါပေမဲ့ နောက်မှ မှားပါပြီမပြောနဲ့၊ သိတယ်မဟုတ်လား မောင့်အကြောင်း"

ကြည့်စမ်း…ဒီလူ အံ့ရှက်မရှိ ဘာတွေပြောနေတာ လိမ့်။ သူကိုယ်သူ တစ်မောင်တည်း မောင် ပြောနေရုံမက သူ အခန်းထဲထိအောင် ကျူးကျော်ဝင်ရောက်နေသည်ကတော့ ဒီ သိပ်လွန်နေရပြီဖြစ်သည်။

ပြီးတော့ အလုပ်သွားပါသည်ဟု ထင်ထားသော သူ သူမထင်ထားသလို အလုပ်မသွားဘူးတဲ့လား။

သူ့အကြံအစည်ကို ပိုင် နားမလည်တော့ပါ။

သေချာသည်ကတော့ မောင်မောင်ကြီးသည် ပိုင့်အတွ အန္တရာယ်ပင်ဖြစ်သည်။





ပိုင်မှာ နှုတ်ခမ်းဖူးဖူးလေးကို ဖိကိုက်လိုက်ပြီး သူ့မရင် ထဲ မကျေနပ်သမျှ ရန်တွေ့လိုက်သည်။

"ခင်ဗျားကြီး အလုပ်မသွားဘူးလား"

"အပွန်း…ဘာလဲ၊ ပိုင်က မောင်အလုပ်သွားပြီလို့ ထင်နေတာလား၊ သိတယ်..သိတယ်၊ ဒါကြောင့် ပိုင့်ကို မောင် ရှရအောင် တွေ့ရတာပေါ့"

"အို…ခင်ဗျားကြီး ဘာတွေပြောနေတာလဲ၊ ပြီးတော့ ခင်ဗျား ကျွန်တော့်အခန်းထဲ ဘယ်လိုဝင်နေတာလဲ၊ ထွက်… ထွက်သွားပါ"

"မောင်မသွားနိုင်သေးဘူး ပိုင်"

"ဘာ"

"ပိုင့်ကို မောင် စကားတွေအများကြီး ပြောစရာရှိသေး တယ်၊ ခုလို အခွင့်အရေးရဖို့ မောင် ဘယ်လောက်စောင့်ခဲ့ရတယ် ဆိုတာလဲ၊ ကဲ…ပိုင် ပြောပါဦး၊ မောင့်ကို ဘာလို့ရှောင်နေတာလဲ ဟင်ဟာ"

"ဒီမှာ ဦးမောင်မောင်ကြီး ခင်ဗျားကို ကျွန်တော်ဘာ

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ရအောင် ခင်ဗျားနဲ့ကျွန်တော် ဘာဆိုင်လို့လဲ"

"ပိုင်နော်..မင်းမေးပြန်ပြီလား ဒီစကား၊ အေး...ဘာ[...] ဆိုင်လဲ ဘာဆိုင်လဲ မေးနေတာ တစ်ခါတည်းဆိုင်အောင် မော[...] လုပ်လိုက်ရမလား"

"အို"

သည်လိုဆိုပြန်တော့လည်း ပိုင်မှာ သူ့စကားကြော[...] ထိတ်လန့်သွားရသလို သူမစကား အများအတွက်လည်း နောင်[...] ရသွားရသည်။

စိတ်လှုပ်ရှားမှုတွေနှင့် သူမ ဘာတွေပြောမိသည်မသိ[...] မချင့်မရဲနှင့် ခပ်ကျိတ်ကျိတ်ဆိုလိုက်သည့် သူ့စကားသံကို သူ[...] လန့်သွားရသည်က အမှန်ပင်။

မလန့်လို့ကလည်းမရပါ။ မောင်မောင်ကြီးဆိုသည့် ဒီ[...] သည် သူမနှင့်ပတ်သက်လာတိုင်း ရင်မှာ အထိန်းအချုပ်မဲ့နိုင်တ[...] သူလည်းဖြစ်သည်။

ဒါက သူမကိုယ်တွေ့မို့ ပိုင် သူ့ကို လန့်နေရခြင်း[...] သည်။ ပိုင်မှာ လေသံလျှော့သွားရကာ

"ခင်ဗျား ကျွန်တော့်အခန်းထဲကထွက်သွားပါ၊ မတော် [..]ရင် တစ်ယောက်ယောက်မြင်သွားရင် အားလုံးခက်ကုန်လိမ့်မယ်"

"ပိုင် ဘာကိုစိုးရိမ်နေတာလဲ၊ စိတ်ချ..ပိုင်တွေးစိုးရိမ် [..]သလို ဒီအပေါ်ထပ်ကို တက်လာစရာ လူတစ်ယောက်မှမရှိဘူး၊ [..]ခင်ရော ပိုင့်မိဘတွေပါ အလုပ်သွားကြပြီ၊ မိအေးဆိုတာက [..]ည်း အပေါ်ထပ်ကို ပိုင်ခေါ်မှ တက်လာတဲ့သူ၊ ကဲပါကွာ... [..]ောင်မေးတာကိုသာ ပိုင်ဖြေစမ်းပါ"

"ဘာဖြေရမှာလဲ၊ ခင်ဗျားစကားပြောတာ လွယ်လှချည် [..]ား၊ ကျွန်တော်က မိန်းကလေးဗျ"

"အဟွန်း...မောင်သိသားပဲ၊ အဲဒါ ဘာဖြစ်လဲ"

"ဟင်"

အပြုံးလွှန့်လွှန့်နှင့် အေးစက်စက်သူ့အပြောကြောင့် ပိုင် [..]သတွေ ခပ်ကျိတ်ကျိတ်ဖြစ်သွားရသည်။

သည်လူတော့လား၊ ဒါတွေကြောင့်လည်း သူမ သူ့ကို [..]တာ သူ မသိဘူးထင်ပါရဲ့။

တကယ်ဆို အပျိုစင်မိန်းကလေးတစ်ယောက် ရဲ့

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲကို သူစိမ်းယောက်ျားတစ်ယောက် မဝင်ရဘူးဆိုတာ သူ မသိတာတော့ မဖြစ်နိုင်။

ပိုင်မှာ သူ့ကိုကြည့်ကာ အသည်းယားသွားရပြီး

"ခင်ဗျား ဘာပြောစရာရှိလို့ ကျွန်တော့်အခန်းထဲ ဝင်လာရတာလဲ"

သူမအား စူးစူးစိုက်စိုက်ကြည့်နေသော သူ့အကြည့်များကို ရှောင်လွဲရင်းက ပိုင် မျက်နှာစူစူတင်းတင်းလေးနှင့် မေးလိုက်သည်။

မောင်မောင်ကြီးသည် သူ့အား ရန်တွေ့နေသည့် ချစ်စရာ မိန်းမချောကို ခပ်ဖြိမ့်ဖြိမ့်ကြီး အပြုံးနှင့်ကြည့်ကာ ရင်မှာ ချစ်စိတ်တွေ တိုးလျက်က

"ချစ်စကားတွေလေ"

"ဘာဗျ"

"ဟိတ်...ဘယ့်နှယ် အော်နေရတာလဲ၊ အေးဗျ... မင်းအော်သံကြားလို့ မိအေးတက်လာရင်တော့ မောင်လည်း မတတ်နိုင်ဘူးနော်"





လူကို အကျပ်ကိုင်သလို ခြိမ်းခြောက်သလိုနှင့် ဆိုလာသော သူ့စကားကြောင့် ပိုင် မျက်နှာလေး ပျက်သွားရပြန်ပြီ။

"ဒီမှာ ခင်ဗျားစကားပြောစရာရှိရင် အပြင်မှာပြော၊ ကျွန်တော် နားထောင်မယ်"

"မဖြစ်ဘူး"

"ဟင်...ဘာကိုမဖြစ်တာလဲ"

"မောင်ပြောမှာက ချစ်စကားတွေဆို"

"အို"

ပါးပြင်နှစ်ဘက် ပန်းသွေးရောင် ရဲရဲတောက်ပသွားရသည်။ ဖြစ်နိုင်လျှင် ပိုင်သည် သူ့ရှေ့တွင် ဝိတ်ရပ်နေသည့် မောင်မောင်ကြီးကိုယ်ကို သူမတွန်းတိုက်ဖယ်ရှားသွားလိုက်ချင်ပါသည်။

သို့ပေမယ့် ရမည်မဟုတ်။

မောင်မောင်ကြီးပုံစံက ဆုံးဖြတ်ချက်တစ်ခုကို အခိုင်အမာ ချထားပြီးသည့်ပုံ။ ဘုရားရေ ဒီလူ ဘာဆုံးဖြတ်ချက်တွေများ ချထားတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



အတွေးနှင့် ပိုင် ကျောစိမ့်သွားရသည်။

ထို့အတူ ကြောက်စိတ်တွေပါ သူမရင်ထဲ ဝင်လာရသည်။

ဘုရား…ဘုရား။

"ပိုင်"

"ခင်ဗျားဖယ်"

"ဟာ…ပိုင်"

"အင့်"

ပိုင်မှာ အခွင့်အရေးကို အမိအရအသုံးချလိုက်ပေမယ့် ရေ ပါ။ သူမ်နာမည်ကိုခေါ်ကာ သူမအနား တိုးကပ်လာသည့် မောင်မောင်ကြီးကို ပိုင်သည် အလစ်မပေးဘဲ သူမကိုယ်လေးက မောင်မောင်ကြီးကိုယ်ကို တွန်းတိုက်ကာ အခန်းထဲက သူမထွက် ရန်အပြင် မောင်မောင်ကြီးသည်လည်း ပိုင်အား နည်းနည်းမှ အလစ် မပေးဘဲ သူ့အနားက ထွက်ပြေးရန်ပြင်နေသည့် ပိုင့်ကိုယ်လေးကို သူ့လက်နှင့် ဆွဲကာ ဖမ်းပွေ့ထားလိုက်သည်။

ပိုင်မှာ သူ့အပြုအမူကြောင့် မျက်ဝန်းလေး ပြူးသွားရပြီး

"ခင်ဗျား…ခင်ဗျား ဘာလုပ်မလို့လဲ"





"ကဲ…ပြောစမ်း မောင်ဘာလုပ်မယ်ထင်လဲဆိုတာ"

"ဟင်"

သည်လိုကျပြန်တော့ ပိုင်သည် မပြောတတ် မျက်ဝန်း အေပြူးသားနှင့်သာ မောင်မောင်ကြီးကို ထိတ်လန့်သလို ကြည့် နေသည်။

မောင်မောင်ကြီးမှာ သူ့အား ရှက်ရွံ့ထိတ်လန့်ကြောက်ရိပ် များ ဝိုင်းနေသော မျက်ဝန်းလေးနှင့် ကြည့်နေသော ပိုင့်အကြည့် ကြောင့် ရင်အစုံသည် လှိုက်ခနဲ ဖိုနွေးသွားရသည်။

ပိုင်ရယ် မင်းလေး မောင့်ကို ဘယ်လိုကြည့်နေတာလဲဗျာ။ င်းရဲ့အဲဒီအကြည့်က မောင့်နှလုံးသားတွေကို တုန်ခါစေရတယ်။ ခိုန်းချုပ်ရခက်စေရတယ်ဆိုတာ မင်းသိမှာမဟုတ်ပါဘူးဗျူ။

မောင်မောင်ကြီး သက်ပြင်းမောတွေကိုသာ အကြိမ်ကြိမ် မှုတ်ချနေတော့သည်။

ပိုင်ကတော့ သူ့ခံစားချက်တွေကို မသိပါဘဲ…

"လွှတ်…ကျွန်တော့်ကိုလွှတ်၊ ခင်ဗျားစကားပြောစရာ ရှိတယ်ဆို ရိုးရိုးပြော"



www.burmeseclassic.com

www.burmeseclassic.com



"အပွန်း…အဲဒီလိုရိုးရိုးပြောလို့မရတဲ့ စကားမို့လို့ပေါ့ကွ"

"ခင်များနော်"

ရက်စိတ်တွေက ပိုင့်ရင်ထဲ ထူပူသွားရပြန်သည်။ ရက်စိတ်တွေနှင့် ပိုင်သည် သူမကိုယ်လေးကို ရုန်းပြန်တော့…

"မရုန်းပါနဲ့ပိုင်၊ မောင် ပိုင့်ကို ဘယ်လောက်လွမ်းနေရတယ်မှတ်လဲ"

"အို"

တိုးရှမောလျှသော သူ့စကားသံက ပိုင်နှလုံးသားထဲထိအောင် စိမ့်ဝင်သွားရသည်။

"အရမ်းချစ်တာယ်ကလေးရယ်၊ မောင့်ရင်ထဲက အချစ်တွေကို မင်းလေး ဝင်ကြည့်စမ်းပါတော့ဗျာ"

လှိုက်မောဖွယ်ကောင်းသော စကားသံနှင့်အတူ နူးညံ့ညင်သာသည့် သူ့အနမ်းတွေက ပိုင် ပါးပြင်နနထက်တစ်လျှောက်မှသည် ပိုင်လည်တိုင်တစ်လျှောက်ဆီသို့။

သူ့အနမ်းတွေက အရမ်းကို နူးညံ့ညင်သာနေရသည်





ပိုင်မှာ ရုန်းထွက်မရသည့် သူ့ရင်ခွင်အောက်တွင် ရင်ခုန်စိတ်လှုပ်ရှားခြင်းတွေနှင့် လှိုက်မောလာရသည်။

"ပိုင့်ကိုသိပ်ချစ်တယ်၊ မောင့်ဘဝမှာ ဒီစကားတွေကို ပိုင်တစ်ယောက်တည်း ပြောခဲ့ဖူးတာ၊ ပိုင်ယုံရဲ့လားဟင်"

ယုံရဲ့လားတဲ့။ ပိုင် ဘာကိုယုံရမည်လဲ။

ယုံတယ်လို့ပြောလို့မဖြစ်သလို မယုံဘူးလို့ပြောပြန်လို့ကလည်း မဖြစ်ပြန်။

သူမသာ သူ့စကားတွေကို မယုံဘူးပြောပါက မောင်မောင်ကြီး လူ့ရွစာသည် ဘယ်မျှ ဒေါသတွေဖြစ်လိုက်ပါမည်လဲ။

ပိုင်မသိတော့ပါ။ ပိုင်သိသည်က မောင်မောင်ကြီး ရင်ခွင်ထဲက သူမကိုယ်လေး လွတ်မြောက်ရန်ပင် ဖြစ်သည်။ ပိုင်မှာ မောင်မောင်ကြီး၏ အနမ်းများကို ဖယ်ရှောင်ရှားရင်းက…

"ကျွန်တော့်ကိုလွှတ်နော်၊ လွှတ်ဆို၊ ခင်များကြီးကို ကျွန်တော်သတ်မိတော့မယ်သိလား"

"အပွန်း…သတ်လေ၊ သတ်မယ်ဆိုရင် မောင် ဆယ်ခါမြန်သေရဲတယ်၊ ကဲ သတ်"



www.burmeseclassic.com

www.burmeseclassic.com



ဒါ ဒီလူ သူမကိုစိန်ခေါ်တာ။ သူ့ကို သူမ မသတ်ရဲဘူး များ ထင်နေသည့်လားမသိပါ။ တွေ့မည်။ ပိုင်ဆိုတာ ဘယ်လို မိန်းကလေးမျိုးလည်းဆိုတာ သိစေရမယ်။

ဘုရားရေ ပိုင် သူမကိုယ်သူမ မိန်းကလေးတစ်ယောက် အဖြစ် သတ်မှတ်လိုက်ပြီတဲ့လား။

ထိုအတွေးဝင်လာတော့ ပိုင်မျက်နှာလေး ရဲပနီမြန်းသွားရ ပြန်လေသည်။ ငယ်စဉ်ကတည်းကနေ အခုချိန်အထိ သူမကိုယ် သူမ ယောက်ျားလေးတစ်ယောက်လိုသာ ထင်မြင်ယူဆသတ်မှတ်ခဲ့ သော ပိုင်။ ဟော အခုတော့ မထင်မှတ်ပါဘဲ လူဆိုးကြီး မောင်မောင်ကြီးကြောင့် ပိုင်သည် သူမကိုယ်သူမ မိန်းကလေးဘဝ ကို မသိစိတ်က ဝန်ခံလိုက်ရပြီဖြစ်သည်။

"ခင်ဗျား…ကျွန်တော့်ကို မသတ်ရဲဘူးထင်နေလား ဦးမောင်မောင်ကြီး"

ဒေါသလေးနှင့် နှုတ်ခမ်းလေးကိုက်ကာ ပိုင် ပြောလိုက် သည်။ မောင်မောင်ကြီးမှာ ပြုံးကာ…

"မထင်ပါဘူးဗျာ…မထင်လို့လည်း ပိုင် မောင့်ကိုသတ်

ဒိ : မိ : ၀၁၆ပ



ချင်ရင်သတ်လို့ ပြောနေတာပေါ့"

"သတ်မယ်…သတ်မယ်၊ ခင်ဗျားကြီးကို အသေသတ် ပစ်မယ်သိလား"

ဒေါသမျက်နှာရဲရဲလေးနှင့် ပြောလည်းပြော ပိုင်သည် မောင်မောင်ကြီးတစ်ကိုယ်လုံးကိုလည်း လက်သီးဆုပ်နုနုလေးနှင့် ထုရိုက်ကုတ်ဆွဲရုံမက ရှက်ဒေါသတွေလွှမ်းနေရပြီဖြစ်သော ပိုင်သည် သူမနှင့် လက်လှမ်းမီရာ ပစ္စည်းများနှင့် ထုရိုက်ပစ်လိုက်ရာ…

"ဒုတ်"

"အား"

"ဟင်"

"အို…သွေးတွေ…သွေးတွေ"

လက်လှမ်းမီရာ ပစ်ပေါက်ထုရိုက်နေသော ပိုင်အနီးရှိ ဖန်အိုးနှင့် မောင်မောင်ကြီးခေါင်းကိုရိုက်ပစ်လိုက်ရာ မောင်မောင်ကြီး ခေါင်းမှ သွေးများက ခဏချင်းမှာပင် ရဲရဲနီသွားလေသည်။

သွေးများကိုမြင်တော့ ပိုင်မျက်နှာလှလှလေး ဖြူဖျော့ သွားရသလို လူကလည်း ခြေလက်မကိုင်မိ ဘာလုပ်လို့ဘာကိုင်

ဒိ : မိ : ၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ရမှန်းမသိအောင် ထုပ္ပသွားရသည်။

မောင်မောင်ကြီးမှာ မျက်နှာပေါ် လိမ့်ဆင်းကျလာသော သွေးများကို မဖယ်ရှားဘဲ…

"ကျေနပ်ပြီလားပိုင်"

"ဟင်"

"ပိုင် ကျေနပ်ပြီလားလို့မေးတာ"

"ဟို…ခင်ဗျားခေါင်းမှာသွေးတွေ"

"ကိစ္စမရှိပါဘူး ပိုင်၊ မောင်ပြောပြီးပြီပဲ၊ ပိုင်သတ်မယ်ဆိုရင်တောင် မောင်ခံရပါတယ်လို့ ပြောပြီးပြီပဲ"

"ဒါပေမယ့် ခင်ဗျား"

"ပိုင်ရယ်"

"အို"

"မောင်မောင်ကြီး.ခင်ဗျား"

ပိုင် ဟန့်တားသံကို မောင်မောင်ကြီး ဂရုမစိုက်ပါတော့။ ယခုလောလောဆယ်တွင် မောင်မောင်ကြီး ခေါင်းကွဲ၍ နာသည့်အနာထက် ပိုင်ရက်စက်မှုကြောင့် နာသည့်အနာက ပိုသည်မို့





နှလုံးသားတစ်ခုလုံး နာကျင်သွားရကာ ထိုနာကျင်မှုတွေနှင့်ပင် မောင်မောင်ကြီးသည် ပိုင်၏ထိတ်လန့်တုန်လှုပ်နေရသော ကိုယ်လေးကို သူ့လက်အစုံနှင့် ခပ်တင်းတင်းလေး ပွေ့ဖက်ပစ်လိုက်သည်။

သည့်နောက် အနမ်းတွေ မွတ်မွတ်သိပ်သိပ်။ ကြမ်းရှလွန်းသည့်အနမ်းများ။ အို ပိုင် တစ်သက် ဒီလိုခံစားမှုမျိုး မခံစားခဲ့ဘူးပါ။

နူးညံ့သည့် ပိုင်နှလုံးသားလေးသည် အရမ်းကို ထိတ်လန့်နေရသည်ကိုတော့ မောင်မောင်ကြီးလည်း သိမည်မဟုတ်ပါ။

သူ့ကြောင့် ခေါင်းကွဲကာ သွေးတွေထွက်နေရပေမယ့် မောင်မောင်ကြီးသည် ပိုင်အား အပြစ်တစ်စုံတစ်ရာ မပြောပါပေ။

အပြစ်မပြောသည့်အပြင် ကြောက်ရွံ့မှုတွေကြောင့် ထိတ်လန့်တုန်လှုပ်ကာ ဖြူဖျော့နေရသော မျက်နှာလေးနှင့် ပိုင်ကို သူကပင် အားပေးသလို ကြင်နာယုယစွာ ထွေးဖက်ထားပြန်၏။

ပိုင် မယုံရဲပေမယ့် မယုံလို့မရတော့ပါ"

သူ…သူ ပိုင်ကို တကယ်ပဲချစ်သည်တဲ့လား။ ဟင့်အင်း ဟင့်အင်း မဖြစ်နိုင်ဘူး။ ဒါ ဒါ သူ ပိုင်ကို ဟန်ဆောင်နေတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်။ ယောကျ်ားတွေရဲ့ အချစ်ဆိုတာကို ပိုင်မယုံရဲသလို ပိုင် ကိုယ်တိုင်က အခုချိန်ထိ အချစ်ဆိုတာ ဘာမှန်းမသိပါ။

သူ့ထံမှ နူးညံ့လှိုက်မောဖွယ်ကောင်းသည့် နွေးထွေးယုယ မှုတွေကြောင့် ပိုင့်နှလုံးသားလေး လှုပ်ရှားခဲ့တာမှန်ပေမယ့် ပိုင်သည် အချစ်ဆိုတာကိုမသိပါ။

မသိ၍လည်း ပိုင် မောင်မောင်ကြီးကို ဘာမှမဖြေတတ် ဒါကို မောင်မောင်ကြီးသည် အားမလိုအားမရနှင့် ပိုင်အား ချစ်အခြေ ဖွတ်တောင်းနေသည့်အဖြစ်။

ပိုင် ဘယ်လိုပြောရမလဲနော်။

ပိုင်မှာ သူ့မျက်နှာပေါ် စီးကျနေသည့် သွေးများကိုကြည့် ပြီး အသည်းယားနေရပေ‌‌ေသည်။

"မောင်မောင်ကြီး"

"ပိုင်"

"ကျွန်တော့်ကိုလွှတ်စမ်းပါ၊ ခင်ဗျားမျက်နှာပေါ် သွေးတွေနဲ့ ခင်ဗျားဒဏ်ရာ ဆေးခန်းသွားပြရမယ်"

"မပြဘူး"



"အို…မပြလို့ဖြစ်မလား"

"ဖြစ်ဖြစ်…မဖြစ်ဖြစ် မောင်မပြဘူးပိုင်"

"ခင်ဗျားဗျာ"

"ဘာလဲ…ပိုင်က မောင့်အတွက် စိုးရိမ်လို့လား"

ပိုင် နှုတ်ဆိတ်သွားရသည်။ သူ့အမေးကို ပိုင် ဘာပြန် ဖြေရမည်လဲ။ ခေါင်းမာကာ တဇွတ်ထိုးဆန်သော သူသည် ပိုင် သူ့အတွက် မစိုးရိမ်ဘူးပြောပါက သူ့ဒဏ်ရာကို ဒီအတိုင်းထားကာ ဆေးခန်းသွားတော့မည် မဟုတ်မှန်းလည်း ပိုင် သူ့စိတ်ကို သိတန် သလောက် သိနေပြီဖြစ်သည်။

သည်လိုတော့ဖြင့် မဖြစ်သေးပါ။

သူသာ တစ်ခုခုဖြစ်သွားရင်ဖြင့် ပိုင်သည် အပြစ်ကင်း နိုင်မည်မဟုတ်။ တဇွတ်ထိုးဆန်သည့် ရှုခွစာကြောင့် ပိုင် စိတ်ညစ် သွားရသည်။

"မောင်မောင်ကြီး"

"ပြော"

"ဆေးခန်းသွားမယ်ဆို"

www.burmeseclassic.com

www.burmeseclassic.com



"မသွားဘူး"

"အို…မဟုတ်တာ"

လူကြည့်တော့ ရှုတည်တည်ကြီးနဲ့ အခုတော့လည်

ကလေးဆိုးကြီးတစ်ယောက်လို ပြောစကားနားမထောင်သ

မောင်မောင်ကြီးကို ပိုင် မျက်နှာထားတင်းတင်းလေးနှင့် ကြည့်

သွားရသည်။

ဒီအတိုင်း သူ့ကိုထား၍တော့ မဖြစ်ပါ။ ဒဏ်ရာ

အတော်များသွားပုံရပါသည်။ သွေးတွေက မျက်နှာပေါ် တစ်ပေါ်

ချင်း လိမ်းဆင်းကျနေ၏။

"ခင်ဗျား အခုလိုလုပ်နေရင် အားလုံး ပြဿနာတွေပို

တော့မယ်သိလား၊ အဲဒီအခါကျရင် ကျွန်တော်ပဲ အပြစ်ဖြစ်မှာ

စိတ်တိုတိုကြီးနှင့် မချင့်မရဲဖြစ်နေရသည့်ကြား

မောင်မောင်ကြီးမှာ ပိုင့်စကားကြောင့် ရယ်ချင်သွားရသည်။

ဘယ်လိုမိန်းမပါလိမ့်။

သူ့မှာတော့ ဒဏ်ရာနှင့် သူ့ကို သူမလေး သနားကရု

သက်နေသည်အထင်နှင့် စိတ်မှာကျိတ်ပြီး ပီတိဖြစ်နေရသော



ခုတော့မြင် သူ့အထင်နှင့်အမြင်က တခြားစီ။

သူ့ဒဏ်ရာကြောင့် သူမကို အရှုံပေးထိမည်စိုးနေရှာသော

ပိုင်ကို မောင်မောင်ကြီး အသည်းယားယားနှင့် ရိုက်သာရိုက်ပစ်ချင်

ပါတော့သည်။

သူထင်သလို ဖြစ်မလာသောအခါ မောင်မောင်ကြီး စိတ်

အလိုမကျမှုတွေနှင့် လူက ပို၍ ရှုတည်တည်တင်းတင်းကြီး ဖြစ်လာ

ရသည်။

"အို"

ပိုင်မှာ ကြည့်နေရင်းက မောင်မောင်ကြီးခေါင်းမှ သွေးတွေ

ပိုထွက်လာတော့ သူမမျက်နှာလေး ဖြူဖျော့စွာ ထိတ်လန့်သွားရ

သည်။

သည်လူကြီး တစွတ်ထိုးဆန့်ပုံနှင့် ဒီအတိုင်းပြောနေ၍

ဖြစ်တော့။ အကြမ်းမရသည့်လူကို အနုနည်းနှင့်သာ ပြောရပေ

တော့မည်။

"ခင်ဗျား တော်တော်ပြောရခက်တဲ့လူပါလား မောင်မောင်

ကြီး၊ ဒီအတိုင်းနေလို့ ခင်ဗျားတစ်ခုခုဖြစ်သွားရင် ဘယ်လိုလုပ်

www.burmeseclassic.com

www.burmeseclassic.com



မလဲ''

ကြားလိုက်ရသည့်စကားက မောင်မောင်ကြီးနှလုံးသား

လှုပ်ခါသွားစေရသည်။

''ပိုင် မောင့်အတွက် စိုးရိမ်နေတာလား၊ ဒါမှမဟု

မောင်တစ်ခုခုဖြစ်ရင် လူကြီးတွေက ပိုင့်ကို ဆူမှာစိုးလို့လား''

ပိုင်မှာ မောင်မောင်ကြီးကို စိုက်ကြည့်လိုက်ပြီး 'နှ

စလုံးပဲ' ဟု ဖြေလိုက်သည်။

မောင်မောင်ကြီးမှာ အံကိုတင်းခဲ့ရကြိတ်လိုက်ပြီး

''မင်း မောင့်အပေါ် ဘာခံစားမှုမှမရှိဘူးလား ပိုင်၊

နှလုံးသားတွေက ဒီလောက်တောင် ရက်စက်မာကျောနေပြီလား''

မေးကြောကြီးများထောင်ကားမတတ် အံကိုကြိတ်

မောင်မောင်ကြီး မချင့်မရဲအံခရက်စွာ မေးလိုက်၏။

ပိုင်မှာ သူမမျက်နှာလှလှလေးကို တစ်ဖက်သို့လွှဲပစ်ကာ

''ခုချိန် ခင်ဗျား ဒီစကားတွေပြောရမှာမဟုတ်

မောင်မောင်ကြီး၊ အခုချိန် ခင်ဗျားလုပ်ရမှာက ဆေးခန်းတစ်ခု

သွားဖို့ပဲ''

''သေ···သေကွာ၊ မောင်ဂရုမစိုက်ဘူး၊ မောင်ဂရုစိုက်

တကမင်း၊ မင်း မောင့်အပေါ် ဒီလောက်တောင် ရက်စက်နေမှတော့

င်အသက်ရှင်တော့ကော ဘာထူးမှာလဲ၊ မသွားဘူးကွာ၊ ဖြစ်ချင်

ဖြစ် ဘယ်ဆေးခန်းမှမသွားဘူးကွာ''

ကလေးမဟုတ်ဘာမဟုတ် သိသိကြီးနှင့် ခေါင်းမာကာ

နေသူ မောင်မောင်ကြီးကို ပိုင်သည် အရွဲ့တိုက်ချင်လာရသည်

···

''ကောင်းပြီလေ···ဒါဆိုလည်း ခင်ဗျားသဘောပဲ၊

တော်က ဝတ္တရားအရပြောရတာ၊ ဖယ် ကျွန်တော်သွားမယ်''

ခေါင်းမာရမလားဆိုကာ မခံချင်စိတ်နှင့် အရွဲ့တိုက်ချင်နေရ

ဖြစ်သော ပိုင်။ သူဘာသာသူဖြစ်ချင်ရာဖြစ်စမ်းဆိုသည့် မခံချင

တ် ခေါ်သလေးနှင့် မောင်မောင်ကြီးလက်များကို ဖယ်ရှားကာ

ခန်းထဲက ထွက်မည်ပြင်တော့···

''ပိုင်နော်''

ပြောပြောဆိုဆို သူမလက်လေးကို ဖမ်းဆွဲထားလိုက်သည်။

မှာ အံကို တင်းခဲ့ကြိတ်လိုက်ပြီး···

www.burmeseclassic.com

www.burmeseclassic.com



"ဆေးခန်းသွားမယ်"

"ဟင်"

ပိုင် အံ့ဩသွားရသည်။

မောင်မောင်ကြီး ဒီလူဘယ်လိုလူလဲ။

အပြောင်းအလဲ အတော်မြန်တဲ့ လူပါလား။ ပိုင်မှာ မျက်မှောင်လေးကြုတ်ကာ သူ့ကိုကြည့်လိုက်တော့…

"မောင်ဆေးခန်းသွားမယ်၊ အဲဒါ ပိုင်လိုက်ခဲ့ရမယ်"

သည်လိုဆိုတော့ ပိုင်မှာ ကိုယ်လေးတွန့်ခနဲဖြစ်သွားရပြီး

"ဟာ…ဆေးခန်း ကျွန်တော်မလိုက်ချင်ဘူး၊ တော်ကြာ တစ်မျိုးထင်နေဦးမယ်"

"ဘာထင်ထင် မောင်ဂရုမစိုက်ဘူး ပိုင်၊ ခုဒဏ်ရာက ပိုင်ကြောင့်ဖြစ်ရတာ၊ ဒါကြောင့် ပိုင် ဆေးခန်းကိုလိုက်ကိုလိုက်ရမယ်"

မောင်မောင်ကြီးစကားကြောင့် ပိုင်သည် မျက်နှာလေး ပျက်သွားရပြီး…

"ခုလိုဖြစ်ရတာ ပိုင်ကြောင့်လို့တော့ မပြောပါနဲ့၊ တကယ်



ဘဲအမြစ်ရှိတာ ခင်ဗျား၊ ခင်ဗျားသာ ကျွန်တော့်ကိုစွတ်"

ပိုင်မှာ မျက်နှာရဲရဲလေးနှင့် ပြောလက်စစကားကို ရပ်ပစ်လိုက်သည်။ မောင်မောင်ကြီးမှာ မချင့်မရဲဖြစ်သွားရကာ…

"စွတ်ဘာဖြစ်လဲ၊ ဆက်ပြောလေကွာ"

"ခင်ဗျားနော်"

အကြည့်စူးစူးရဲရဲနှင့် စကားကြောင့် ပိုင်နှလုံးသားတွေ နွေးသွားရသည်။ တစ်ဆက်တည်း ပိုင်သည် သူ့အနားက ရှောင်ခွာသွားချင်ပြီမို့…

"ခင်ဗျားဆေးခန်းသွားမှာဆို"

"အင်း"

"သွားတော့လေ"

"မင်းကောလာ"

"အို"

မောင်မောင်ကြီးမှာ အချစ်ကြမ်းသည်မဟုတ်ပါ လူကသည်း စိတ်မြန်လက်မြန်နှင့် တစွတ်ထိုးဆန်ကာ ကြမ်းရမ်းလွန်းလှပေ ပိုင်လက်လေးကို ဆတ်ခနဲ ဆွဲခေါ်လာခဲ့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူဖြစ်ချင်တာကို ဖြစ်အောင်လုပ်တတ်သော မောင်မောင်ကြီးကို ပိုင် ဘာမှပြန်မပြောသာဘဲ နှုတ်ခမ်းရှုရှုလေးနှင့်သာ လိုက်ပါလာခဲ့သည်။

မောင်မောင်ကြီး မောင်းလာသည့် ကားက ဆေးခန်းတစ်ခုရှေ့တွင် ရပ်သွားလေသည်။ ကားပေါ်မှ မောင်မောင်ကြီးဆင်းတော့ ပိုင်လည်း မနေသာတော့ဘဲ လိုက်ဆင်းရလေသည်။

“ဟာ…သူငယ်ချင်း ဘယ်လိုဖြစ်လာတာလဲ”

ဆေးခန်းသို့ဝင်လိုက်သည်နှင့် အပြုံးနှင့်နှုတ်ဆက်လာသော ဆရာဝန်ကြောင့် ပိုင် မျက်ခုံးလေးပင့်သွားရသည်။

“မင်းမြင်တဲ့အတိုင်းပဲကွာ၊ ဘာဖြစ်တာလဲဆိုတာတော့ မမေးနဲ့၊ မေးရင် သတိရပြီး အဲဒီလူကို ငါ တုတ်နဲ့ရှာရှာရိုက်ပစ်ချင်လွန်းလို့”

“ဟင်”

ဒါ သူပိုင်ကို တမင်စောင်းပြောနေတာ။

ပိုင်မှာ ကိုယ့်ကိုယ်ကို သတိမထားမိခင် နှုတ်ခမ်းဖူးဖူးလေးမှာ အလိုလိုစူထော်လာရသည်။

[redacted]



မောင်မောင်ကြီးနှင့် ဆရာဝန်မှာ ပိုင်အဖြစ်ကို သတိထားမိဟန်မတူဘဲ နှစ်ယောက်သား စကားလက်ဆုံကျလေသည်။

“အဟွန်း…ဟွန်း မင်းအဖြစ်ကလည်း အတော်ဆန်းပါလား မောင်မောင်ကြီး၊ ကြည့်ရတာ မင်း အဲဒီလူပေါ် မရိုးမသား တစ်ခုခုလုပ်မိခဲ့ပြီနဲ့တူတယ် ဟုတ်လားသူငယ်ချင်း”

ဒေါက်တာအောင်ဆက်စကားကြောင့် မောင်မောင်ကြီး မျက်နှာ ရဲခနဲဖြစ်သွားရသလို သူ့အကြည့်များကလည်း ပိုင်ထံသို့ ချက်ခနဲ ရောက်ရှိသွားလေသည်။

ထိုအခါ သူ့အား မဝိစူးစူးလေးကြည့်နေသည့် ပိုင်အကြည့်များနှင့် မျက်ဝန်းချင်းဆုံသွားရလေသည်။

“အဟွန်း…ပိုင်ရယ်”

“အို”

ကမန်းကတန်းပင် ပိုင်သည် သူမအကြည့်များကို လွှဲပစ်လိုက်ရသည်။ မောင်မောင်ကြီး၏အကြည့် နင်နင်စူးစူးတွေက သူမ အသဲကိုယ်လုံးထက် ဖြန့်ချီရောက်ရှိနေရပြီ။

“ဒါနဲ့ သူလေးက”

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာအောင်ဆက်မှာ ပိုင်ကို အကဲခတ်သလိုကြည့်ရင်း မောင်မောင်ကြီးကို မေးလိုက်သည်။

ထိုအခါမှ မောင်မောင်ကြီးသည် ပိုင်နှင့် ဒေါက်တာအောင်ဆက်ကို မိတ်ဆက်ပေးရန် သတိရသွားကာ…

"ဆောရီး…မိတ်ဆက်ပေးဖို့မေ့သွားတယ်၊ ဒါ ကိုယ်ရေးတဲ့အိမ်ကချာတိတ်လေ၊ အငယ်ဆုံးဆိုတော့ ဆိုးတော့ဆိုးတယ်၊ ဘယ့်နှယ်လဲ မလှဘူးလား အောင်ဆက်"

"အို"

သူ့မကိုရှေ့ထားကာ သူ့အလှကို ဂုဏ်ယူဝင့်ကြွားသလိုပြောလိုက်သည့် မောင်မောင်ကြီးကြောင့် ပိုင်မှာ ရှက်ရွံ့အနေခက်စွာ တစ်ကိုယ်လုံး ထူပူသွားရသည်။

မောင်မောင်ကြီး ဒီလူဘယ်လိုပါလိမ့်။

တော်တော်ရဲသည့်လူပါလား။ ပိုင်မှာ သူ့မျက်စောင်း သူ့ထံမရောက်အောင် မနည်းသတိထားနေရသည်။

"အဟွန်း…ဟွန်း…ဟွန်း အေးကွာ မင်းပြောမှ ကိုယ်လည်း သတိထားမိတယ်၊ ချာတိတ်က တော်တော်လှတာပဲ၊ အဟွန်း



ယောက်ျားက မိန်းမချောချောတယ်ဆိုတာ ဒီလိုချာတိတ်ကိုပြောတာနေမှာပဲ"

"ဟင်"

"အဟွန်း…ဟွန်း…ဟွန်း"

ပိုင် ခေါင်းငုံ့သွားရသလို မောင်မောင်ကြီးမှာလည်း ဒေါက်တာအောင်ဆက်စကားကို သဘောတကျနှင့် သွားစွယ်လေးပေါ်အောင်ပင် ရယ်နေပါတော့သည်။

ဒေါက်တာအောင်ဆက်မှာ မောင်မောင်ကြီးကို နားမလည်သလိုကြည့်ကာ…

"ဟိတ်ကောင် မောင်မောင်ကြီး၊ မင်းဘာရယ်နေတာလဲကွာ"

"အဟွန်း…ရယ်မှာပေါ့ကွ၊ မင်းက ရယ့်စရာပြောတာကိုး၊ အင်း ကြည့်ရတာ ဒါကြောင့်လည်း မင်းလူပျိုကြီးဖြစ်နေတာဖြစ်ရမယ်"

"ဟာကွာ…မောင်မောင်ကြီး မင်းစကားက ဘာဆိုင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"အေး...ဘာဆိုင်လို့လဲဆိုတော့ ချာတိတ်က မိန်းကလေး ဖြစ်နေလို့ပဲကွ"

"ဟင်"

"အို...ဦးမောင်မောင်ကြီး"

ဒေါက်တာအောင်ဆက်ထံမှ အံ့ဩသံနှင့်အတူ ပိုင်ထံမှ ရှက်လန့်တကြားသံလေးက ရှေ့ဆင့်နောက်ဆင့်ဆိုသလို ထွက်ပေါ်လာရသည်။

မောင်မောင်ကြီးကတော့ဖြင့် ဒါတွေကို ဂရုမစိုက်ပါ။ ပိုင်ကို ခပ်ပြုံးပြုံးကြည့်ရင်းက သူ့မအလုများကိုသာ ဂုဏ်ယူဝင့်ကြွားစွာ ပြောနေလေ၏။

"ငါတောင် ပိုင့်ကိုစတွေ့တုံးက ယောကျ်ားလေးလို့ ထင်ခဲ့တာ၊ အဖွန်း နောက်မှ ပိုင့်ကို မိန်းကလေးမှန်း ငါသိတာ ဒါပေမယ့် ပိုင့်အလှတွေကိုတော့ မြင်မြင်ချင်း ငါသတိထားခဲ့မိ တယ်"

ဘုရားရေ။

သည်လူ အရှက်မရှိ ရှေ့ဆက်ဘာတွေပြောဦးမှာပါလိမ့်



ပိုင် မပြောချင်ပေမယ့် မပြောလို့က မရတော့ပါ။

ကြာလျှင် ဘာတွေဘယ်လို ရှေ့ဆက်ပြောမည်မသိ။ ဒေါက်တာအောင်ဆက်ကို ကြည့်လိုက်ပြန်တော့ ဒေါက်တာအောင်ဆက်မှာ ပိုင့်အလှကို အံ့ဩသည့်မျက်ဝန်းတွေနှင့်သာ ကြည့်နေလေ၏။

"ဦးမောင်မောင်ကြီး"

ပိုင်မှာ ယောကျ်ားသားနှစ်ယောက်ရှေ့တွင် မနေတတ်တော့သည်မို့ မောင်မောင်ကြီးအား ခေါ်လိုက်သည်။

ဒါကို မောင်မောင်ကြီးမှာ သဘောပေါက်စွာ...

"ကဲ...သူငယ်ချင်း နောက်မှကိုယ်တို့ အေးအေးဆေးဆေး စကားပြောကြတာပေါ့၊ အခုတော့ ကိုယ်တို့ကို ခွင့်ပြုဦး"

မောင်မောင်ကြီးအား လိုအပ်သည့် စမ်းသပ်မှုများပြုလုပ်ပေးထည့်ပြီးပြီမို့ ဒေါက်တာအောင်ဆက်ကို မောင်မောင်ကြီး နှုတ်ဆက်ကာ ထွက်လာခဲ့လိုက်သည်။

ဒေါက်တာအောင်ဆက်မှာ ပိုင်နှင့် မောင်မောင်ကြီးကိုသာ သဘောကျမှုတွေနှင့် ကြည့်ရင်း ကျန်ရစ်ခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့အတွေးများထဲတွင်တော့ ယောကျာ်းလေးဆန်ဆန် ဝတ်ဆင်ထားသည့်ကြားက သိပ်လှသော ပိုင်နှင့် လူရိုးလူတည့်ကြီး အဖြစ် နေလာခဲ့သော ဘယ်မိန်းကလေးတစ်ဦးတစ်ယောက်နှင့်မှ ပတ်သက်ရင်းနှီးခဲ့ဖူးခြင်းမရှိသည့် မောင်မောင်ကြီးတို့အကြောင်းတို့ သာ တွေးရင်း ရှိနေရတော့သည်။

"ရွှေ့ကလာထိုင်လေ"

"ရတယ်၊ နောက်မှာပဲထိုင်မယ်"

ပိုင် မောင်မောင်ကြီးကို မကြည့်ဘဲ ကားနောက်ခန်း မှာပင် ဝင်ထိုင်လိုက်သည်။ မောင်မောင်ကြီးမှာ ပိုင့်ကိုကြည့်ကာ သက်ပြင်းချရုံကလွဲပြီး ဘာမှမပြောတော့ပါ။ သူမအပေါ် သူ့အ နှင့် ပြောလို့ကလည်း အကြောင်းထူးမည်မဟုတ်သလို ဆေး အတွင်း သူငယ်ချင်းဖြစ်သူ ခေါက်တာအောင်ဆက်မှာ သူတို့ ကြည့်နေသည်မို့ မောင်မောင်ကြီး ကားကို ဆေးခန်းရှေ့ မောင်းထွက်ခဲ့လိုက်သည်။

ကားမှန်ထဲမှတစ်ဆင့် မြင်နေရသည့် ပိုင်၏မျက်နှာ ရှု တင်းလှလှလေးကို ကြည့်ပြီး မောင်မောင်ကြီး ပြုံးလိုက်သည်



ကားက အရှိန်နှုန်းမှန်မှန်ဖြင့် ပြေးနေရာမှ တစ်နေရာပြီး တစ်နေရာ ဖြတ်ကျော်လာသည့်အခါမှာတော့ ပိုင် မျက်နှာလေး ငေ့သွားရပြီး...

"ကားက ဘယ်ကိုမောင်းနေတာလဲ ဦးမောင်မောင်ကြီး"

"မင်းကြည့်လေ"

"ခင်ဗျားနော်...စကားကိုကောင်းကောင်းပြော"

"အပွန်း...ကောင်းကောင်းပြောနေတာပဲကွ၊ ခုလို မထင် မှတ်ဘဲ အခွင့်အရေးရတုန်း မောင်ပိုင်နဲ့ အေးအေးဆေးဆေး စကား ပြောချင်တယ်"

ပိုင်ရင်ထဲ လှုပ်ခတ်သွားရသည်။ သူ့ဘာတွေများ ပြောမလို့ ပါလိမ့်။ ပိုင် သူနှင့်စကားမပြောချင်ပါ။ ပြောရန်လည်း သူမ တွင် ဆန္ဒမရှိ။ ထို့အတူ သူပြောလာမည့် စကားများကိုလည်း သူမသည် ကြိုသိနေသလိုလို။

"မပြောချင်ဘူး၊ ကျွန်တော် ခင်ဗျားနဲ့စကားမပြောချင် ဘူး။ ကား အိမ်ကိုပဲမောင်းပါ"

မောင်မောင်ကြီး နှုတ်ဆိတ်သွားရသလို ကားငြိမ်သည်

www.burmeseclassic.com

www.burmeseclassic.com



ရာသည်လည်း အိမ်သို့မဟုတ်။

"ဒီမှာ"

"ခင်ဗျား ပြောနေတာမကြားဘူးလား၊ အိမ်ကိုပဲမောင်းဆိုတာ"

"မောင်ပြောပြီးပြီလေ၊ ပိုင်နဲ့စကားပြောချင်သေးတယ်ဆိုတာ"

"မကြားချင်ဘူး၊ မကြားချင်ဘူး၊ ခင်ဗျားကြီးဆီကဘာစကားမှ မကြားချင်ဘူး"

တင်းမာပြတ်သားလွန်းသည့် ချစ်သူ၏စကားများကြောင့် မောင်မောင်ကြီး အသည်းမှာနာကျင်သွားရသည်။

ကြည့်စမ်း…

သူမှာတော့ သူမလေးကို ချစ်ရသလောက် သူမကတော့ သူနှင့်ပတ်သက်ကာ ဘာခံစားမှုမှမရှိသည့်အလွင်။ သူမ၏ ဝိုအ… အမူက သူ့နှလုံးသားများကို ခံရခက်စေရသည်။

ရှိစေတော့။ သူ့အနေနှင့် သူမကြောင့် နာကျင်ခံစားမှုကို ရင်ဝယ်ပိုက်နေ၍မဖြစ်။ သိပ်ချစ်ပါသည်ဆိုသော စကားနှင့်အ…



သူမထံမှ အချစ်များကို သူ ရယူနိုင်အောင် ကြိုးစားရဦးမည်ဖြစ်သည်။

"ဦးမောင်မောင်ကြီး ခင်ဗျားပြောနေတာ မကြားဘူးလား"

"ကြားတယ်ပိုင်"

"ကြားရင် ကားရပ်ပါလား"

"မဖြစ်လို့ပေါ့ကွ"

"အို…ဘာလို့မဖြစ်ရမှာလဲ"

"မင်း မောင့်ကို သိပ်မုန်းနေလားပိုင်"

ပိုင်မှာ မဖြေပါ။ နှုတ်ခမ်းဖူးဖူးလေးကိုသာ တင်းတင်းသေး စေ့ထားလေသည်။

မောင်မောင်ကြီးမှာ ဒါကိုကြည့်ကာ အသည်းယားသွားပြီး…

"ဖြေလေ ပိုင်၊ မင်း မောင့်ကိုမုန်းလားဆိုတာ"

"မုန်းအောင်လုပ်နေတာက ဘယ်သူလဲ"

"ပိုင်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



မျက်တောင်ရှည်ကြီးများ စင်းချကာ ကလေးတစ်ယော
လို နှုတ်ခမ်းလေးစူလျက် ပြောလိုက်သည့် ပိုင်ပုံစံကြော
မောင်မောင်ကြီးရင်ထဲ မည်သို့ဖြစ်သွားရသည်မသိပါ။

နလုံးသားတစ်ခုလုံး ပူနွေးလှိုက်ဖို ရင်ခုန်ခြင်းများ
ဖြစ်သွားရသည်မို့ မောင်မောင်ကြီး ဘာမှမပြောတော့ ကား
လူရှင်းသည့်တစ်နေရာတွင် ထိုးရပ်ပစ်လိုက်ပြီးနောက် ရှေ့ခန်း
ထိုင်နေရာမှ မောင်မောင်ကြီးသည် ပိုင်ရှိရာ ကားနောက်ခန်းသို
ကူးလာပြီးနောက် ရုတ်ခြည်း မပြောမဆိုနှင့် ပိုင် တစ်ကိုယ်
အား သိမ်းကျုံးဆွဲဖက်ပစ်လိုက်ပါတော့သည်။

"အို...ခင်ဗျားနော် ဒါဘာလုပ်"

"အို...အို"

အနမ်းတွေ မွှတ်မွှတ်သိပ်သိပ် ပိုင်အသက်ရှူ၍ပင်မ
တော့။ အချစ်များ အစွမ်းကုန်ပေါက်ကွဲနေရပြီဖြစ်တဲ့ မောင်မော
ရင်ခွင်ထဲတွင်သာ သူမကိုယ်လေး မှန်းကျပ်လျက် မလှုပ်မလှ
အောင် ရှိနေရတော့သည်။

"အရမ်းချစ်တယ်ပိုင်ရယ်၊ သိပ်ချစ်တယ်"



"ဟာ"

မွှတ်မွှတ်ရှုရှု စကားသံတွေနှင့်အတူ သူ့မျက်နှာကြီးက ပိုင်မျက်နှာလှလှလေးပေါ် အုပ်မိုးလာပြန်တော့ ပိုင်မှာ ထိတ်လန့်ကြောက်ရွံ့ရှက်စိတ်များ ဖြစ်သွားရသည်။

ကြောက်ကြောက်ရွံ့ရွံ့ ရှက်စိတ်တွေနှင့် ပိုင်ကမူးရှူးထိုးဟန် မျက်နှာရဲရဲလေးနှင့် မောင်မောင်ကြီးအား တွန်းထုတ်ကာ ကားပေါ်မှဆင်းဖို့ ကြိုးစားတော့...

"ဟာ...ဟိတ်"

"ဒါဘယ်လဲကွ"

"ဟာဗျာ"

"ခင်ဗျား"

နောက်မှ အရှိန်နှင့်လှမ်းဆွဲလိုက်သည့် မောင်မောင်ကြီးကြောင့် ပိုင်မှာ ကားပေါ်က ဆင်းခွင့်မသာတော့သည့်အပြင် ရင်ချင်းဆွဲကပ်ပစ်လိုက်သည့် မောင်မောင်ကြီးကြောင့် လူက လန့်ဖျတ်သွားပြီး...

"လွှတ်"

www.burmeseclassic.com

www.burmeseclassic.com



"မလွှတ်ဘူး"

"ခင်ဗျားနော်"

"မောင် ဆုံးဖြတ်ထားပြီးပြီ၊ ပိုင်ဆီက အချစ်ကိုရမှ မောင်

ဒီကသွားမယ်"

"ဟာ"

မျက်နှာထားတည်တည်ကြီးနှင့် ပြောသလိုလုပ်တော့ရှေ

ဟန်မို့ ပိုင် တကယ်ပင် ထိတ်လန့်သွားရပါပြီ။

မောင်မောင်ကြီးဆိုတာက တစွတ်ထိုးဆန်သည့်လူ။

ပြီးတော့ ဖြစ်ချင်တာကိုလည်း ဖြစ်အောင်လုပ်တတ်သူ

သူ။ ပိုင် ဘယ်မှာမလန့်ဘဲနေမည်တဲ့လဲ။

"ကြားတယ်နော်"

"ဘာကိုလဲ"

"မောင့်ကိုချစ်တယ်ပြောဖို့"

ကြည့် ပြောပုံကိုက မုန်းချင်စရာ။

သူ့ပုံစံက ချစ်အဖြေတောင်းသည့် လူတစ်ယောက်

မဟုတ်ဘဲ ကိုယ့်တပည့်လက်အောက်ငယ်သားတစ်ယောက်



ဆုငေါက်နေသည့်ပုံ။ ပိုင်မှာ မကျေနပ်စိတ်တွေနှင့် မျက်နှာလေး

တင်းသွားရကာ...

"ခင်ဗျားပြောပုံက လှယ်လှချည်လား၊ လူကိုဘာမှတ်နေ

လဲ"

"သိပ်ချစ်ဖို့ကောင်းတဲ့ ချာတိတ်လို့မှတ်တယ်၊

ချစ်တယ်"

သူ့ ဝင်သက်ထွက်သက်လေနွေးနွေးက ပိုင်ပါးပြင်ကို

ရိုက်ခတ်သွားရသည်။ ပိုင် သူမကိုယ်လေးကို နောက်ဆုတ်တိမ်း

ရှောင်လိုက်ရင်း...

"ခင်ဗျားနော် စကားကို အတည်ပြောပါ"

"ဟောဗျာ...မောင်ပြောနေတာ အတည်တွေပဲ၊ ဒီထက်

တည်အောင်ဆိုရင်တော့ ဟောဒီလိုပဲ"

"အို"

"မောင်မောင်ကြီး"

"ခင်ဗျား"

"ဟင့်အင်း"

www.burmeseclassic.com

www.burmeseclassic.com



"လူဆိုးကြီး…လွှတ်"

ဆိုသည့် စကားသံများသာ ခပ်တိုးတိုးဆိုနိုင်ပြီး ပိုင် တစ်ကိုယ်လုံး မောင်မောင်ကြီးရင်ခွင်အောက် ရောက်ရှိသွားရပါတော့သည်။

မောင်မောင်ကြီး ဒီမျှအထိ ရဲတင်းနေခြင်းက နေရာက လူကလည်းရှင်း ကားမှန်တွေကလည်း တင်ထားသည်မို့ သူတို့ နှစ်ဦးအဖြစ်ကို ဘယ်သူမှ သတိမထားမိခြင်းကြောင့် ဆိုတာကိုတော့။

□ □ □



အခန်း (၅)

နှလုံးသားထဲတွင် စွဲထင်နေရပါသည့်ပုံရိပ်လေးကို ြင်လိုက်ရသည်ဆိုရင်ပဲ မောင်မောင်ကြီးရင်မှာ လှစ်ခနဲပျော်ရွှင် ွားရသည်။

ပိုင်…မိဆိုးရယ်လေ။

ပိုင်ကတော့ဖြင့် သူ့ကိုမမြင်ပါ။

အေးမြသော ဥလ၏ အလင်းရောင်အောက်တွင် န်းဆန်းနုပျိုသော ချစ်စဖွယ်မျက်နှာလေးနှင့် သူ့ရှိရာမြို့ထဲသို့ င်းလာနေလေသည်။

အချိန်က သန်းခေါင်ကျော်။

အင်း…ကြည့်ရတာ သူမလေးလည်း သူ့လိုပင် အိပ်မ



www.burmeseclassic.com

www.burmeseclassic.com



မပျော်သဖြင့် မြို့ထဲဆင်းလာဟန်တူပါ၏။

ဘာပဲဖြစ်ဖြစ် မောင်မောင်ကြီးကတော့ ချစ်သူကို တွေ့လိုက်ရသည့်အတွက် ပျော်ရွှင်မှုတွေက ရင်ထဲ အတိုင်းအဆ မရှိပါ။

ပိုင်သည်လည်း မြို့ထဲလျှောက်လာရင်းက သူမလုံးဝမထင် မှတ်ထားသည့် မောင်မောင်ကြီးကို မမျှော်လင့်သည့်အချိန်တွင် မြို့ထဲတွင် တွေ့လိုက်ရသဖြင့် မယုံကြည်နိုင်အောင် အံ့သြတုန်လှုပ် သွားရသည်။

ဘုရားရေ…မောင်မောင်ကြီး မြို့ထဲမှာ ဘာလုပ်နေတာ ပါလိမ့်။

"ပိုင်"

"ဒီအချိန်ကြီး မြို့ထဲမှာ ခင်ဗျားဘာလုပ်နေတာလဲ"

လရောင်အောက်တွင် ကြည်စင်ခန့်ထည်သော အပြုံးနှင့် သူမအား ရွှန်းရွှန်းမြမြကြီးကြည့်ကာ ပြုံးပြနေသော မောင်မောင်ကြီး ကို ကြည့်ပြီး ပိုင် မေးလိုက်သည်။

"မောင် ပိုင့်ကိုစောင့်နေတာ"





"ဟင်"

ပိုင် မျက်ခုံးလေး ကုပ်ကွေးသွားရ၏။ သူဘာတွေပြောနေ တာပါလိမ့်။

"ခင်ဗျားဘာတွေပြောနေတာလဲ မောင်မောင်ကြီး၊ ကျွန်တော့်ကို စောင့်ရအောင် ဘယ်သူကလာပါ့မယ်လို့ ပြောထား လို့လဲ"

"အဟွန်း…ဘယ်သူမှမပြောပေမယ့် ပိုင်လာမယ်ဆိုတာ မောင်သိနေတယ်၊ ဘာဖြစ်လို့လဲသိလား ပိုင့်ကို မောင့်နှလုံးသားက ဆင့်ခေါ်နေလို့ပဲပေါ့"

"အို"

ကဗျာဆန်လွန်းသည့် သူ့အပြောတွေကြောင့် ပိုင့်နှလုံးသား လေး လှိုက်ခနဲသွားရသည်။ မောင်မောင်ကြီးသည် သူမထင်တာ ထက်ပင် စကားပြောကောင်းနေသူပါလား။

"ခင်ဗျား စိတ်တော့ကောင်းပါသေးတယ်နော်"

"ဘာလဲ ပိုင်က မောင့်ကိုရူးနေပြီထင်လို့လား"

ရွှန်းလက်တောက်ပသော အကြည့်တွေနှင့် ခပ်စိုက်စိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကာ ပြောလိုက်သော မောင်မောင်ကြီးပုံစံက တကယ့်ကို လန်းဆန်းတက်ကြွနေသည့်အသွင်။

ပိုင်သည် သူ့အနားသို့ မသွားသလို သူသည်လည်း ပိုင့်အနားသို့မလာပါ။ သို့ပေမယ့် အကြည့်တွေကတော့ သူမထံ စူးစူးစိုက်စိုက်။

"ခင်ဗျားဘာလုပ်နေတာလဲ"

"အပွန်း…ပိုင်က မောင့်ကိုသာမေးတယ်၊ ပိုင်ကိုယ်တိုင်ကရော"

ဟုတ်ပါရဲ့။

သူ့ကိုသာမေးရပါသည်။ တကယ်တော့ ပိုင်ကိုယ်တိုင် အိပ်မပျော်နိုင် ခြံထဲဆင်းလာခဲ့ရသူ။ ပိုင်ကို ထိုသို့အိပ်မရအောင် အတွေးများဖြင့် နှိပ်စက်နေသူက မောင်မောင်ကြီး။

ပိုင့်ထံမှ အချစ်များကို သူသဘောသူ့ဆန္ဒနှင့် မရအရ တောင်းယူသွားပြီးကတည်းက ပိုင့်နှလုံးသားလေးသည်လည်း မနိုင်မာတော့ပေ။

အချိန်နှင့်ရီစပ္ပြန်နှင့်အမျှ သူမအတွေးထဲ သူမနှလုံးသားထဲ





ချွင် မောင်မောင်ကြီးဆိုသည့် ဒီလူတစ်ယောက်က ထာဝရစိုးမိုးနေရာယူခဲ့ပြီဖြစ်သည်။

ပိုင် သူ့ကို ချစ်လားမချစ်လားဆိုတာ သူမကိုယ်သူမ မသိနိုင်သေးခင်မှာပင် မောင်မောင်ကြီးကတော့ သူမကို ချစ်သူလူညီးစားတစ်ယောက်လို သတ်မှတ်သွားခဲ့ပြီဖြစ်သည်။

ထိုအသိနှင့်အတူ ပိုင်မှာ တစ်ကိုယ်လုံး ရှက်စိတ်တွေ ပေါ်ထွက်လာရပြီး…

"ကျွန်တော်…ကျွန်တော် သွားတော့မယ်"

"နေပါဦး ပိုင်"

"ဟင်"

လှည့်ထွက်သွားခဲ့ရောက်လာကာ သူမရှေ့ မားမားကြီးရပ်လာသည့် မောင်မောင်ကြီးကို ပိုင်ကြည့်လိုက်သည်။

ထိုအခါ နှစ်ဦးသား အကြည့်ချင်းဆုံသွားရသည်။

"ပိုင်"

စူးရှသည့် သူ့အကြည့်တွေကြောင့် ပိုင် ခေါင်းငုံ့သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ကို စကားပြောပါဦး ပိုင်"

"ပိုင်…အဲ ကျွန်တော်ဘာပြောရမှာလဲ၊ သွားတော့မယ်"

"မသွားရဘူးဆို"

ပိုင်မှာ သူ့ကို ဆတ်ခနဲ မော့ကြည့်လာလေ၏။

"ခုလို မောင်တို့နှစ်ယောက် တွေ့ရခဲ့တဲ့ ညလေးမှာ ပိုင်ကို မောင် ဘယ်လိုပြန်လွှတ်နိုင်မှာလဲ"

"ဟာ"

ပိုင်မှာ ထိတ်လန့်သွားရသည်။ သူ ဘာပြောတာပါလိမ့်။ တစ်ဆက်တည်း ပိုင့်ရင်ထဲ ကြောက်စိတ်တွေလည်း ဝင်လာရသည်။ ပိုင် ခြံထဲကို ဆင်းလာမိတာ မှားများသွားခဲ့ပြီလား မသိတော့ပါ။

မောင်မောင်ကြီးဆိုတာက သူမနှင့် ပတ်သက်လာတိုင်း ခံနိုင်ရည်စွမ်းရှိသူမဟုတ်ဆိုတာ ပိုင် မသိမဟုတ် သိပါသည်။ သိ၍လည်း ပိုင် ထိုသို့ ကြောက်လန့်နေရခြင်းဖြစ်၏။

"ခင်ဗျား ခြံထဲရှိနေတာ ကျွန်တော်မသိဘူး"

ပိုင် မဝံ့မရဲလေး ပြောလိုက်သည်။

"အဟွန်း…ဟွန်း…ဟွန်း မောင်ခြံထဲရှိနေတာသိရင် ပိုင်က ဆင်းမလာဘူးပေါ့ ဟုတ်လား"

"အင်း"

မဆိုင်းမတွ ပိုင် ခေါင်းလေးညိတ်ပြလိုက်သည်။ ပိုင်၏ အပြစ်ကင်းစင်ဟန်လေးကြောင့် မောင်မောင်ကြီး အချစ်တွေပိုတိုးလာရပြီး…

"အဟွန်း…မောင့်ချစ်သူက သိပ်ချစ်ဖို့ကောင်းတာပဲဗျာ၊ ပိုင့်ရဲ့ အဲဒီလိုဟန်ဆောင်မှုမရှိ ပွင့်လင်းတဲ့ ဟန်လေးတွေကိုပဲ မောင် ချစ်မြတ်နိုးရတာ ပိုင်ရယ်၊ ပိုင်ကို မောင်သိပ်ချစ်တယ်၊ ပြီးတော့ မခွဲချင်တော့ဘူး၊ လက်ထပ်ခွင့်ပြုပါ"

"ဟာ…ဘာတွေပြောနေတာလဲ၊ မောင်မောင်ကြီးနော် ခင်ဗျားရူးနေပြီလား၊ လက်ထပ်ခွင့်တောင်းရအောင် ခင်ဗျားကို ဘယ်သူက ချစ်တယ်လို့ပြောလို့လဲ"

"ပိုင် ဘာပြောတယ်"

ပိုင်စကားကြောင့် မောင်မောင်ကြီးမှာ ချစ်ဒေါသတွေ ဖြစ်သွားပြီး…

"မောင့်ကိုပြန်ပြောစမ်း ပိုင်၊ မင်း မောင့်ကို ဘာပြောလိုက်







www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ၊ မောင့်ကို မင်းမချစ်ဘူးဟုတ်လား"

"ဟုတ်တယ်"

"ပိုင်"

သူ့အသံက မချိတင်ကဲမှုတွေနှင့် နင့်နင့်သည်းသည်း သေချာပါပြီ သူစိတ်ထိခိုက်သွားပြီဆိုတာ။

သည်လိုကျပြန်တော့လည်း ပိုင် စိတ်မကောင်းဖြစ်သွား သည်။

ပိုင်ပြောတာ လွန်များသွားပြီလား။

အို…မလွန်ပါဘူးလေ၊ မဟုတ်ပါက ဒီလူအချစ်ကြွ သမားကြီးနှင့် မလွယ်။

"မောင့်ကို မင်းမချစ်ဘူးဆိုတာ တကယ်လားပိုင်"

"တကယ်"

"မရဘူး"

"ဟင်"

"မောင့်ကို မင်းမချစ်လို့မရဘူး၊ ချစ်ရမယ်၊ မောင့် မင်းချစ်ရမယ်"





ရော်…ဘယ်လိုလူပါလိမ့်။

ဖွတ်ကြီးအမြှ ချစ်နိုင်းနေပါရောလား။

"ပိုင် ရှင်းရှင်းပဲပြောမယ် မောင်မောင်ကြီး၊ ခင်ဗျားကိုမှ မဟုတ်ဘူး ပိုင် ဘယ်သူ့ကိုမှ မချစ်ဘူး၊ ပိုင်တစ်သက် လည်း ဘယ်သူ့နဲ့မှ အိမ်ထောင်ပြုမှာမဟုတ်ဘူး"

"ဘာပြောလိုက်တယ် ပိုင်၊ ပိုင်က ဒီတစ်သက် အိမ်ထောင်မပြုဘူး ဟုတ်လား"

"အဲဒါ ပိုင်ဆုံးဖြတ်ချက်ပဲ၊ အဲဒီဆုံးဖြတ်ချက်ကလည်း အခုမှပိုင်ချတာမဟုတ်ဘူး၊ ပိုင့်သိတတ်တဲ့အရွယ်ထဲက ဆုံးဖြတ် ထားတဲ့ ဆုံးဖြတ်ချက်လေ"

"ကျွန်တော့်သဘောထားကို မောင်မောင်ကြီးသိပြီပဲ၊ ဒီတော့ မဖြစ်နိုင်တာတွေကို ရှေ့ဆက် ခင်ဗျား ဘာမှမလုပ်တော့ ပါနဲ့၊ ကျွန်တော်သွားမယ်"

"ပိုင်"

သူ့ကိုယ်ကြီးကို ကွေ့ရှောင်ကာ ပိုင်ထွက်လာခဲ့ပေမယ့် မောင်မောင်ကြီးကတော့ဖြင့် ပိုင်ကို အလွတ်မပေးပါပေ။



www.burmeseclassic.com

www.burmeseclassic.com



သူ့အနားက ထွက်ခွာရန် ပြင်နေသည့် ပိုင်လက်လေးအား လှမ်းဆွဲထားလိုက်ရင်း…

“စဉ်းစားပါဦးပိုင်၊ ပိုင် မောင့်ကို တကယ်မချစ်ဘူးလား ဆိုတာ”

“မချစ်ဘူး”

“ဒါ ပိုင် မောင့်ကို တမင်အရွဲ့တိုက်နေတာ၊ ပိုင်မကြိုက်တာတွေကို မောင်လုပ်လို့ ပိုင် မောင့်ကို ဒီစကားတွေ ရွဲ့ပြောနေတာမဟုတ်လား”

“ခက်နေပါလား မောင်မောင်ကြီး၊ ခင်ဗျားထင်တာတွေ တစ်ခုမှမဟုတ်ဘူး၊ ဒီစကားတွေအားလုံးဟာ ကျွန်တော့်ရင်ထဲက လာတဲ့စကားတွေမို့ ခင်ဗျားကို အရွဲ့တိုက်စရာအကြောင်းလည်း မရှိဘူး”

ပြောသူက ဘာခံစားချက်မှမရှိသလို ပြောနေပေမယ့် နားထောင်ရသူ မောင်မောင်ကြီးမှာတော့ နှလုံးသားတွေ ကျွမ်းခြေ လောင်မတတ်ပင်။

ပိုင် ဒီစကားတွေကို တကယ်ပဲ ပြောနေသည်တဲ့လား

မိုး မို ၁၁၄၉



ရက်စက်ပါတယ်ပိုင်။ ပိုင့်ရဲ့နှလုံးသားတွေဟာ ဒီလောက်မာကျော သိမ့်မည်လို့ သူဘာကြောင့် အစက မထင်ခဲ့မိတာပါလိမ့်။

ပိုင်ရယ်။

မချင့်မရဲ ညည်းညူသံနှင့်အတူ မောင်မောင်ကြီး နှလုံးသားတွေ အက်ကွဲနာကျင်ရပြီမို့…

“အပွန်း…ကောင်းပါတယ်ပိုင်၊ မင်းက မင်းရင်ထဲက ခံစားချက်တွေကို ပြောပြီး မောင့်ရင်ထဲက ခံစားချက်တွေကိုရော အညှိမစဉ်းစားပေးတော့ဘူးလား၊ မောင် မင်းကို သိပ်ချစ်တယ်ဆိုတာလေ”

“အို”

ပိုင် မျက်နှာလေးပျက်သွားရပြီး…

“ဒါကတော့ ဖြစ်မှမဖြစ်နိုင်ပဲ”

“မဖြစ်နိုင်ဘူး၊ ဘာကိုမဖြစ်နိုင်တာလဲပိုင်၊ တစ်ယောက်ကို တစ်ယောက် ချစ်တာမှာ မဖြစ်နိုင်ဘူးဆိုတာ ရှိသေးလို့လား”

“ကျွန်တော်မှ ခင်ဗျားကိုမချစ်”

“တော်စမ်း…မပြောနဲ့၊ ဒီစကား မောင်မကြားချင်ဘူး၊

မိုး မို ၁၁၄၉

www.burmeseclassic.com

www.burmeseclassic.com



ဒီမယ် ပိုင် မောင် တစ်ခါတည်းပြောလိုက်မယ်၊ မောင့်ကို ပိုင် ချစ်ချစ်မချစ်ချစ် ပိုင့်ကို မောင်ကတော့ချစ်တယ်၊ ချစ်တာမှ သိပ်ချစ် တယ်၊ အဲဒီအတွက် မောင့်ရဲ့ချစ်ခြင်းတွေကို ပိုင် တားဆီးဖို့မကြိုး စားနဲ့၊ ကြိုးစားလို့လည်း ရမှာမဟုတ်ဘူး၊ မောင် ပိုင့်ကို လက်ထပ် မယ်၊ အိုကွာ မဖြစ်ဖြစ်တဲ့နည်းနဲ့ အမြန်ဆုံးလက်ထပ်မယ်၊ ဒါ မောင့်ရဲ့သစ္စာပဲ''

ဟင်။

ပိုင် သည်းမခံနိုင်တော့။

လူကို သူပိုင်အရပ်သဖွယ် သဘောထားကာ ပြောချင် ရာတွေ ပြောနေသော မောင်မောင်ကြီးကို ပိုင် အမြင်ကတ်လာ မုန်းလာရသည်မို့ သူ့စကားများကို ပိုင်သည် ဂရုမစိုက်သလို မျက်နှာ ထား တည်တည်လေးနှင့် သူ့အနားက ချာခနဲလှည့်အထွက်…

''မင်းကွာ''

''အင်''

''မင်း…မင်း မောင့်ကို တကယ်ပဲ ရက်စက်နိုင်တယ် ပေါ့လေ''





''ဖယ်ပါ၊ ဘယ်သူက ခင်ဗျားကို ရက်စက်နေလို့လဲ''

''ဒါဖြင့် မင်း မောင့်ကိုချစ်တယ်လို့ပြော''

စိတ်လှုပ်ရှားမှု မခံချင်မှုတွေနှင့် မောင်မောင်ကြီးအသံက သိသိသာသာ တုန်ခါနေရသည်။

သူမျှော်လင့်ထားသည် ချစ်သူနှင့် ဘဝတစ်ခုကို ချစ်ခြင်း တွေနှင့် တည်ဆောက်ကာ ပျော်ရွှင်ဖွယ်ကောင်းတဲ့ မိသားစုဘဝ လေး ပိုင်ဆိုင်နိုင်ဖို့။

သို့သော် လက်တွေ့သူရလိုက်သည်က ခါးသီးနာကြည်းမှု များ။ ဒီအဖြစ်ကို သူ့နှလုံးသားက နည်းနည်းလေးမှ ခံနိုင်ရည် မရှိခဲ့ပါ။

''သိပ်ချစ်တော့ သိပ်ခံစားရပါ၏။

ဒါတွေအားလုံးဟာ သူမကို ချစ်လွန်း၍ ခံစားရသည် ဝေဒနာတွေ။ ဒါတွေ သူမသိမည်မဟုတ်။ သူမှာသာ မရိုးတင်ကဲ အတွေး နာကျင်မှုတွေနှင့် ရင်တစ်ခုလုံး ဖားဖိုကြီးနှယ် မောဟိုက် နေရသည်။

''မောင်မောင်ကြီးနော်…ခင်ဗျား ကျွန်တော့်ကို တစ္စတ်

www.burmeseclassic.com

www.burmeseclassic.com



ထိုးမလုပ်နဲ့၊ ကျွန်တော်မှ ခင်ဗျားကိုမချစ်"

"ကဲ…အဲဒါမချစ်ဦး"

တင်းမာပြတ်သားသည့် စကားသံလေးက လေအလျ

နယ် ပျောက်ဆုံးသွားရသည်။

"လွှတ်"

"လွှတ်စမ်း"

ရှက်ဒေါသတွေနှင့် ပိုင် ရုန်းထွက်ပစ်လိုက်သည်

သို့ပေမယ့် တင်းကြပ်လွန်းသည့် အမွေ့အဖက်များက ပိုင်အ

မောင်မောင်ကြီးရင်ခွင်ထဲမှ လွှတ်ခွင့်မပေးပါပေ။

အချိန်စက္ကန့်လေးတွေနှင့်အတူ နှင်းဆီဖူးနယ် နူးညံ့အိ

ပါသော သူမ၏နှုတ်ခမ်းလွှာလေးအစုံမှာ နာကျင်လာရပြီ။

"ဖယ်နော်…ခင်ဗျားကြီး ကျွန်တော်ငိုလိုက်တော့မ

သိလား"

"ပိုင် မျက်ရည်ကို မောင်မလိုလားပေမယ့် ခင်းကိုလ

မောင့်ရင်ခွင်ထဲက ထွက်သွားခွင့်မပြုနိုင်သေးဘူး ပိုင်"

"ဒါ ခင်ဗျား ကျွန်တော့်ကို အနိုင်ကျင့်တာ"



"ဟာကွာ…စကားကြီးကလည်း ချစ်တာမှာ အနိုင်ကျင့်

ာဆိုတာမရှိဘူး"

"ဘာချစ်တာလဲ၊ ဘာချစ်တာလဲ၊ ပြောတော့ဖြင့်

ချစ်တယ် ချစ်တယ်နဲ့ တစ်ချိန်လုံး အနိုင်ယူနေပြီတော့များ"

"ကြိုကြိုဖန်ဖန်ကွာ…မောင် ဘယ်မှာ ပိုင့်ကိုအနိုင်ယူလို့

လဲ"

"ခုလိုလုပ်တာ အနိုင်ယူတာမဟုတ်လို့ ဘာလဲ"

"အဟွန်း…အဲဒါချစ်တာ"

"ဟင်"

"ကဲ…အဲဒါချစ်ဦး"

"ဗုန်း"

"ဗုန်း"

"ဘုတ်"

ချစ်ရည်လွှန်းသော မျက်ဝန်းတွေနှင့် ပြုံးစကြည့်ကာ

ာလိုက်သော မောင်မောင်ကြီး၏စကားအဆုံးဝယ် ပိုင်တစ်ယောက်

ဒေါသတွေနှင့် ဘယ်လောက်ထိ ပေါက်ကွဲသွားသည်မသိတော့

www.burmeseclassic.com

www.burmeseclassic.com



ပါ။

မောင်မောင်ကြီးရင်ခွင်ထဲမှနေ ပိုင်သည် သူမလက်သီးဆု

နုနုလေးများနှင့် မောင်မောင်ကြီး၏ ရင်အုပ်ကျယ်ကြီးအား ခပ်ဖွ

လေး ထုရိုက်ကုတ်ဆွဲနေပါတော့သည်။

မောင်မောင်ကြီးမှာ သူမ၏ ရိုက်ကုတ်ဆွဲမှုများကို မှေ

ချစ်သူလေးအပေါ် အချစ်စိတ်တွေ တိုးပွားနေရသည်

ပိုင်တစ်ကိုယ်လုံးထက် အနမ်းမိုးများ ဖြိုင်ဖြိုင်ရွာသွန်းနေတော့သည်

ရင်ထဲ လှိုက်ဖိုတုန်ယင် မောလျှမှုတွေနှင့်အတူ ပိုင်

လာမိတာများပြီးဟု နောင်တအတွေးတွေကလည်း ရင်မှာ စုပြုံ

ရှိနေရတော့သည်။

သို့ပေမယ့် ပိုင်သည် ထိုအမှားတွေကိုလည်း သူမအနေ

ပြင်ဆင်ခွင့်မရှိတော့။

အချစ်လှုကြမ်းကြီး မောင်မောင်ကြီး ရင်ခွင်အောက်

သာ သူမတစ်ကိုယ်လုံး မွန်းကြပ်မှုတွေနှင့် ရင်ခုန်သံတွေ မြ

တော့သည့်အဖြစ်။

ဒီလိုနဲ့ပဲ သူမ အချိန်ကုန်သွားရတော့မည်လား။ ဒီလို





ဖြင့် သူမသည် သူ့အချစ်နွံထဲ နစ်ရတော့မည်ဖြစ်သည်။

ပိုင်မှာ မရှန်းသာသည့် သူ့ရင်ခွင်ထဲမှနေ သူမကိုယ်သူမ

လည်း သူနှင့်ပတ်သက်ကာ အကြိမ်ကြိမ်ပြန်မေးနေမိတော့သည်။

သူမရင်ထဲ မောင်မောင်ကြီးနှင့်ပတ်သက်ကာ တကယ်ပဲ

ဘာခံစားမှုမှ မရှိဘူးတဲ့လား။

ဟင့်အင်း...မဟုတ်ပါ။

ပိုင် ထိုကဲ့သို့လည်း ယတိပြတ် သူမကိုယ်သူမ မပြောရဲ

ပါ။ သူမရင်ထဲ နှလုံးသားထဲတွင် သူနှင့်ပတ်သက်ပြီး နွေးလှသည့်

ခံစားမှုများ အနည်းနဲ့အများတော့ ရှိပါ၏။ ဒီခံစားမှုတွေက အချစ်

ဆိုရင်တော့...

ပိုင်မျက်နှာလေး ရဲပသွားရသည်။ တကယ်ပဲ ပိုင် သူ့ကို

ချစ်နေမိပြီလား။

နှလုံးသားလေး တဆတ်ဆတ်ပူနွေးသွားရသည်။

ချစ်တယ် ချစ်တယ်တဲ့လားကွယ်။

ပိုင် သူ့ကိုချစ်နေသည်တဲ့လား။

ပိုင်ဘဝတွင် သူစိမ်းယောကျ်ားတစ်ယောက်နှင့် ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



ကာ ဘယ်တုန်းကမှ မခံစားရဖူးသည့် မရခဲ့သော ရင်ခုန်လှိုက်မော

ခြင်းများသည် မောင်မောင်ကြီးကို ချစ်နေ၍ပဲလား။

သေချာပါပြီ။

သူမ မောင်မောင်ကြီးကို ချစ်နေမိပြီဆိုတာ။ နူးညံ့သည့်

အတွေ့များနှင့် အနမ်းတွေက ပိုင်နှလုံးသားလေးကို ယိုင်လဲစေ

ရပြီပဲလေ။

ချစ်ပါသည်။ သိပ်ချစ်ပါသည်ဆိုသော ချစ်စကားတွေနှင့်

မောင်မောင်ကြီးထံမှ ချစ်အနမ်းနွေးနွေးများက ပိုင်၏ဆုံးဖြတ်ချက်

ရည်ရွယ်ချက်များကို လွင့်ပြယ်စေရသည်။

အချစ်ကို အရှက်နှင့် ဟန်ဆောင်ထားပေမယ့် တကယ်

ရင်ထဲ အချစ်ဆိုသည့် အရာလေး နိုင်မြဲလာရသည့်အခါမှာတော့

အရှက်လေးက ပုန်းကွယ်ခဲ့ရပြီ။

သူ့ထံမှ ယုယကြင်နာ နွေးထွေးမှုများသည် သူမအား

အချစ်ဆိုသည့်ခွန်အားကို ပို၍ဖြစ်တည်စေရသည်။

"ချစ်"

"မောင့်ရဲ့ပိုင်"





"အို"

ပါးပြင်ချင်းကပ်ကာ နွေးလျှလိုက်မောသည့် သူ့ခေါ်သံက

ပိုင်ဘဝင်ကို ခိုက်သွားစေရသည်။

"ပိုင်"

"မောင်မောင်ကြီး"

"အို"

"အဟွန်း…ဟွန်း…ဟွန်း"

တစ်ယောက်ကိုတစ်ယောက် မရည်ရွယ်ဘဲ နှစ်ယောက်

ပြိုင်တူ ခေါ်လိုက်မိသဖြင့် ပိုင်မျက်နှာလှလှလေးမှာ ရှက်သွေးတို့

ဖြင့် ပန်းသွေးရောင်ကြွသွားရသလို မောင်မောင်ကြီးမှာလည်း

သဘောတကျနှင့် ရယ်မိသွားရသည်။

သည်နောက် မချင့်မရဲနှင့် ပိုင်ကိုယ်လေးကို မောင်မောင်

ကြီးသည် ဖျစ်ညှစ်လိုက်ပြီး…

"ပိုင်…မောင့်ကို ဘာပြောမလို့လဲ၊ ပြောလေ"

"ဟင့်အင်း…ဘာမှမဟုတ်ပါဘူး"

ပိုင်မှာ မျက်နှာရဲရဲလေးနှင့် ငြင်းလိုက်တော့ မောင်မောင်



www.burmeseclassic.com

www.burmeseclassic.com



ကြီး ပို၍ မချင့်မရဲဖြစ်သွားကာ…

"မဟုတ်တာကွာ၊ ပိုင် မောင့်ကို တစ်ခုခုပြောစရာရှိလို့ ခေါ်လိုက်တာမဟုတ်လား၊ အဲဒါ ဘာလဲပြောလေဗျာ"

နဖူးဝင်းဝင်းလေးထက် အနမ်းတစ်ပွင့် ခြွေရင်း မောင်မောင်ကြီး ပြောလိုက်သည်။

ထိုအခါ ပိုင်သည် သူ့ကို ဖျတ်ခနဲ မော့ကြည့်လာကာ…

"ဟို…တခြားမဟုတ်ပါဘူး မောင်မောင်ကြီး ကျွန်တော့်ကိုချစ်တာ ဘယ်လိုချစ်တာလဲ မေးမလို့"

"ဟောဗျာ…မောင့်ချစ်သူရယ်၊ မောင့်ကို ဘယ်လိုမေးလိုက်တာလဲဗျာ၊ မောင် ပိုင့်ကိုချစ်တာ မောင့်ချစ်သူကို မောင့်တန်ဖိုးထားပြီး ချစ်ရတယ်ဆိုတာ ပိုင် တွေးကြည့်ရင်သိပါတယ်"

မှန်ပါသည်။ မောင်မောင်ကြီး အချစ်တွေကို ပိုင် အကြွင်းမဲ့ ယုံကြည်ပါ၏။ ယုံကြည်လောက်အောင်လည်း မောင်မောင်ကြီး သည် ပိုင့်ကို အမြတ်တနိုးနှင့် တန်ဖိုးထား ချစ်ခဲ့သူတစ်ယောက်ဖြစ် သည်။

ဒါကို သူမ ငြင်းဆန်၍မရပါ။





ပိုင် ငြိမ်နေတော့ မောင်မောင်ကြီးသည် သူမသဘောထား ကို ရိပ်စားမိလာပုံနှင့် ချစ်အားတွေတက်လာကာ…

"တကယ်ပါပိုင်၊ မောင့်ဘဝမှာ အချစ်ဆိုတာ ပိုင်နဲ့တွေ့မှ သိခဲ့ရတာပါ၊ ပိုင် မောင့်အချစ်ကို လက်ခံလိုက်တဲ့အတွက် မောင်နဲ့ ဝတ်သက်ပြီး ပိုင်နောင်တမရှိစေရဘူးဆိုတာ မောင်ရဲရဲကြီး ကတိပေး ပါတယ်ဗျာ"

ပိုင်နှလုံးသားတွေ အရည်ပျော်ရပါပြီ။ သူသည် ပိုင်ကို ဒီလောက်ထိ ချစ်လိမ့်မည်ဟု ပိုင်မထင်ထားခဲ့ပါ။ မထင်ထားသည့် ကြားကဝင် ပိုင် သူ့အချစ်တွေကို သိလိုက်ရတော့ ရင်တစ်ခုလုံး သိမ့်သိမ့်ဖို ကြည်နူးသွားရသည်။

"ပိုင်"

"ဟင်"

"မောင့်ကိုချစ်တယ်နော်"

"အင်း"

"ဟေး"

"အို…ဒါဘာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်ခြည်း သူမကိုယ်လေးကို မလွှတ်တမ်းပွေ့ဖက်ကာ ရင်ချင်းဆွဲကပ်ပစ်လိုက်တာကြောင့် ပိုင်မှာ လန့်ဖျပ်သွားကာ သူ့ကိုယ်ကြီးကို ယောင်ရမ်းတွန်းထုတ်ပစ်လိုက်သည်။

သူကမလွှတ်။

"ဟိတ်…ဘာလဲကွ၊ မောင့်ကိုချစ်တယ်ဆို"

"ဟင်"

"ခင်ဗျားကို ဘယ်သူပြောလဲ"

ပိုင်မှာ အတည်ပေါက်မျက်နှာလေးနှင့် ပြောလိုက်သည်။ မောင်မောင်ကြီးမှာ အသည်းယားသွားကာ…

"အေးကွ…မောင့်ကို အသည်းယားအောင် မင်းလုပ်[ချ]တာ၊ ပြီးမှ မင်းလေးနောင်တမရနဲ့နော်"

"စိတ်ချ…ကျွန်တော့်ဘဝမှာ နောင်တဆိုတာမရှိ[ဘူး]ဘူး"

"အဟွန်း…တကယ်လား"

"တကယ်ဗျာ"

"ကောင်းပြီ…နောင်တမရှိတဲ့ ကောင်မလေးကို နောင်[တ]

နို:ပို:၀ဂ၉ပ



ရှိသွားအောင်လို့ ဟောဒီလို"

"မောင်မောင်ကြီး"

မရတော့ပါ။

သူမ၏ ထိတ်လန့်တကြား အော်သံလေးကိုလည်း မောင်မောင်ကြီး ဂရုမစိုက်တော့။ သူ့ကိုယ်ထဲ ချစ်သွေးတွေ ကြီးစိုးသွားရပြီမို့ ပိုင် သူ့ရင်ခွင်ကျယ်ကြီးထဲ လုံးဝလွှတ်၍မရပါတော့။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"အင်း…ဖယ်စမ်းပါ"

"ချစ်လွှား"

"ဟင်…ဘယ်သူ့ကိုလဲ"

"မောင့်ကိုလေ"

"ပြောပြီးပြီလေ၊ အကြိမ်ပေါင်း ထောင်သောင်းမက ရှိနေ

ပြီပဲ"

ပိုင်မှာ နှုတ်ခမ်းလေးစူကာ စိတ်မရှည်သလို ပြောလိုက်

တော့ မောင်မောင်ကြီးသည် သူ့ရင်ခွင်ထဲ သူမကိုယ်လေးကို ပို၍

တင်းကြပ်စွာ ပွေ့ဖက်ပစ်လိုက်ပြီး…

"ပြောပြီးပေမယ့် အမြဲကြားချင်နေတာကတော့ ဆ…

ဒိ-မို ၀၁၄၀



မောင် ပိုင်ရဲ့ ချစ်တယ်ဆိုတဲ့စကားသံလေးက မောင့်နှလုံးသားကို ဘယ်လောက်တုန်လှုပ်စေရတယ်ဆိုတာ ခင်ဗျားလေးမှမသိပဲကိုး"

သူမကိုယ်သူမ သတိမထားမိခင်မှာပင် ပိုင့်ထံမှ ချက်ခြောင်းလှလှလေးက မောင်မောင်ကြီးထံ လှပစွာ ရောက်ရှိသွားရ သည်။

"အဟွန်း…ဟွန်း…ဟွန်း ပိုင်ရယ်"

မောင်မောင်ကြီး ချစ်သူလှလှလေးကို ချစ်မြတ်နိုးစွာကြည့်ရင်း ရင်မှာ ကြည်မွေ့စွာ ရယ်မောမိလိုက်သည်။

ဘာလိုလိုနှင့် သူနှင့်ပိုင် ချစ်သူဖြစ်သွားခဲ့ပြီဖြစ်သည်။ ပိုင်ထံမှ အချစ်များကို သူရခဲ့ပြီမို့ မောင်မောင်ကြီးရင်ထဲ အပျော်တွေ၊ ကြည်နူးမှုတွေဆိုတာလည်း နှိုင်းယှဉ်ပြလို့ မကုန်နိုင်။

သူ့ရင်ထဲက လေးနက်သော၊ ချစ်ခြင်းများကို သူမလေး သည်လည်း သိနားလည်ပုံရပါ၏။ သူချစ်သလို သူမလေး သည်လည်း ချစ်ရှာသည်ကိုတော့ မောင်မောင်ကြီး အသိဆုံးပင်။

ချစ်သူအသစ်စက်စက်လေးကို မောင်မောင်ကြီး ချစ်မြတ်နိုး စိတ်တွေနှင့်အကြည့်…

ဒိ:မို:၀၁၄၀

www.burmeseclassic.com

www.burmeseclassic.com



"မောင်မောင်ကြီး"

"ဟာကွာ…ဘယ်လိုခေါ်လိုက်တာလဲ၊ ကိုယ့်ချစ်သူကို ဒီလိုပဲခေါ်ရသလားကွ"

"ဟင်…ဘာဖြစ်လို့လဲ"

"သေပါတော့ကွ၊ ဘာဖြစ်ရမှာလဲဗျ၊ ကြည့်စမ်းပါဦး သူငယ်ချင်းတွေသာကြားရင်တော့ မင်းကောင်လေးကို ဒီအတိုင်း ခေါ်နိုင်းရသလားဆိုပြီး မောင့်ကိုပြောတော့မှာပဲ၊ ကဲ ခေါ်စမ်းပါဦး မောင်လို့"

"ဟင်…ခေါ်ချင်ပါဘူး"

မျက်နှာနီနီလေးနှင့် ပိုင် ငြင်းလိုက်၏။ မောင်မောင်ကြီး မှာ မျက်နှာတည်သွားရပြီး…

"မခေါ်လို့မရဘူး အခိ၊ ခေါ်ရမယ်၊ ချစ်သူကြား ချစ်သူအခေါ်အဝေါ်တော့ ရှိရမှာပဲ"

ပြောပြီး ပိုင်လက်လေးတစ်ဖက်ကို တင်းတင်းဆုပ်ကိုင်၍ သူ့အနား ထိုင်နိုင်းလိုက်သည်။

သည်နောက် ရင်ခုန်ခြင်း၊ ကြည်နူးခြင်းတွေနှင့် ပိုင်မျက်



လေးကို တစ်မှိတ်မှိတ် ငေးစိုက်ကြည့်လိုက်တော့ သူ့အကြည့်တွေကြောင့် ပိုင်မှာ မနေတတ်အောင် ဖြစ်သွားရပြီး…

"မောင်မောင်ကြီးနော် ဘာကြည့်တာလဲ"

မျက်နှာလှလှလေးပေါ်သို့ လက်လေးနှစ်ဖက် အုပ်ကာ ပြောလိုက်သည်။ မောင်မောင်ကြီးမှာ အပြုံးတွေနှင့် ချစ်သူ သက်လေးကို ဆွဲဖယ်ရင်း

"ခေါ်ပြန်ပြီလား ဒီနှာမည်၊ မောင်ပြောထားတယ်လေ ပြောတဲ့အတိုင်းခေါ်ဆိုတာ"

"အို"

ပိုင်ကိုယ်လေး တွန့်သွားရသည်။ သည့်နောက် အသည်းသည်း ယားသွားရ၏။

မောင်…မောင် သူခေါ်နိုင်းသည့်အတိုင်း ပိုင်မခေါ်ရဲပါ။ ခေါ်ရမှာကိုလည်း မဝံ့မရဲ။ ရင်မှာရှက်စိတ်တွေနှင့်သာ။

သူခေါ်နိုင်းသလို ဘယ်လိုမှမခေါ်ရဲသဖြင့် ပိုင်နှုတ်ခမ်းလှလှလေးကို တင်းတင်းစေ့ပိတ်ထားရင်းက သူ့အား မျက်ဝန်းစူး တောက်တောက်လေးနှင့် ပြန်ကြည့်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်…ဘာကြည့်နေတာလဲကွ၊ ခေါ်လေ မောင်ရ[illegible]

"ဟာ…ခေါ်ရဲပါဘူး၊ ကျွန်တော် ကျွန်တော် ရှက်တ[illegible] ဗျ"

တကယ်ပင် ရှက်သွေးဖြာနေသည့် ချစ်သူ[illegible] မောင်မောင်ကြီး သနားသွားရသည်။ ကြည့်စမ်းပါဦး[illegible] သူ၏ချစ်သူလေးသည် သူ့စကားတွေကြောင့် ဘယ်လောက်[illegible] အနေရခက်နေရှာသည်ဆိုတာ။

သူ့ကိုသိပ်ချစ်လွန်း၍သာ သူမလေး သူ့အချစ်[illegible] လက်ခံရပါသည်။ သူမပုံစံ၊ သူမအပြောအဆိုတွေက ယခု[illegible] တိုင် ယောကျ်ားလေးဟန် မပျောက်သေး။

ဒါကလည်း သူမကို အပြစ်မပြောသာ။ ငယ်ငယ်[illegible] ယောကျ်ားတစ်ယောက်အသွင် စွဲလာရသည်မို့ သူမအတွက်[illegible] တာ ဝယ်တာကအစ ယောကျ်ားလေးတစ်ယောက်လိုပင်။

သူ့ကိုချစ်လျှင် ပြင်ပါမည်ဟုပြောပေမယ့် ချက်ချင်းပြ[illegible] က သူမအတွက် လွယ်သည့်ကိစ္စမဟုတ်။

ဒါကိုတော့ သူနားလည်ရမည်။



နားလည်မှုတွေနှင့်အတူ သူမလေးလက်ခံလာအောင်လည်း တဖြည်းဖြည်း သူ သိမ်းသွင်းရမည်ဖြစ်၏။

ယခုလည်း အရှက်သည်းနေသော ချစ်သူချောကိုကြည့် ပြီး မောင်မောင်ကြီး ချစ်အသည်းယားစွာနှင့်ပင်…

"အဟွန်း…ပိုင်ရယ် ဒါ ရှက်စရာမဟုတ်ပါဘူးဗျာ၊ ချစ်သူဘဝသဘာဝပဲဟာ၊ ပိုင်အတွက် အစမို့လို့ပါ၊ နောက်ဆို ပိုင် အကျင့်ဖြစ်သွားမှာပဲ၊ ခေါ်ကွာ နော်"

ချော့တစ်ခါခြောက်တလှည့်နှင့်ပင် မောင်မောင်ကြီးမှာ ယောကျ်ားမကျ မိန်းမမကျ ချစ်သူမိန်းမချောကို ပြောနေရလေသည်။

သို့သော် ချစ်သူကတော့ ခေါင်းအမာသားနှင့်ပင်။

"ဟင့်အင်းဗျာ…ဟင့်အင်း၊ ရှက်တယ်ဆို ကျွန်တော် မခေါ်ချင်သေးဘူး"

ခေါင်းလေးက သူ့ရင်ခွင်ထဲသို့ ငုံ့ဆင်းလာရသည်။ မောင်မောင်ကြီးမှာ ချစ်သူကိုယ်နွေးနွေးအိအိလေးကို ပွေ့ဖက်ထား[illegible] ရင်း…

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ပိုင်က ဘယ်တော့မှခေါ်မှာလဲ၊ ဘာလဲ မောင်တို့ သားတွေသမီးတွေရမှလား"

"ဟာကွာ သွား သွား မောင်မောင်ကြီး မကောင်းပါဘူး ဘာတွေ လျှောက်ပြောနေတာလဲ"

ပြောလည်းပြော ပိုင်သည် မောင်မောင်ကြီး ကိုယ်ကိုလည်း အတင်းတွန်းထုတ်နေလေသည်။

ပိုင်ဘယ်လိုပဲ တွန်းထုတ်နေပါစေ မောင်မောင်ကြီးသည် ပိုင်အနားမှ တစ်ဖဝါးမှမခွာဘဲ…

"အဟွန်း…ဟွန်း…ကောင်မလေးတစ်ယောက် ရှက်နေတာ အရမ်းချစ်ဖို့ကောင်းတာပဲကွာ၊ မောင်တော့ ဒီကောင်မလေးကို သိပ်ချစ်တာပဲ၊ တကယ် အဲဒါဘယ်လိုလုပ်ရမလဲ"

"မောင်မောင်ကြီးနော် ဘယ်လိုမှမလုပ်နဲ့၊ ဒါနဲ့ မောင်မောင်ကြီး သွားစရာရှိတယ်ဆို"

"အင်း…ဟုတ်တယ်"

"သွားလေ…ဘယ်ကိုသွားမလို့လဲ"

"မောင့်အိမ်ကို"





"ဟင်"

"ဘယ်လို…မောင်မောင်ကြီးအိမ်ကိုဟုတ်လား"

အံ့သြစွာ ပိုင်မေးလိုက်သည်။

မောင်မောင်ကြီးမှာ ချစ်သူ၏ အံ့သြမှုကို အပြုံးချောချော ကြီးနှင့် ငေးစိုက်ကြည့်ကာ…

"ဟုတ်တယ်ပိုင်…ကိုးမိုင်မှာ မောင် ခြံဝယ်ထားတယ်၊ အဲဒီမှာ မောင်စိတ်ကြိုက် မောင်ချစ်တဲ့မိန်းကလေးနဲ့ လက်ထပ်ပြီး နှစ်ယောက်အတူတူနေဖို့ ရည်ရွယ်ပြီး ဆောက်ထားတဲ့ တိုက်တစ်လုံးရှိတယ်"

"နေပါဦး…နေပါဦး မောင်မောင်ကြီးရဲ့ချစ်သူဆိုတာ ဘယ်သူလဲ"

ဘယ်လောက်ပဲ ယောကျ်ားလေးဆန်ပါသည်ပြောပြော ချစ်ခြင်းနှင့်ပတ်သက်လာရင်တော့ မိန်းမသဘာဝလေးက ပြန်ချင်လာရ သည်။

ချစ်သူ၏ သဝန်ကြောင်မှုကိုကြည့်ပြီး မောင်မောင်ကြီး ပြုံးကြည့်မွေ့သွားရသည်။



www.burmeseclassic.com

ဪ…သဝန်တိုသည်ဆိုတာ ချစ်၍ပဲမဟုတ်ပါလား။

အားမလိုအားမရဟန်နှယ် ချစ်သူကိုယ်လေးကို မောင်မောင်ကြီး ဖျစ်ညှစ်လိုက်ပြီး…

"အဟွန်း…သဝန်ကလည်း တိုပါ့ဗျာ၊ မောင့်ရဲ့ချစ်သူဆိုမှတော့ ဘယ်သူရှိရဦးမှာလဲကွ၊ ပိုင်ဆိုတဲ့ ယောဒိက မောင့်ရဲ့ ချစ်သူလေးပဲပေါ့"

ပိုင် နှာခေါင်းလေးကို ခပ်ဖွဖွဖျစ်ညှစ်ကာ ချစ်စနိုးပြောလိုက်တော့မှ ပိုင်မျက်နှာလေး ကြည်လင်လာရသည်။

"ပိုင်သိလား…မောင့်အိမ်ကို ဘယ်မိန်းကလေးမှ မရောက်ဖူးဘူးကွ၊ ပိုင်က မောင့်ရဲ့ ပထမဦးဆုံး ဧည့်သည်၊ အထူးဧည့်သည်၊ အဲဒီဧည့်သည်ဟာလည်း မောင့်ဘဝ၊ မောင့်နှလုံးသားကို ပိုင်စိုးမယ့်မိန်းကလေး"

သည်အသက်အရွယ် ရောက်ပေမယ့် မိန်းကလေးများနှင့် ပတ်သက်လာလျှင် ကင်းရှင်းလွန်းသည့် မောင်မောင်ကြီးကို ပိုင် အထင်မသေးရဲသလို အထင်လည်း ကြီးသွားရသည်။

ထိုသို့အထင်ကြီးအောင်လည်း တည်ငြိမ်လွန်းသောမောင့်အပြုအမူတွေက သက်သေခံနေသည်ပဲ။



"ကဲ…ထ သွားမယ်"

"ဘယ်ကိုလဲကွာ"

"မောင့်အိမ်ကိုလေ"

"ဟာ…ကျွန်တော်မလိုက်ချင်ဘူး"

"ပိုင်နော်…မဆိုးနဲ့ကွ၊ မောင်က ပိုင်ကို တမင်ရောက်ဖူးချင်လို့ခေါ်တာ၊ ပိုင်မလိုက်လို့မရဘူး"

"မလိုက်ရင်ကော"

"ရိုက်ရလိမ့်မယ်"

"ဟင်"

သူ့စကားကို ပိုင်မှာ အဟုတ်ထင်ကာ မျက်နှာလေးမဲ့သွားသည်။ ပိုင်ရယ် ကလေးတစ်ယောက်လိုပါပဲလားဆိုသည့် ချစ်စိတ်များနှင့် ကြည့်ရင်း မောင်မောင်ကြီးသည် ချစ်သူလက်လေးကိုဆွဲသား…

"သွားစို့ပိုင်"ဟုဆိုကာ ပိုင်နှင့်အတူ ကားလေးမောင်းသာ ခြံထဲမှ ထွက်လာခဲ့လိုက်သည်။

www.burmeseclassic.com

တည်ကြည်ချောမောသော မျက်နှာ၊ ခန့်ထည်သောအပြုံးတွေနှင့် ယောကျ်ားပီသကာ ချောမောလွန်းသော ကားမောင်းနေသည့် မောင်မောင်ကြီး၏ဘေးမှ ခပ်စောင်းစောင်းမြင်နေရသည့် မျက်နှာကို ပိုင် ချစ်ခြင်းတွေနှင့် ငေးကြည့်ဖြစ်သွားရသည်။

သည်လူတစ်ယောက်သည် သူမ၏၏ ချစ်ရတဲ့ချစ်သူတဲ့လားကွယ်။

ရင်မှာ မဖော်ပြတတ်သည့်ခံစားမှုဖြင့် သိမ့်ခနဲ နွေးထွေးသွားရသည်။ ဒီနောက် ကိုယ့်အဖြစ်ကို ကိုယ်ကြည့်နူးစွာပြုံးလိုက်တော့…

"ဟိတ်…ဘာပြုံးတာလဲကွ၊ ပြောစမ်း မောင့်ကိုကြည့်ပြီး မင်းလေးဘာလို့ပြုံးတာလဲဆိုတာ"

သူမအဖြစ်ကို လူမိသွားရပြီမို့ ပိုင် ဟန်မဆောင်တော့ဘဲ ရှက်ရယ်လေးရယ်လိုက်ပါသည်။

"မင်းနော်…ရယ်မနေနဲ့၊ မောင်မေးတာကိုဖြေ၊ မောင့်ကို ဘာလို့နိုးကြည့်ရတာလဲ၊ ချစ်သူချင်းပဲကွာ ကြည့်ချင်ရင် ဖြောင့်ကြည့်လည်းရပါတယ်"

နိုး·မိုး·၈၁၄၀



"ဟာ"

"ဟိတ်…ရှက်သွားတာလား၊ ဟွန်း မရှက်ပါနဲ့ကွာ မောင်က စိတ်မဆိုးတတ်ပါဘူးဗျ"

အနေခက်ပါသည်ဆိုမှ အနေခက်စေသည့်စကားတွေနှင့် စ,နေသည့် မောင်မောင်ကြီးကို ပိုင်ရှက်စိတ်တွေနှင့် ဘာမှမပြောတော့ဘဲ တစ်ဖက်သို့ လှပ်သွားလေတော့ မောင်မောင်ကြီးမှာ အသည်းယားသွားရပြီး…

"ကောင်မလေးနော်…ဒီဘက်လှည့်"

- လှည့်ဆိုပေမယ့် သူမမလှည့်ပါ။

ဒါ သူ့ကို ချစ်သူလေး စိတ်ကောက်သွားပြီဆိုတာ မောင်မောင်ကြီး သိလိုက်ပြီမို့…

"အဟွန်း‥ဟွန်း…ဟွန်း ပိုင်ရယ်ဗျာ"

ဟု မချင့်မရဲ ညည်းညူခေါ်လိုက်သည်။

သည်နောက် သူမလက်လေးကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်တော့…

"အို…ဖယ် လွှတ်ပါ"

နိုး·မိုး·၈၁၄၀

www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပါဆိုပေမယ့် မောင်မောင်ကြီးမှာ မလွှတ်သည့်အပြင် သူဆုပ်ကိုင်ထားသည့် ပိုင်လက်လေးကို ဖျော်ခနဲ ငုံနမ်းပစ်လိုက်သည်။

ပိုင်ကိုယ်လေး ဆတ်ခနဲတွန့်သွားရပြီး သူမလက်လေးကို သူလက်ထဲမှ ရုန်းထွက်ကာ…

"ဘာလုပ်တာလဲ"

"နမ်းတာလေ"

"ခင်ဗျားနော်"

"ပိုင်နော်"

သူစကားအတိုင်း လိုက်ပြောရမလားဆိုကာ ပိုင်သည် နှုတ်ခမ်းဖူးဖူးလေးကို ကိုက်ကာကြည့်ရင်း မောင်မောင်ကြီးလက်ထဲမှ သူမလက်လေးကို ရုန်းယူလျက် သူမကိုယ်လေးကို သူနှင့်ဝေးရာဆီသို့ တိုးရွှေ့လိုက်လေသည်။

မောင်မောင်ကြီးမှာ သူမအပြုအမူများကို အသည်းယားစွာ နှင့်ပင် ပြုံးကြည့်နေလိုက်သည်။

ဆိုးစမ်း။ ဒီမိန်းကလေး သူ့အပေါ် ဘယ်လောက်များ



ဆိုးနိုင်မှာတဲ့လဲ။

ချစ်သူကို ခွင့်လွှတ်ပြုံးနှင့်ပင် သူ ကြည့်နူးစွာကြည့်နေ၏။

မကြာပါ။ သူမောင်းလာသည့်ကားက နောက်ဆုံးပေါ် ဆေတ်မီနှစ်ထပ်တိုက်လှလှကြီး၏ ဆင်ဝင်အောက်တွင် ရပ်သွားရပြီဖြစ်သည်။

"ကဲ…ရောက်ပါပြီဗျာ"

သူ့စကားသံကြားမှ ပိုင် ပတ်ဝန်းကျင်ကို သတိထားမိသွားရသည်။ ချောကလက်ရောင် နှစ်ထပ်တိုက်သစ်ကြီးက သူမအား ဆီးကြိုလျက်။

ပိုင် ကားပေါ်မှဆင်းလိုက်သည်။

အကြည့်လေးများက ဝေ့ဝဲကာကြည့်ရင်း ပိုင် မျက်ခုံးလေး တွန့်ကွေးသွားရသည်။

"ဟင်…ဘယ်သူမှလည်းမရှိပါလား၊ တစ်အိမ်လုံး တိတ်ဆိတ်နေတာပဲ"

"ဟာဗျာ…မင်းမှအပြောကောင်းပါလား မချွေးပိုင်၊ ကျုပ်ကိုကို ကျုပ်ချစ်တဲ့သူနဲ့အတူ မနေရပေမဲ့ ဘယ်သူမှမထားနိုင်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုကာမှ ခင်ဗျားလေးက လူတစ်ယောက်မှမရှိဘူးပြောနေပါလား"

"ဒါဆို ကျွန်တော်တို့နှစ်ယောက်တည်းပေါ့"

"အင်းလေ…ဘာဖြစ်လို့လဲ"

ဝိုင် ဘာကိုဆိုလိုမှန်း မောင်မောင်ကြီး နားမလည်နိုင်။ သူမဘာကိုစိုးရိမ်နေတာပါလိမ့်။

ချစ်သူချောကိုကြည့်ရင်း မောင်မောင်ကြီး တိုက်တံခါးများကိုဖွင့်ကာ တိုက်ထဲဝင်လာခဲ့လိုက်သည်။

"လာ ဝိုင်"

သူ့နောက်သို့ ဝိုင်မှာ စိုးထိတ်သောစိတ်လေးများနှင့် ပါလာခဲ့ရသည်။

တစ်တိုက်လုံးကို နောက်ဆုံးပေါ် အဖိုးတန်ခေတ်မီသော ပရိဘောဂများနှင့် ပြင်ဆင်ဖွဲ့စည်းထားပုံက တကယ့်ကို အဆင့်အတန်းရှိရှိနဲ့ လှပလွန်းနေရသည်။

"လာ…ဝိုင့်ကို မောင်အခန်းတွေလိုက်ပြမယ်"

ဝိုင် ခြေလှမ်းလေးတွေ တွန့်သွားရသည်။ ဒါကို



မောင်မောင်ကြီးမှာ မသိပါ။ သူ၏ ဝကာတိရိုးရှင်းသောစိတ်နှင့်ဝင်

"ဟိတ်…လာလေကွာ၊ ဘာတွေစဉ်းစားနေတာလဲ"

သူခေါ်ပေမယ့် ဝိုင် နေရာမှမရွေ့။ လူတစ်ဦးတစ်ယောက်မှပင်မရှိသည့် တိတ်ဆိတ်ငြိမ်သက်နေရသော တိုက်ကြီးထဲတွင် သူနှင့် သူမ နှစ်ယောက်တည်းပါလားဆိုသော အသိက ဝိုင်ကို များစွာစိုးရွံ့နေစေရသည်။

သူမ၏စိုးရွံ့မှုကို သူသည် သတိထားမိပုံမရပါ။ မောင်မောင်ကြီးမှာ နေရာမှာတင် ပေကတ်ကတ်လေး ရပ်နေသော ဝိုင် ပုံစံကြောင့် အသည်းယားစွာ နှုတ်ခမ်းစေ့ပြုံးလိုက်သည်။

အင်း…သူမလေး သူ့ကိုကြောက်နေရှာပါလားဟုလည်း တွေးဖြစ်သွားရသည်။

"အဟွန်း…ဘာလဲ ဝိုင်က မောင့်ကို ကြောက်နေတာလား"

သူ့အမေးကို ဝိုင် မဖြေပါ။ တိတ်ဆိတ်ခြင်းသည် ဝန်ခံခြင်းပင် မဟုတ်ပါလား။ မောင်မောင်ကြီးမှာ ဝိုင်အဖြစ်ကို မသိဟန်ပြုလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"လာ ဝိုင်၊ မောင် ပြင်ဆင်ထားတာတွေ လိုက်ကြည့်ပါဦး"

ပြောပြီး မောင်မောင်ကြီးသည် ရှေ့မှဦးဆောင်သွားလေ ဝိုင် တစ်ယောက်တည်း နေရာမှာကျန်၍ မဖြစ်တော့သည့်အ လေးလံသော ခြေလှမ်းတွေနှင့် သူ့နောက်ပါလာခဲ့ရသည်။

တိုက်ကြီးတစ်ခုလုံးကို ရှုချင်စဖွယ် အပြင်အဆင်များ ပြင်ဆင်ထားသည်မှာ မြင်ရသူကို ငေးယူရလောက်သည့်အထိ ဖြစ်သည်။

ဝိုင်သည် ရှုချင်စဖွယ်အလှတွေနှင့် ခမ်းနားကြီးကျ လွန်းသော တိုက်ကြီး၏ အပြင်အဆင်များကို ခပ်ငေးငေး ကြည့် နေမိတော့သည်။

"ဝိုင်"

"ဟင်"

"အပျွန်း··ကြည့်စမ်း၊ ဝိုင် လန့်သွားတာလား"

"အို···ဟင့်အင်း"

ဝိုင် ရှက်ရယ်လေး ရယ်လိုက်သည်။



"ပြောစမ်း၊ ဝိုင် ဘာတွေတွေးနေတယ်ဆိုတာ"

"ဟင့်အင်း···ဘာမှမဟုတ်ပါဘူး"

"ကောင်မလေးနော် မညာနဲ့ဗျ၊ ပြော···မောင် အမှန် အတိုင်း သိချင်တယ်"

ချစ်သူကို စလိုစိတ်နှင့် မောင်မောင်ကြီး မေးလိုက်သည်။ သူ့အတွက် ချစ်သူ၏မျက်စောင်းလှလှလေးသည် သူ့နှလုံးဘဝင် ကို များစွာကြည်မွေ့စေရသည်ပဲလေ။

"ဦးမောင်မောင်ကြီး"

"ဟိတ်···တော်ပြီ တော်ပြီ၊ အဲဒီလိုခေါ်တာ မောင် မကြိုက်ဘူးလို့ ဘယ်နှစ်ခါပြောရမလဲ"

"တစ်ခါမှမပြောနဲ့"

"ဘာဖြစ်လို့"

"ကျွန်တော်က ခင်ဗျားကို အဲဒီလိုပဲခေါ်နေမှာမို့လို့ပေါ့"

"ဟာကွာ···မင်း"

"ခင်ဗျားနော်"

"ဘာလဲကွ"

www.burmeseclassic.com

www.burmeseclassic.com



"လူကို ဘာလို့ကြိမ်းတာလဲ"

"ဟောဗျာ..မောင် ဘာမှမပြောရသေးပါလား"

"အဲဒီ ဟာကွာ ဆိုတာကြီးက ကျွန်တော့်ကို ကြိမ်းတာ မဟုတ်လား"

ရော်...ခက်ပြီ။ ဒီမိန်းကလေး ဘယ်လိုပါလိမ့်။ သူ ချစ်လွန်း၍ မချင့်မရဲဖြစ်ရသည်ကိုပင် သူမက သူ့အပေါ် အထင် နေသည့်အဖြစ်။

"ချစ်"

"အို...လူကိုဘယ်လိုခေါ်လိုက်တာလဲ"

ရှက်ရွံ့သံလေးနှင့် ပိုင် ပြောလိုက်သည်။

အရှက်အကြောက် ကြီးလွန်းသော ချစ်သူကြောင့် မောင်မောင်ကြီး ချစ်စိတ်တို့ကို ရင်မှာမျိုသိပ်ကာ နှုတ်ခမ်း ခပ်ဖွဖွကိုက်လိုက်ပြီး

"မောင့်ချစ်သူကို မောင်က ကြိမ်းရက်ပါ့မလား"

"ဘာချစ်သူလဲ"

"မောင့်ရဲ့ချစ်သူ၊ မောင့်အချစ်တွေအားလုံး စုပြုံပေး





တဲ့သူ၊ နေပါဦး..ပိုင်က မောင့်အချစ်တွေကို မယုံဘူးလား"

"ဘယ်လိုဖြေရမှာလဲ"

"အဟွန်း...ပိုင့်စိတ်ထဲရှိတဲ့အတိုင်း ဖြေပေါ့ဗျ"

ကြည်စင်သော မျက်ဝန်းလေးနှင့် အကြည့်စူးစူးလေးက မောင်မောင်ကြီးထံ ရောက်ရှိလာရသည်။ ဒီနောက်

"ကျွန်တော်ယုံတာ မယုံတာ ဦးမောင်မောင်ကြီးအတွက် အရေးကြီးလို့လား"

"ဘယ်လိုပြောလိုက်တာလဲ ပိုင်၊ ချစ်သူနှစ်ဦးကြားမှာ တစ်ယောက်ရဲ့အချစ်ကို တစ်ယောက်ယုံကြည်ဖို့ဆိုတာ အလိုအပ် ဆုံးပဲပေါ့၊ မောင့်ဘဝအတွက်တော့ ဒါက အရေးကြီးဆုံးပဲ ပိုင်"

ပိုင်ထံမှ စကားသံထွက်မလာ။ မောင်မောင်ကြီး ပိုင်အနား ရောက်လာပြီးနောက် သူမမျက်နှာလေးကို ငုံ့မိုးစိုက်ကြည့်လိုက် သာ

"ဖြေလေ ပိုင်"

"ဟင့်အင်း...ကျွန်တော် မဖြေတတ်ဘူး"

"ကျွတ်...မဟုတ်တာကွာ၊ ပိုင် မောင့်ကိုချစ်တယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား"

"အင်း"

ပိုင် ခေါင်းလေးညိတ်ပြလိုက်၏။

မောင်မောင်ကြီးမှာ ကျေနပ်သွားရသလို

"မောင့်ကိုချစ်တယ်ဆို မောင့်အချစ်ကိုလည်း ပိုင် ယုံရမှာပေါ့"

သူ့စကားကြောင့် ပိုင်မှာ တွေတွေလေး ဖြစ်သွားသည်။

"မောင်ပြောတာ ပိုင်နားလည်ဘယ်မဟုတ်လား"

"ဟုတ်"

သည်လိုဆိုပြန်တော့လည်း သူ့မပုံစံက နာစ်လွယ်သည့်ကလေးတစ်ယောက်လို ချစ်သူ၏ အပြစ်ကင်းစင်မှုများအတွက် မောင်မောင်ကြီး ရင်ဝယ် တသိမ့်သိမ့်နွေးသွားရသည်။

နွေးထွေးသော ချစ်ခြင်းများနှင့် မောင်မောင်ကြီး ပိုင့်ကိုယ်လေးကို ထွေးပွေ့လိုက်သည်။

"ဟင့်အင်း...လွှတ်ပါ"

ပန်းနုရောင်သမ်းနေသော မျက်နှာလေးနှင့် ပိုင်သည်



သူ့အပွေ့အဖက်များကို ငြင်းဆန်လိုက်သည်။ ဒီနောက် တိုးတိတ်သော အသံလေးနှင့်

"ကျွန်တော်တို့ ပြန်ကြရအောင်"

"ဘာဖြစ်လို့လဲ ပိုင်"

"တိတ်ဆိတ်တဲ့နေရာမှာ ကျွန်တော်တို့နှစ်ယောက်တည်း ဘယ်ကောင်းပါ့မလဲ"

"မောင့်ရဲ့ချစ်သူရယ်"

မောင်မောင်ကြီးမှာ ချစ်သူအပေါ် အထင်ကြီးလေးစားမှုတွေနှင့် အချစ်ပိုသွားရသည်။ လူက ယောကျ်ားလေးတစ်ယောက်လို ဘယ်လိုပဲပြုမူနေထိုင်နေပါစေ၊ စိတ်ကတော့ မိန်းကလေးဆိုသည့် အသိနှင့် ကိုယ့်ကိုယ်ကို ကာကွယ်စောင့်ရှောက်ရမည်ကို နားလည်နေသူလေးကို မောင်မောင်ကြီး အထင်မကြီးဘဲ မနေနိုင်တော့ပါ။

အထင်ကြီးမှုတွေနှင့်အတူ အချစ်တွေပါ တိုးနေရသည့် အဖြစ်ကိုလည်း ချစ်သူလေး သိလိမ့်မည်မဟုတ်ပါ။

ပိုင်ရယ်...ချစ်တယ်ဗျာ ဆိုသည့် ရင်တွင်းစကားတွေနှင့်

www.burmeseclassic.com

www.burmeseclassic.com



သာ မောင်မောင်ကြီး ချစ်သူကိုယ်လေးကို ပိုး၍ တိုးမွှေဖက်ထ လိုက်သည်။

"ပြန်ကြရအောင်နော်"

တိုးတိုးတိတ်သောအသံလေးက သူ့အား ချော့မော့ဟန်။

ချစ်သူသည် သူ့အား ဒီလိုတော့ဖြင့်လည်း ချော့တတ် သည်တဲ့လား။

"ချစ် ပြန်ချင်ပြီလား"

"အင်း"

"နေပါဦးကွာ၊ ခုမှရောက်တယ်၊ ခုပဲပြန်တော့မလို့လား။ မောင် ပြင်ဆင်ထားတာတွေတောင် လိုက်မကြည့်တော့ဘူးလား"

အကြောစိမ်းလေးများ ယှက်ဖြာနေသည့် လည်တိုင်ဖွေး လေးကို ခပ်ဖွဖွနမ်းရှိုက်ရင်း ပြောလိုက်တော့ ပိုင်သည် သူ့ရင်ခွင် ထဲမှ လွန့်လူးသွားရပြီး

"ပိုင်ကို ဦးမောင်မောင်ကြီး ကြည့်စေချင်လား"

"ဘယ့်နှယ်ပြောပါလိမ့်ဗျာ၊ မောင် ပြင်ဆင်ထားတာ တွေ မောင့်ချစ်သူကို ကြည့်စေချင်တာပေါ့"





"အင်း…ဒါဆိုကြည့်မယ်"

"အဟွန်း…ဟွန်း…ဟွန်း… ပိုင်ရယ်"

ပိုင်သည် ဒီကဲ့သို့လည်း ချစ်စဖွယ်ကောင်းအောင် ပြောတတ်ရုံမက တစ်ဖက်သား၏ဆန္ဒကိုလည်း အလေးထားတတ် သူဖြစ်သည်။

သည်နောက် ပိုင်နှင့်သူ တိုက်ကြီးတစ်တိုက်လုံးကို တစ်ခန်းဝင် တစ်ခန်းထွက်နှင့် ကြည့်ဖြစ်လေသည်။

မောင်မောင်ကြီးမှာ ပိုင်အား အခန်းတိုင်းလိုလို ရှင်းပြ ပြီးနောက် တစ်ခန်းဆီသို့အကူး

"ဒါက အိပ်ခန်း"

ဟုဆိုကာ အခန်းကျယ်ကြီးတစ်ခုကို ဖွင့်ပြလေသည်။

အို…အံ့ဩစရာကောင်းလိုက်တာ။ တစ်ခန်းလုံး ပန်းနု ရောင် အပြင်အဆင်တွေနဲ့ သိပ်လှနေပါလား။

"ဘယ့်နှယ်လဲ ပိုင်၊ ကြိုက်ရဲ့လား"

"ဘာကိုမေးတာလဲဟင်"

ပိုင်မှာ သူ့စကားကို နားမလည်နိုင်သလို ပြန်မေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အဟွန်း...ပိုင် နားရှုပ်သွားပြီနဲ့တူတယ်၊ ဒီအခန်းက ပိုင်နဲ့လက်ထပ်ပြီး အတူနေမယ့်အခန်းဗျ"

"အို"

တည့်တည့်ပြောတော့မှ သိရတော့သည့် ပိုင်မှာ သူ့အား ဘာစကားမှ ပြန်မပြောရဲတော့သလို နီစွေသမ်းနေသော အလှဆုံး မျက်နှာလေးနှင့်သာ ခေါင်းလေးကို ငုံ့ကွယ်ပစ်လိုက်သည်။

ရှက်စိတ်တွေကတော့ ရင်နှင့်အပြည့်။

တစ်နေ့ ပိုင် သူ့ကိုလက်ထပ်ရမည်တဲ့လား။ အို...ဒါ ပိုင် အတွက် ရှက်စရာပါပဲလား။

မောင်မောင်ကြီးကတော့ ပိုင့်အဖြစ်ကို မသိပါ။ သူ စိတ်ကြိုက် ပြင်ဆင်ထားသည့် သူ့အခန်းကို ဝင့်ဝါယှဉ်ကြွား ကျေ မှုတွေနှင့် ပြနေလေသည်။

"သိလား ပိုင်၊ မောင်တို့နှစ်ယောက် အတူနေကြ ပိုင်က သားတွေ သမီးတွေနဲ့ အိမ်မှာကျန်၊ မောင် အလုပ်သွား

"ဟာ...ဦးမောင်မောင်ကြီး"



သည်မျှရင်ခုန်ဖွယ်ကောင်းသည့် စကားများကို ပိုင် ခံနိုင် ရည်စွမ်း မရှိနိုင်တော့ပါ။ ရှက်ပါသည်ဆိုတာထက် ရင်ခုန်ခြင်း များက သူမအတွက် ပိုနေရသည်ကိုတော့ သူမသာ သူမ သိပါ မည်။

"ဘာတွေပြောနေတာလဲဗျာ၊ ကျွန်တော် ရှက်တယ်၊ ပြန်တော့မယ်"

ပိုင်မှာ ရှက်ရွံ့ရင်ခုန်မှုတွေနှင့် ဘာကိုမှမမြင်တော့သည့် နှယ် ရဲတောက်နေသော မျက်နှာလှလှလေးနှင့် ကမူးရှူးထိုးဟန် သူ့အနားက လှည့်ထွက်သွားတော့ မောင်မောင်ကြီးမှာ သူမ ကိုယ်လေးကို အမြန်လှမ်းဆွဲထားလိုက်ပြီး

"ကြည့်စမ်း...မင်းလေး တော်တော်ဆိုးပါလား၊ မောင့် ကို တစ်ယောက်တည်း ထားသွားမလို့ပေါ့လေ၊ ဟုတ်လား"

ဟုတ်ပါသည်။ ပိုင်မှာ ရင်ခုန်ခြင်းတွေနှင့် သူ့အနား နေလိုတော့။ ကြာလျှင် သူ့စကားတွေကြောင့် သူမ ရင်ခုန်သံ တွေ ရပ်တန့်သွားမလားတောင် မသိတော့ပါ။

"ကျွန်တော်...ကျွန်တော် မနေချင်တော့ဘူး၊ ပြန်မယ်

www.burmeseclassic.com

www.burmeseclassic.com



ဗျာ''

''ပြန်မယ် ဟုတ်လား''

ပိုင့်စကားကြောင့် မောင်မောင်ကြီး မျက်နှာပျက်သွား‌သည်။ ပျက်ယွင်းနေသော မျက်နှာနှင့်ပင် ပိုင်ရှေ့ ဆီးတားလိုက်ပြီး

''မပြန်ရသေးဘူး ပိုင်''

မောင်မောင်ကြီး တားလိုက်သည်။

''ဟင့်အင်းဗျာ၊ မသိဘူး၊ ကျွန်တော် အိမ်ပြန်ချင်တာ သိတယ်''

''မပြန်ရဘူးဆို''

''ဟင်''

သူ့စကားသံ ခပ်မာမာကြောင့် ပိုင် အံ့အားသင့်သွားသည်။ ဒီနောက် သူ့အား မယုံကြည်သလိုကြည့်ကာ

''ဦးမောင်မောင်ကြီး ခင်ဗျား ဘာပြောတာလဲ၊ ကျွန်‌''

''ပိုင် ပြန်မှာကို မောင် သဘောမတူဘူးလို့ပြောတာ''

''ဟာ...ဒါ အဓိပ္ပာယ်မရှိတာဘဲ၊ ကိုယ့်အိမ် ကိုယ်ပြန်တာ''



''မှန်တယ်၊ ပိုင်ပြောသလို ကိုယ့်အိမ် ကိုယ်ပြန်တယ် ဆိုတာ မှန်တယ်၊ ဒါပေမဲ့ ပိုင် အခုမပြန်ရသေးဘူးလို့ မောင် ပြောတာ၊ ဘာကြောင့်လဲဆိုတော့ ပိုင့်ကို မောင့်အနားရှိနေစေချင်လို့''

''အို''

ပြာဝေသွားသော မျက်ဝန်းလေးနှင့် ပိုင် သူ့ကို အံ့သြထိတ်လန့်သလို မော့ကြည့်ရင်း တဒိတ်ဒိတ်ခုန်လာရသော ရင်ခုန်သံတွေနှင့် ခြေလှမ်းလေးကို နောက်သို့ဆုတ်လိုက်မိသည်။

မောင်မောင်ကြီးမှာ ချစ်သူလေး သူ့အပေါ် နားလည်မှုလွဲသွားသည်ကို သိလိုက်သည်မို့

''ပိုင်..မောင် ပြောတာက...''

''ဟာဗျာ...မသိဘူး မသိဘူး၊ ကျွန်တော် ဘာမှမသိချင်တော့ဘူး၊ ပြန်..ပြန်တော့မယ်''

''ပိုင်''

သူတားနေသည့်ကြားက ပိုင် သူ့စကားကိုလက်မခံဘဲ

www.burmeseclassic.com

www.burmeseclassic.com



ဖွတ်ပင် ပြန်ရန်ပြင်တော့ မောင်မောင်ကြီး နားလည်မှုလွဲသွားသည့် ချစ်သူအတွက် အခက်တွေ့သွားရပြီးနောက် ချစ်သူအား ဒီအတိုင်း ပေးမလွှတ်နိုင်တော့ဘဲ သူမကိုယ်လေးအား သူ့ရင်ခွင်ထဲက လွတ်မသွားအောင် တင်းတင်းကြီး ပွေ့ဖက်ပစ်လိုက်တော့သည်။

"ဖယ်...ဖယ်နော်"

"မဖယ်ဘူး"

"ခင်ဗျား...အို"

ပိုင်မှာ ရင်ခုန်သံတွေမြန်လျက် စိတ်လှုပ်ရှားနေရပြီဖြစ်သည်။ စိတ်လှုပ်ရှားပါသည်ဆိုမှ မောင်မောင်ကြီးသည် သူမ ကိုယ်လေးကို တင်းတင်းကြီး မလွှတ်တမ်း ထွေးပွေ့ထားရာ ပိုင် မှာ ပြောဖွယ်မရှိပါတော့။

"မောင့်ကို မင်းလေး တလွဲထင်နေပြီမဟုတ်လား ပိုင် တကယ်တော့ မောင့်ကို အဲဒီလို စိတ်လှုပ်ရှားအောင်လုပ်တာ ပိုင်ပဲ"

"ခင်ဗျားနော်၊ ဘာဆိုင်လို့လဲ"

"ဆိုင်တာ မဆိုင်တာတော့ မောင် မသိဘူး၊ အ





လောလောဆယ်မှာတော့ ပိုင်ရဲ့ မောင့်အပေါ် စိုးရွံ့ထိတ်လန့်ဟန်က မောင့်ရဲ့တည်ငြိမ်နေတဲ့ နှလုံးသားကို လှုပ်ခါသွားရတာအမှန်ပဲ"

"အို...ဒုက္ခပါပဲလား"

"စိတ်ချ ပိုင်၊ ပိုင် မောင့်ကြောင့် ဘယ်တော့မှ ဒုက္ခ ရောက်စေရဘူးဆိုတာ မောင် ရဲရဲကြီးအာမခံရဲတယ်၊ ပိုင်ကို မောင် အဲဒီလောက်ထိချစ်တယ်၊ မြတ်နိုးတယ်ဆိုတာ ချစ် သိရဲ့လားဟင်"

ပိုင် သိပါ၏။ သိ၍လည်း သူ့အချစ်များကို ထိတ်လန့်နေရခြင်းဖြစ်သည်။

မောင်မောင်ကြီးမှာ သူ့အချစ်များကို အထင်လွဲရပါ့မလား ဆိုသော အသည်းဆတ်ဆတ်ခါနာနေသလောက် ပိုင်ကတော့ သူ့ ခံစားချက်များ လျစ်လျူရှုထားသည့်နယ် သူ့ထံမှ အကြည့်လေး များလွှဲလျက် သူ့အနားက ထွက်သွားဖို့သာ ကြိုးစားနေလေသည်။

ထိုအဖြစ်အတွက်ရင်နာစွာဖြင့် မောင်မောင်ကြီး အံကြိတ် ထိုက်သည်။

"ဖယ်...ကျွန်တော် ဟိုဘက်ကြည့်ဦးမယ်"

"မောင့်စကားတွေကိုရော ပိုင် အလေးအနက်ထားရဲ့



www.burmeseclassic.com

www.burmeseclassic.com



လား''

''ဘာလို့လဲ၊ ကျွန်တော့်ပုံစံက ခင်ဗျားအမြင်မှာ မလေး

နက်လို့လား၊ ဒါဆိုလည်း မချစ်နဲ့တော့''

''ပိုင်နော်၊ ဘာဆိုင်လို့ ဒီစကားပြောတာလဲ''

''သိပ်ဆိုင်တာပေါ့၊ ကျွန်တော့်အချစ်တွေကို ခင်ဗျား

အဲဒီလိုအထင်သေးမယ်ဆို ခင်ဗျားနဲ့ ကျွန်တော် စောစောစီး

လမ်းခွဲလိုက်တာပဲ ကောင်းမယ်''

''ဘာပြောတယ် ပိုင်''

သူ့အသံက ခက်ထန်သွားရသည်။

''ခင်ဗျား ကျွန်တော့်ကို မအော်ပါနဲ့''

''သြော်...အယော..အော်တယ်ဟုတ်လား၊ ဒီမှာ ပိုင်

မင်းပြောလိုက်တဲ့စကားက မောင့်နှလုံးသားကို ဓားနဲ့ခွဲလိုက်တာ

ကွ၊ ပြောစမ်း ပိုင်၊ မင်းမှာ မောင်နဲ့လမ်းခွဲဖို့ ဒီလိုရည်ရွယ်ချက်တွေ

တောင် ရှိနေပြီလားဆိုတာ''

ပြောရင်းက အားမလိုအားမရကြီးနှယ် ပိုင့် ပခုံးသားလေး

ကို ဖျစ်ညှစ်လိုက်မိသည်။



''အား...နာတယ်၊ လွှတ်''

ပေါက်ကွဲမတတ်ဖြစ်သွားရသည့် သူ့စိတ်ကို မောင်မောင်

ကြီးမှာ ပြန်လည်လျှော့ကာ

''ဆောရီးပဲ ပိုင်၊ မောင် ပိုင်နဲ့ပတ်သက်လာရင် ခံနိုင်

ရည်မရှိဘူး၊ ဒါကြောင့် မောင့်နှလုံးသားကို ခံနိုင်ရည်မရှိတဲ့စကား

တွေ ပိုင် မပြောပါနဲ့လို့ မောင် တောင်းပန်ပါရစေ''

သူ့စကားတွေက နူးနူးညံ့ညံ့နှင့် ခယစွာ။

ပိုင်သည်ပင် သူ့ကို ပြန်၍ အားနာသွားရသည်။

တကယ်တော့ ပိုင်လည်း သူ့ကို သိပ်ချစ်ပါသည်။ ချစ်

သွန်း၍လည်း ပိုင်သည် သူမဘဝကို သူမ ပြောင်းလဲကာ သူ့

အတွက် တန်ဖိုးထားရသည့် မိန်းကလေးတစ်ယောက်ဖြစ်အောင်

ကြိုးစားနေမှန်း သူ သိမည်မဟုတ်။

ချစ်တာတစ်ခုတည်းကိုသာ သိပြီး သူမဘက်က ခံစား

ချက်များကို နည်းနည်းလေးမှ ကိုယ်ချင်းစာ နားလည်မှုမပေးတတ်

သည့် သူ့ကို ပိုင် တစ်ခါတစ်ခါတော့လည်း သူ့ကိုချစ်မိတာ

မှားသွားပြီလားဟူ၍ပင် နောင်တရမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုင် သူ့ကို ဘာလို့ချစ်မိရတာပါလိမ့်။ ပိုင်နှင့် သူ ဆိုတာ တခြားတစ်ဖက်ဆီမှာ။

နီးမလိုလိုနှင့် ဝေးနေရသူများ။

သူ့ကိုချစ်မိသည့်အချစ်များကို ပိုင် စဉ်းစားလို့မရပါ။

"ပိုင်"

"ဟင်း…ရှင်"

"ဘယ်လို ပိုင်၊ ရှင်လို့ ထူးလိုက်တယ် ဟုတ်လား"

"အို…ဘုရားရေ"

သူမဟာကွက်ကို ထောက်ပြလိုက်တော့ ပိုင် ရှက်ရွံ့ တွေ တစ်ကိုယ်လုံး ဖြန့်ဝေသွားကာ နေစရာမရှိတော့။

ရှက်ရှက်နှင့် သူ့ကို အလန့်တကြား မော့ကြည့်လိုက်တော့

"ဟင်"

တဒိန်းဒိန်းနှင့် ရင်ခုန်သံတွေ ဆောင့်ခုန်မြန်ဆန်သွား ပါတော့သည်။ ချစ်ခြင်းတို့ ပျော်ဝင်စီးမျောနေသော ရွှန်းစိုတောက် သည့် မျက်ဝန်းတွေနှင့် ပိုင်အား ညှို့ယူဖမ်းစားလိုက်ပြီဖြစ်သည်။

ရင်ခုန်သံတွေမြန်စွာနှင့်ပင် ပိုင် ခေါင်းလေးမော့



ပါတော့။

"မော့ပါဦးဗျာ၊ ပိုင်ရဲ့ ရှက်သွေးဖြာနေတဲ့ မျက်နှာလေး ကို မောင် ကြည့်ပါရစေဦး"

"အို…ဟင့်အင်း"

"အဟွန်း…ချစ်ရယ်၊ ဒါ ရှက်စရာလားကွာ၊ မိန်းကလေး တ မိန်းကလေးလို ရှင်လို့ ထူးတာ ရှက်စရာမှမဟုတ်တာဘဲ"

"ဟာကွာ…မပြောနဲ့၊ မသိဘူး၊ ပိုင် ရှက်တယ်"

"ဟာ…ပိုင်…ပိုင်ရယ်"

သူ၏ချစ်သူလေးသည် နုနည့်သည့် ပန်းလေးတစ်ပွင့် ဖြစ်သွားရလေပြီ။

သည်အဖြစ်က မောင်မောင်ကြီးအား ရစ်ခုန်ကြည်နူးခြင်း များစွာ ဖြစ်တည်စေရ၏။

"ပိုင်"

ပိုင် မထူးပါ။

မောင်မောင်ကြီးမှာ ပြုံးလိုက်ပြီး

"ရှင်လို့ နောက်တစ်ခါထူးပါဦး ပိုင်၊ မောင် ပိုင့်ထူးသံ

www.burmeseclassic.com

www.burmeseclassic.com



လေးကို ကြားချင်သေးတယ်''

ဘာပဲပြောပြော ချစ်သူကို စိတ်ချမ်းသာမှုပေးစေချင်သည်က ချစ်တတ်သူတို့၏သဘာဝပင်ဖြစ်သည်။ ပိုင်လည်း ချစ်တတ်သူမို့ ခေါင်းလေးငုံ့ မျက်နှာလေးဝှက်ကာ

''ရှင်''

ဟု ထူးလိုက်လေသည်။

''အပွန်...ပွန်း...သိပ်ချစ်တာပဲ ပိုင်ရယ်၊ မောင့်နှလုံးသားတွေ အရည်ပျော်ရပါပြီဗျာ''

သူ၏အပြုံးငွေ့သမ်းနေသော မျက်နှာချောချောကြီးကို ပိုင်မကြည့်ရဲတော့ပါ။ သူမရင်ထဲ ရှက်ရွံ့စိတ်တွေနှင့်အတူ ကြည်နူးခြင်းတွေကလည်း နေရာယူလျှက်။

အချစ်၏အရသာဆိုတာ ဒါပေပဲလား မသိ။ ပိုင် ယော်တော့ပါ။

မောင်မောင်ကြီးမှာ အသည်းယားဖွယ် ချစ်သူလေး၏ အပြုအမူကြောင့် ချစ်စိတ်တွေနှင့် ရင်ခုန်စွာ

''မောင်တို့ အမြန်ဆုံးလက်ထပ်ကြပါစို့လား ပိုင်''



မြတ်စွာဘုရား။

ဒါ ဘယ်လိုဖြစ်သွားရတာပါလိမ့်။

လက်ထပ်ဖို့အရေး သူချက်ချင်းကြီး ဘာဖြစ်လို့ တောင်းဆိုလာရတာပါလိမ့်။

''နော် ပိုင်၊ မောင်တို့ လက်ထပ်ကြစို့''

''ဒါက ဘယ်လိုဖြစ်သွားရတာလဲ၊ ပြောတော့ ပိုင်ကို ကျောင်းပြီးအောင် စောင့်ဦးမယ်ဆို၊ ခုတော့လည်း ချက်ချင်းကြီး''

''ချက်ချင်းကြီးလို့တော့ မပြောပါနဲ့ဗျာ၊ အမှန်အတိုင်းပြောရရင် ပိုင့်အချစ်ကို ရပြီးကတည်းက ဟောဒီကောင်မလေးကိုအောင် လက်ထပ်ချင်နေတာ''

''လွန်တာပေါ့''

''ဘယ်ကလွန်ရမှာလဲကွ၊ ချစ်လွန်းလို့ ချစ်သူကို ပိုင်ဆိုင်ချင်တာ အပြစ်မှမဟုတ်တာ၊ ပိုင်ကရော မောင်နဲ့အတူ မနေချင်ဘူးလား''

''ဟင့်အင်း''

''ဘာ''





www.burmeseclassic.com

www.burmeseclassic.com

"ကြည့်...ဒေါသချည်းပဲ၊ ဒါတွေကိုပဲ ပိုင်ကြောက်တာ"

"ပိုင်...ပိုင်ရယ်"

မောင်မောင်ကြီး အချစ်တွေပေါက်ကွဲသွားရပြီ။ နွေးထွေးနူးညံ့သည့် ပိုင့်ကိုယ်လေးကို သူ့ရင်ခွင်ထဲက လုံးဝပေးမလွှတ်ပါတော့။

နွေးထွေးသန်မာသော လက်များဖြင့် တင်းကျပ်စွာပွေ့ဖက်တုပ်နှောင်ထားမှုများကြားတွင် ပိုင် ရင်လေး လှိုက်ဖို နွေးရသည်။

"ချစ်တယ်ဗျာ၊ သိပ်ချစ်တယ်၊ မောင်တို့ ဘယ်တော့မခွဲကြေးနော်၊ မခွဲပါဘူးလို့ မောင့်ကို ကတိပေးစမ်းပါ ပိုင်"

"လွှတ်ပါ၊ ဘယ်သူက ခွဲမယ်ပြောနေလို့လဲ"

သူ့ရင်ဘတ်ကို လက်လေးနှင့်တွန်းထုတ်ထောက်ထား၍ ပြောလိုက်သည့် ပိုင့်စကားများက မောင်မောင်ကြီး နှလုံးသားကို အရည်ပျော်သွားစေရပြီဖြစ်သည်။

မောင်မောင်ကြီးမှာ ပိုင့်ကိုယ်လေးကို သူ့ရင်ခွင်ထဲ နစ်ဝင်သွားအောင် တိုးဖက်လိုက်ရင်း





"ပိုင်ရဲ့အချစ်တွေ ပိုင်ဆိုင်ခွင့်ရတာ မောင် သိပ်ကံကောင်းတာပဲနော်"

"ပိုင်လည်း ကံကောင်းချင်တယ်"

"ဘာရယ် ပိုင်၊ ပိုင် ဘာပြောလိုက်တယ်"

"ဦးမောင်ရဲ့အချစ်တွေ ပိုင်လည်း အပြည့်အဝရချင်တယ်လို့ ပြောတာ"

လှိုက်တက်လာသည့် ခံစားမှုများကြောင့် မောင်မောင်ကြီး စကားပြောနိုင်ဖွယ်ပင် မရှိပါ။ သူ၏ချစ်သူလေးသည် စကားပြောမပြောနှင့်၊ ပြောမည့်ပြောတော့လည်း သူ့နှလုံးဘဝင် အသွေးအသားများကို ဆူပွက်သွားအောင် ကိုင်လှုပ်နိုးထစေနိုင်သည့် စကားကိုမှ ပြောတတ်သည်တဲ့လား။

မောင့်ရဲ့ချစ်သူရယ် ဆိုသည့် မချင့်မရဲညည်းညူမှုနှင့်ပင် မောင်မောင်ကြီး ချစ်သူအား မြတ်နိုးစွာ ငေးစိုက်ကြည့်လိုက် သည်။

"ဦးမောင်နော်...ပိုင်ကို ဘာကြည့်နေတာလဲ၊ ပိုင်ပြောတာကို ပြန်ဖြေဦးလေ"

"အဲဒီစကားအတွက် ဦးမောင်မှာ ဖြေစရာအဖြေမရှိဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတာရော ပိုင် မသိချင်ဘူးလား"

"အင်း"

လှပသော အပြုံးလေးနှင့် ခေါင်းညိတ်ပြလိုက်ေ မောင်မောင်ကြီးမှာ မျက်ဝန်းများကို မှေးစင်းလျက် ပိုင်အား စိုး ကြည့်လာကာ

"ဘာဖြစ်လို့လဲဆိုတော့ ပိုင့်ကို မောင် အသက်နဲ့ထပ် အချစ်တွေအားလုံး ပေးထားပြီးလို့ပဲပေါ့"

"ဦးမောင်ရယ်"

မောင်မောင်ကြီးသည် သူ၏အချစ်များကို စကားနှ မဟုတ်။ လက်တွေ့ပါ သက်သေပြနေသည်ပဲလေ။

"အို...အို"

ရှက်ရွံ့မှုသံလေးတွေနှင့် တိုးတိတ်စွာ ငြင်းဆန်သံ များက လေနှင့်အတူ လွင့်ပျောက်ကွယ်သွားရသလို။

အချစ်မှုး အချစ်ရူးသူတွေအတွက် အချစ်သည် လို နက်နဲမှုတွေ ၊င် ဆန်းကြယ်နေရသည်ပဲလေ။

အချစ်ကြောင့် နေ့သစ်လေးဖြစ်သွားရပြီမဟုတ်လား။

□ □ □

## အခန်း (၇)

ပိုင် သူမမျက်နှာလေးကို သူမ မှန်ထဲ ပြန်မကြည့်ရဲတော့ ပါ။ ကြည့်လိုက်ပါက သူမ ကိုယ့်ကိုယ်ကို မလုံမလဲ ဖြစ်သွား မလို့။

ဒါပေမဲ့ မကြည့်ဘဲနှင့်လည်း မနေနိုင်။ ကြည့်လိုက်ပြန် တော့ မှန်ထဲက သူမပုံရိပ်က သူမကိုယ်သူမ လှောင်ပြောင်နေသလို တစ်ကိုယ်လုံး ရှက်ရွံ့ထူပူသွားရသည်။

ခန့်ထည်တည်ကြည်သော သူ့ရုပ်သွင်။

မောင် တဲ့လားကွယ်။

ညှို့ယူဖြားဝေနိုင်သော မျက်ဝန်းစူးစူးရှရှကြီးများက ပိုင့် မျက်ဝန်းထဲက ပျောက်ဖျက်လို့မရသလို သူ့ရုပ်သွင်ချောချောကြီး

www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်မြင်ယောင်တိုင်းလည်း ပိုင့်နှလုံးသားများ ဖိုနွေးသွား

သည့်အဖြစ်။

သိပ်ချစ်ပါတယ်မောင်ရယ် ဆိုသည့် စကားများကို ရင်

ပိုင် ရှက်ပြုံးလေးနှင့်ဆိုရင်း မျက်ဝန်းလေးအစုံကို ဖျတ်ခနဲ မှိတ်

ပစ်လိုက်သည်။

ချစ်ခြင်းတွေနှင့် သူမအား ချစ်မြတ်နိုးနိုင်လွန်းသော

မောင့်အချစ်များကို သူမ ပိုင်ဆိုင်ခွင့်ရသည်မှာ သူမအတွက် အထူ

းကောင်းသည်လို့ပဲ ပြောရမည်လား။

သေချာတာကတော့ မောင်သည် သူမကိုသိပ်ချစ်သည်

သူမကလည်း မောင့်ကိုသိပ်ချစ်ခြင်းပင် ဖြစ်၏။

ပိုင်မှာ တစ်ခါတစ်ခါတော့လည်း သူမအဖြစ်များကို သူ

အံ့သြမိရသည်။ ပိုင့်ဘဝတွင် ယောက်ျားတစ်ယောက်ကို ခုလို

နင့်နင့်သည်းသည်း ချစ်သွားလိမ့်မည်လို့ သူမ ဘယ်တုန်းက

မထင်ထားခဲ့ပါ။

ယောက်ျားလေးတစ်ယောက်လို ယယ်စဉ်ကတည်းက

ပြောဆိုနေထိုင်ခဲ့သော သူမဘဝတွင် ဆန့်ကျင်ဘက် ယော





တစ်ယောက်၏ အချစ်ဆိုတာကို ဘယ်တုန်းကမှ မစဉ်းစားခဲ့ဖူး

ပါပေ။

သည်လို ဆန့်ကျင်ဘက် ယောက်ျားတစ်ယောက်၏အချစ်

ကို ဘယ်တုန်းကမှ ယောင်လို့တောင် မစဉ်းစားခဲ့ဖူးသည့် သူမ။

ခုလို မောင့်အချစ်များကို ပိုင်ဆိုင်ခွင့်ရလိုက်ခြင်းက ပိုင့်ဘဝအတွက်

အထူးအဆန်းနှင့် မယုံကြည်နိုင်စရာပင်ဖြစ်သည်။

ထို့အတူ သူမ၏မိဘများ ဒီအဖြစ်ကိုသိပါက ဘယ်

လောက်များ အံ့သြလိုက်မည်မသိ။

အံ့သြစရာတွေနှင့် မယုံကြည်နိုင်သည့်ကြားက ပိုင်

မောင့်မျက်နှာချောချောကြီးကို မြင်ယောင်တွေးရင်း ကြည်နူးမှု

ရှက်ပြုံးတွေနှင့် ပြုံးလိုက်မိသည်။

ပိုင်ဆိုသည့် ဂိန်းကလေးမဆန်သော သူမကို မောင်သည်

မြတ်မြတ်နိုးနိုး ချစ်ရှာလွန်းသည်ကိုလည်း ပိုင် သိပါ၏။ ထို့အတူ

မောင့်အချစ်များကို ပိုင် ယုံကြည်မိတာကိုလည်း ဝန်ခံမိပါ၏။

ဘာပဲဖြစ်ဖြစ် မောင်မောင်ကြီးဆိုတာ ပိုင်ရဲ့ချစ်သူဖြစ်သလို

ပိုင်ကိုယ်တိုင်ကလည်း သူ့အပေါ် လိုက်ဖြာနင့်သည်းစွာ ချစ်မိခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရပြီဖြစ်သည်။ သူစိမ်းယောကျ်ားတစ်ယောက်နှင့် ပတ်သက်ကာ ဘယ်တုန်းကမှ ရင်မခုန်ခဲ့ဖူးသော သူမ၊-ခုတော့ဖြင့် မောင့်ကြောင့် ပင် သူမ အကြိမ်ကြိမ်ရင်ခုန်ခဲ့ရပြီ။

သိပ်ချစ်သည့် ချစ်သူများဖြစ်လာပြီဆိုတော့လည်း တစ်ယောက်နှင့်တစ်ယောက် မြင်ချင်တွေ့ချင်နေမိသည်မှာ မဆန်း။ ချစ်သူရင်ခွင်ကျယ်ကြီးထဲတွင် သူမတိုယ်လေး နိုဝင်နားကာ ချစ်စကားတွေ ပြောချင်သည့်မှာလည်း အဆန်းမဟုတ်။

ချစ်တတ်သူတိုင်းလည်း ထိုကဲ့သို့ပင် ဖြစ်ပါလိမ့်မည်။ သို့သော် ထိုသူများနှင့် ဆန့်ကျင်ဘက်သူက ပိုင်။

မောင်မောင်ကြီး သိပ်ချစ်၍ ချစ်သူကို မျက်စိအောက်က အပျောက်မခံနိုင်သလို ပိုင်သည်လည်း သူ့လိုပင် ခံစားမှုများ ရှိလိမ့်မည်လို့ ထင်ထားပေမယ့် တကယ်တော့ မောင်မောင်ကြီး ထင်ထားသလို မဟုတ်ခဲ့ပါ။

တစ်အိမ်တည်း အတူရှိသည်ဆိုပေမယ့် ပိုင်သည် သူ့အား အကြောင်းအမျိုးမျိုးနှင့် ရှောင်ဖယ်ကာ မိဘနှစ်ပါးနှင့် အစ်မဖြစ်သူ အနားတွင်သာ ရှိနေတတ်သည်မှာ ချစ်သူရယ်လို့ သူတစ်ယောက်





လုံး ရှိနေပါလားရယ်လို့လည်း သတိရပုံမရ။

ကလေးဆိုးတစ်ယောက်လို မိဘနှစ်ပါးနှင့် အစ်မများ တွင် ချွဲနွဲ့ရင်း အပြုံးလှလှလေးတွေနှင့် ရှိနေတတ်သော သူမသည် သူ့ရင်ထဲက ခံစားချက်များကိုလည်း နားလည်ပုံမရပါ။

မောင်မောင်ကြီးမှာကတော့ မျောက် မီးခဲကိုင်မိသလို အချိန်နှင့်အမျှ ချစ်သူနှင့် နှစ်ကိုယ်ချင်းဆုံကာ စကားပြောနိုင်ဖို့ကို ကြိုးစားနေပါသော်လည်း ထိုအဖြစ်သည် မအောင်မြင်ခဲ့ပါ။

သူမနားတွင် တစ်ယောက်မဟုတ်တစ်ယောက် အမြဲရှိနေ အောင်လည်း ပိုင်သည် ထိုသူများအနား ကပ်နေတတ်သူလည်း ဖြစ်သည်။ မောင်မောင်ကြီးမှာ ထိုအဖြစ်ကိုကြည့်ပြီး မချင့်မရဲနှင့် အသည်းယားနေရတော့သည်။

ပိုင်-ဲ့သူမလေး ဒါ သူ့ခံစားချက်များကို သူမ နည်းနည်း လေးမှ ဂရုမပြု၊ ဂရုမစိုက်တာ။ တကယ်ဆို သူ သူမလေးကို သိပ်ပြီးတွေ့ချင် ဆုံချင် စကားပြောချင်နေသည်ကို သူမ မသိ မဟုတ်၊ သိနိုင်ပါလိမ့်မည်။

ဒါက မောင်မောင်ကြီးအထင် ဖြစ်သော်လည်း ပိုင့်ကို



www.burmeseclassic.com

www.burmeseclassic.com



တာက ကလေးဆန်ရုံကလွဲပြီး ဘာမှသိနားလည်သူ မဟုတ်။ ထို့ကြောင့်လည်း မောင်မောင်ကြီး အကြံအစည်တွေကို သူမ လုံးဝမသိပါ။

သူမဘက်က ထိုကဲ့သို့ မသိလေလေ နေမထိ ထိုင်မသာ နှင့် အခက်တွေ့နေရသူက မောင်မောင်ကြီးရယ်ဖြစ်သည်။

သူ့ခံစားမှုတွေ ချစ်သူလေးသိအောင် မောင်မောင်ကြီး ဘယ်လိုပဲ အရိပ်အယောင်ပြပြ ပိုင်ကတော့ မသိသလိုလုပ်ကာ သူ့အနားတွင် ရှိမနေတတ်။

အင်း...ဒီလိုတော့ဖြင့် မဖြစ်ပါတော့။

မောင်မောင်ကြီး တစ်ခုခုကိုကြံစည်ရပေတော့မည်။ ဒီရေ တော့ မောင်မောင်ကြီး သူ့အကြံကို အကောင်အထည်ဖော်ရန် အခွင့်အရေးက သူ့အား ပေးလာလေသည်။

ထိုသည်ကား အခြားမဟုတ်။

ပိုင့်မိဘနှစ်ပါးသည် ပဲခူးရှိ ဆွေမျိုးတစ်ဦး နေမကောင်း သဖြင့် နံနက်စောစောကပင် ပဲခူးသို့ ခရီးထွက်သွားလေသည်။

ပိုင်၏မိဘနှစ်ပါးနှင့်အတူ ပိုင့်အစ်မ သဇင်လည်း မီး

ဒို : မို : ၀၁၄ပ



များနှင့်အတူ ပဲခူးသို့ လိုက်ပါသွားသဖြင့် အိမ်တွင် ပိုင်သာ ကျန်ရစ် ခဲ့လေသည်။

ထိုသည်ကပင် မောင်မောင်ကြီးအတွက် အခွင့်အရေး ဖြစ်လေမှန်း မောင်မောင်ကြီး နားလည်လိုက်၏။

ပိုင်မှာ မိဘများမရှိတော့သည်နှင့် သူမ အခန်းထဲက မထွက်။ ထွက်ရန်လည်း ပိုင် မဝံ့ရဲ။

အိမ်တွင် မောင်မောင်ကြီးရှိနေသည် မဟုတ်ပါလား။ ပိုင် သူနှင့်မျက်နှာချင်းမဆိုင်ချင်။

သူနှင့်ဆုံရလေတိုင်း ပိုင် နှလုံးသားတွေ တုန်လှုပ်ပူနွေး ရသဲမို့ ပိုင် ထိုခံစားမှုတွေကို မခံစားလိုပါ။

ဒါကြောင့် သူနှင့်မတွေ့ရလေအောင် ပိုင် သူမအခန်းထဲ သူမ နေလိုက်ခြင်းဖြစ်သည်။

ထိုအခါမှ ပိုင် စိတ်ထဲ တင်းကျပ်မှုတွေမရှိတော့သလို ပွတ်လပ်နေရသလို။

သူမအပေါ် မောင်မောင်ကြီး တစ်နေ့တစ်နေ့ ဘယ်လို များ ပေါက်ကွဲလိမ့်မလဲလို့ ရင်တထိတ်ထိတ်နှင့် ရှိနေရသည်

ဒို : မို : ၀၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်။

သည်အဖြစ်ကို သူ ဘယ်လိုခံစားနေရမည်လဲ။ ပိုင် မတွေး ချင်တော့ပါ။ မောင်မောင်ကြီးနှင့် သူမ ချစ်သူဖြစ်နေခြင်းကို ပိုင် အနေနှင့် ဘယ်သူကိုမှ မသိစေချင်ပါ။ သိသွားမှာကိုလည်း ပိုင် သေမလောက် ရှက်ပါသည်။

မိဘများနှင့် အားလုံး၏အမြင်တွင် ပိုင် နှလုံးသားသည် အဖြူရောင်သက်သက်နှင့် ရှိနေစေချင်သူ။ ဒါ ပိုင် မလွန်ဘူး ထင်ပါရဲ့။ ထိုအတွက် ပိုင်ကို သူ စိတ်ဆိုးနေမည်လား။

ရှိစေတော့။ သူ စိတ်ဆိုးလည်း ပိုင် ခံရုံသာရှိတော့ သည်။ သူနှင့်ချစ်မိပေမယ့် ပိုင့်စိတ်မှာ ဘာကိုမှမရှုပ်ထွေးစေချင်။

ပိုင်ဆိုတာ ထိုကဲ့သို့ လွတ်လပ်ပေါ့ပါးစွာနေချင်သူ။ ပိုင် သူ့ကိုချစ်မိခြင်းသည် ပိုင်ရဲ့လွတ်လပ်ခွင့်တွေ အားလုံး ဆုံးရှုံး လိုက်ရပြီလား။

ပိုင် နောင်တ မရချင်တော့။

သူ့ကိုချစ်မိသည့် အချစ်တွေထဲ နောင်တတွေပါ မပါဝင် ချင်။ မောင်မောင်ကြီးကိုချစ်မိသည့် ချစ်ခြင်းထဲတွင် ပိုင်ဘက်က

ဝို : မို : ဝ၇၆ဝ



အဖြူစင်ဆုံး အသန့်ရှင်းဆုံးသာ ပေးချင်ပါ၏။

ဒါက ပိုင်ရဲ့စေတနာသာ ဖြစ်ပါ၏။

ဒီစေတနာကို သူသိလိမ့်မည်မဟုတ်။

ရှိစေတော့ ဒီအတိုင်းပင်ရှိစေတော့ဆိုသည့် စိတ်နှင့်ပင် ပိုင် ပင့်သက်ကိုအချ။

"ပိုင်"

"ဟင်"

"ဦးမောင်မောင်ကြီး"

ပိုင့်မှာ အံ့ဩမှုတွေနှင့် အိပ်ရာမှဆတ်ခနဲ ထထိုင်လိုက်မိ သည်။ ဒီနောက် ကြည်စင်ပြာလဲ့သော မျက်ဝန်းလေးနှင့်။

"ဘာကိစ္စရှိလို့လဲဟင်"

သူမအမေးကို မောင်မောင်ကြီးမဖြေပါ။ တည်တင်း ခန့်ညားသောမျက်နှာနှင့်ပင် သူမအခန်းထဲသို့ ရဲရဲကြီးဝင်လာပြီ။

"ကိစ္စရှိမှ မောင်ကပိုင်နဲ့ တွေ့ရမှာလား ဂိုင်"

"ရှင်"

သူ့အသံ တည်တည်ပြတ်ပြတ်ကြီးကြောင့် ပိုင်ဘာပြောရ

ဝို : မို : ဝ၇၆ဝ

www.burmeseclassic.com

www.burmeseclassic.com



မည်မသိတော့။ ကြည့်စမ်း သူ့ပုံစံက တစ်ခုခုကို စိတ်ဆိုးနေသည့် ပုံ။ သူဘာကို စိတ်ဆိုးနေတာပါလိမ့်။

ပိုင် နားမလည်ပါ။

နားမလည်၍လည်း...

"ဟို...ဦးမောင်မောင်ကြီး ဘာဖြစ်နေတာလဲဟင်"

"ဘာဖြစ်နေတာလဲ စပြောရရင် အဲဒီဦးမောင်မောင်ကြီး ဆိုတဲ့အခေါ်ကစပြီး ပြောပါလိမ့်မယ် ပိုင်၊ နေပါဦး ပိုင်က ကိုယ့်ချစ်သူကို အဲဒီလိုပဲ ခေါ်နေတော့မှာလား"

"ဟင်"

"နောက်ပြီး ပိုင် မောင့်ကို ဂရုမစိုက်တဲ့ကိစ္စ"

"ဂရုမစိုက်တဲ့ကိစ္စ ဟုတ်လား"

"ဟုတ်တယ် ပိုင် မောင့်ကို ချစ်သူတစ်ယောက်လိုနေ သဘောထားရဲ့လား"

ပိုင့်အကြည့် ဗွေဗွေလေးက မောင်မောင်ကြီးထံရောက်ရှိ သွားပြီး

"ဘယ်လိုပြောလိုက်တာလဲ ပိုင်က ဦးမောင်မောင်ကြီးကို





ချစ်သူလိုသဘောမထားလို့ ဘယ်လိုသဘောထားနေလို့လဲ"

"ဩော်...ဒါတော့ ခင်ဗျားသိသေးတယ်နော်"

"ဦးမောင်မောင်ကြီးနော် ပိုင့်ကို မရွဲ့နဲ့ သိလား၊ ဦးမောင်မောင်ကြီး ပိုင့်ကို ဘာမကျေနပ်တာလဲ၊ မကျေနပ်တာကို ပြော"

"အဟော့...ပြောမှာပါ...ပြောမှာပါ၊ ကျုပ်ကလည်း ဒီကိစ္စကို သိပ်ပြီးပြောချင်နေတဲ့ ကောင်ပါ၊ ဒီကောင်ရင်ထဲမှာ ဘာတွေဘယ်လို ခံစားနေရတာတွေရော သိရဲ့လားပိုင်"

"ဘယ်သိမလဲ"

"အဟွန်း...ဘယ်သိပါ့မလဲ၊ မင်းက မောင့်ရင်ထဲက ခံစားမှုတွေကို အမြဲတမ်းလျစ်လျူရှုမှ ကျေနပ်တဲ့သူကိုး"

"ဦးမောင်မောင်ကြီး"

"သိပ်ချစ်တယ်၊ ချစ်လွန်းလို့လဲ ချစ်သူကို တစ်နေ့ မမြင်ရရင် မနေနိုင်ပါဘူးဆိုတဲ့၊ မောင် မင်းနဲ့ မတွေ့ရ မဆုံရတဲ့ နေ့တွေမှာ ဘယ်လောက်ခံစားရမလဲဆိုတာ တွေးမိရဲ့လား"

"ပိုင်မှမသိဘဲ"



www.burmeseclassic.com

မျက်တောင်ရှည်ကြီးများကို စင်းချလျက် ပိုင် ပြောလိုက်သည်။ စူးရဲသောအကြည့်တွေနှင့် မောင်မောင်ကြီးသည် ပိုင်အား ကြည့်နေဆဲက

"ဘယ်သိပါ့မလဲ မင်းက ဒီကကောင်ကို ချစ်တာမှ မဟုတ်ဘဲ"

ပိုင့်ထံမှ အကြည့်စူးစူးလေးက သူ့ထံဖျတ်ခနဲရောက်ရှိလာပါသည်။

"ဘာပြောတယ်...မချစ်ဘူး ဟုတ်လား၊ ဟုတ်တယ် ဟုတ်တယ် မချစ်ဘူး၊ မချစ်ဘူးထင်တဲ့မိန်းကလေးကို ခင်ဗျား ဘာလို့ ဆက်ချစ်နေသေးလဲ မချစ်နဲ့တော့ပေါ့"

"ဒီမှာ ကျုပ်ဟာ အမိလို အပြောင်းအလဲမြန်တဲ့ကောင် မဟုတ်ဘူး၊ အဲဒီလိုပဲ ကိုယ့်ချစ်သူအပေါ် စိမ်းကားရက်စက်တဲ့ လည်း မဟုတ်ဘူး"

"ဟင်...ခင်ဗျားစကားတွေ သိပ်လွန်လာပြီ၊ နေ ကျွန်တော်က အပြောင်းအလဲမြန်တယ်၊ စိမ်းကားရက်စက်တ ပြောရအောင် ခင်ဗျားအပေါ် ဘာတွေလုပ်ခဲ့လို့လဲ"



မျက်ဝန်းနှစ်မှာ အားပြိုင်ဆုံသွားပါလေသည်။ ဒီအကြည့် တွေထဲတွင် တစ်ဦးအပေါ်တစ်ဦး ချစ်ခြင်းနှင့် နာကျင်မှုများ။

ကိုယ့်ခံစားမှုနှင့်ကိုယ် နားလည်မှုလွဲနေသော မောင်မောင်ကြီးနှင့် ပိုင်မှာ မာနကိုယ်စီနှင့် အလျှော့ပေးရန်လည်း ခဉ်းစား။

အကြည့်တွေ အတန်ကြာအားပြိုင်ကြည့်နေရာမှ နက်မှောင် န်းစိုသော ပိုင့်မျက်ဝန်းလှလှကြီးထဲမှ မျက်ရည်ကြည်များက ါးပြင်ထက် တစ်ပေါက်ချင်းစီးကျလာရသည်။

"ပိုင်ရယ်"

မောင်မောင်ကြီး စိတ်ကို လျှော့လိုက်ပါ၏။

ချစ်သူ၏မျက်ရည်စတွေသည် သူ့နှလုံးသားထဲမှ သွေးစက်များပင် မဟုတ်ပါလား။

မျက်ရည်များ ပြည့်အိုင်နေသော မျက်ဝန်းလှလှလေးနှင့် ကြည့်လိုက်သောအကြည့်ဒဏ်ကို မောင်မောင်ကြီးတစ်ယောက် နိုင်တော့သလို ပိုင့်ကိုယ်လေးကို သူ့ရင်ခွင်မှာတင်းကျပ်စွာ တ်လိုက်ရုံမက မျက်နှာချင်းပူးကပ်တိုးဝှေ့ကာ လှိုက်လှဲသော

www.burmeseclassic.com



အနမ်းတွေ ပိုင့်မျက်နှာလေးထက် ကျရောက်သွားပါတော့သည်။

ပိုင်မှာ ရှက်စိတ်နာကျည်းစိတ်တွေနှင့် ပိုင် သူ့ရင်ခွင်ထဲ
ရုန်းထွက်ဖို့ ကြိုးစားလိုက်သည်။

“ဟိတ် မရုန်းနဲ့လေ၊ မောင့်ကို မချစ်ဘူးလား”

ပိုင် မဖြေ။ နှုတ်ခမ်းဖူးဖူးလေးကိုသာ ခပ်တင်းတင်း
ဖိကိုက်ထားလိုက်သည်။ မျက်နှာလှလှလေးကတော့ ဒေါသတွေ
နီမြန်းလျက်။

“ဘာလို့ မောင်နဲ့ မတွေ့တာလဲ”

“မတွေ့ချင်လို့ပေါ့”

“ဘယ်လို…မတွေ့ချင်လို့ ဟုတ်လား”

ပြောရင်းက မောင်မောင်ကြီး ရယ်လိုက်သည်။

ဒါ သူ့ချစ်သူလေး သူ့ကို အရွဲ့တိုက်နေသည်တဲ့
ကလေးဆန်လွန်းသည့် ချစ်သူကို မောင်မောင်ကြီးအပြုံးတွေ
လွှမ်းမောစွာကြည့်ရင်းက

“သိပ်ချစ်တာပဲ ပိုင်ရယ်၊ ပြီးတော့ သိပ်လွမ်းတာ

“ဟင်”



ပိုင် အနေခက်သွားရ၏။ ဒီနောက် ရှက်စိတ်တွေနှင့်။

“ပြောစမ်း…ပိုင်ရော ဒီရက်တွေမှာ မောင့်ကိုမလွမ်းဘူး
လားဆိုတာ”

“မလွမ်းပါဘူး”

“တကယ်”

“သူများလို မညာတတ်ဘူး သိလား”

“သူများဆိုတာ ဘယ်သူ့ကိုပြောတာလဲ၊ မောင့်ကိုလား”

“ဒါတော့ ကိုယ့်ကိုယ်ကို ပိုသိမှာပေါ့”

“အေး…ပိုသိဆို ကိုယ်က မင်းလေးကို ပိုချစ်တာကိုး
ကွ”

ပိုင်က သူ့မျက်နှာကို တစ်ချက်မော့ကြည့်လိုက်တော့
မောင်မောင်ကြီးမှာ ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ ပိုင်အား
မျက်စိတစ်ဖက် ဖျတ်ခနဲ မှိတ်ပြလိုက်သည်။

“အို”

ပိုင်မှာ သူ၏လူငယ်ဆန်သော အပြုအမူကြောင့် ပါးလေး
နှစ်ဖက် နီရဲသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်နေတာလဲ၊ လွှတ်ပါ၊ ဟွန်း…သူကိုယ်ရ လှုငယ်များမှတ်နေလား မသိဘူး"

"အဟွန်း…လူငယ်မမှတ်ပေမယ့် အချစ်မှာတော့ အမြဲတမ်း ငယ်နေတာ ပိုင်မှမသိဘဲ"

"ကြည့်စမ်း…ပြောလေကဲလေနဲ့ နည်းနည်းမှအရှက်မ ဘူး"

"အချစ်က ရှက်စရာမှမဟုတ်တာ"

"ဟာ..လွှတ်..လွှတ်စမ်းပါ"

"ချစ်"

"အို"

ပိုင်မှာ ချစ်ရောင်ရှမ်းစိုနေသော သူ့အကြည့်များအောက် တွင် မနေတတ်တော့လောက်အောင် ရင်ခုန်သံတွေ တိုးမြန်နေရ တော့သည်။

သူ့ရင်ခွင်ထဲမှ ရုန်းထွက်နိုင်အောင် သူမ ဘယ်လိုကြိုး စားရမှာပါလိမ့်။ ခက်သည်က မောင်မောင်ကြီး။

ချစ်စောဟုန်နေသော သူ့ကို ပိုင်ဘယ်လိုဟန့်တား ခြင်း





ဆန့်၍ မရနိုင်အောင် သူ့အချစ်များက ပိုင်တစ်ကိုယ်လုံးအနှံ့ ရောက် ရှိနေရသည်။

နီးကပ်လွန်းသည့် အနေအထားမှို သူ့ထံမှ ကိုယ်သင်းနံ့ ခပ်ဖျော့ဖျော့ကလည်း ပိုင်ကို ယစ်မူးဖွယ်။ တစ်နည်းအားဖြင့် ပိုင်နှလုံးသားကို ညှို့ငင်ယူနေသလို။

"ဟင့်အင်း…လွှတ်ဆို"

တုပ်နှောင်တော့မည့် သူ့အချစ်များအောက်က ပိုင် ကိုယ်လေးရုန်းထွက်ပစ်လိုက်သည်။

"လွှတ်…ပိုင် မကြိုက်ဘူးနော်"

"မောင့်ကိုလား"

"ဟုတ်တယ်"

"ဟောဗျာ…ဘာဖြစ်လို့လဲ"

"ပိုင်မကြိုက်တာတွေ ခင်ဗျားက ဘာလို့လုပ်လဲ"

"အဟွန်း…ပိုင်ရယ်"

"သွားပါ"

"သွားပါမယ်ဗျာ၊ ဒါပေမဲ့ မသွားခင် မေးစမ်းပါရစေဦး၊



www.burmeseclassic.com

www.burmeseclassic.com



ပိုင် မောင့်ကိုချစ်လား"

"အင်း"

ပိုင်မှာ မျက်ဝန်းချင်းအဆုံမခံဘဲ ခေါင်းလေးညိတ်ပြလိုက်သည်။ သူနှင့် မျက်ဝန်းချင်းဆုံပါက သူမရင်ခုန်သံတွေ ပေါက်ကွဲသွားမည်လား မသိတော့။

"နောက်ကို မောင့်ကို ခုလိုမတွေ့ဘဲနေဦးမှာလားဆိုတာ ပြောဦး"

"ဟင့်အင်း"

"တကယ်နော်"

"မယုံဘူးလား"

သည်တစ်ခါတော့ မျက်ဝန်းလေး ထောင့်ကစ်ကာ ပိုင် မေးလိုက်သည်။ သူမ၏ ထိုပုံစံလေးက သူ့ရင်ကို ရူတတ်ကြီး ဖြစ်စေသွားရကာ

"ပိုင်ရယ်..ပိုင့်ကို မောင်မခွဲချင်တော့ဘူးဗျာ"

"အို...ဘာတွေပြောနေတာလဲ၊ လွှတ်စမ်းပါ၊ အပြင်မှာ အသံကြားတယ်၊ ဘယ်သူလဲမသိဘူး၊ ဖယ်...လွှတ်"



ရစ်ဖွဲ့ရန် ကြိုးစားလာသည့် သူ့လက်များအတွင်းက ယ်ရှားကာ ပိုင် ရုန်းထွက်လိုက်တော့ မောင်မောင်ကြီးသည်လည်း လိုက်သင့် ဖြေလွှတ်ပေးလိုက်သည်။

"ကဲ...သွားတော့နော်၊ တော်ကြာ တစ်ယောက်ယောက် င်သွားရင် မကောင်းဘူး"

မောင်မောင်ကြီးမှာ သက်ပြင်းတစ်ချက်ရှိုက်ကာ ပိုင်၏ င်သော မျက်နှာလေးကို ငေးစိုက်ကြည့်လာလေသည်။

"ပိုင် မောင့်ကိုသွားစေချင်လား"

"ပိုင့်အတွက်ရော ဦးမောင်မောင်ကြီးအတွက်ပါ ပိုင် သွားတာပါ"

"အင်း...ဟုတ်ပါပြီလေ၊ ပိုင်ပြောတာ မောင် နားလည် တယ် ချစ်ရယ်၊ ဒါပေမဲ့ မသွားခင်တော့.."

"အမေ့...အို"

"ဦးမောင်မောင်ကြီး"

ချိုမြိန်ပြင်းရှသည့်အနမ်းတွေသည် ပိုင့်မျက်နှာလေးထက် တစ်ဆင့် ပိုင် လည်တိုင်လေးတစ်လျှောက်ဆီ အချစ်၏ ရင်ခုန်

www.burmeseclassic.com

www.burmeseclassic.com



ခံစားခြင်းများကို ပိုင်နှလုံးသားလေး နွေးလျှက်စွာ ခံစားနေရတော့သည်။

"သိပ်ချစ်တာပဲဗျာ"

"အို…လွှတ်ပါ"

ခပ်ဖွဖွကျရောက်လာသည့် သူ့အနမ်းများကို ဖယ်ရှားရင်း ပိုင် ရင်သိမ့်တုန်စွာ ပြောလိုက်သည်။

မောင်မောင်ကြီးမှာ ချစ်သူလေး အနေခက်သည့်ကိုသိသည်မို့ ချစ်သူလေးအား သနားကရုဏာထားကာ သူ့ကိုယ်လေးကို ကြင်နာမှုတွေနှင့် ပြေလွှတ်ပေးလိုက်သည်။

သည့်နောက် ပိုင်အား စူးစူးစိုက်စိုက်လေးကြည့်ကာ မခွဲနိုင်မခွာရက်သော မျက်ဝန်းများနှင့်…

"မောင်သွားတော့မယ် ပိုင်"

ဟုဆိုကာ ပိုင် နဖူးဝင်းဝင်းလေးကို တစ်ချက်နမ်းပြီးနောက် အခန်းထဲမှ ထွက်ခွာသွားလေသည်။

သူထွက်သွားမှ သူ့နောက်ကျောပြင်ကြီးကိုကြည့်ကာ ပြုံးသက်ပြင်းချလိုက်သည်။





မလွှယ်ပါလား မောင်ရယ်

ဟုချ၍လည်း ပိုင့်ရင်ထဲ ခပ်လေးလေး ဆိုလိုက်မိပါ၏။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

လက်လေးနှစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကာ ပိုင်တစ်ယောက် အခန်းထဲ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိသည်မှာ ဘယ်နှစ်ကြိမ်မှန်းပင် မသိတော့။

သူမမျက်နှာလှလှလေးထက်မှာတော့ တစ်စုံတစ်ယောက်အပေါ် ခံပြင်းခြင်း၊ နာကြည်းခြင်းများနှင့် စိတ်ရှုပ်ထွေးဟန်လေးပေါ်လွင်နေရသလို နှုတ်ခမ်းဖူးဖူးလေးကိုလည်း သွားစွယ်ချွန်ချွန်လေးဖြင့် ဖိကိုက်ထားလိုက်သည်။

သည်နောက် သူမအကြည့်များက ခုတင်ပေါ်ဝယ် ခေါင်းအုံးနှင့်မျက်နှာအပ်ကာ တအင့်အင့်နှင့် ငိုရှိုက်နေသော အစ်မဖြစ်သူ သဖင်ထံသို့ အကြည့်လေးများ စူးစခဲ့ရောက်ရှိသွားရ၏။

အစ်မဖြစ်သူ၏မျက်ရည်များကို မြင်ရလေ ပိုင်နှလုံးသား



ဝယ် မခံမရပ်နိုင်အောင် နာကျင်မှုတွေနှင့် ဖြစ်ရလေဖြစ်သည်။

ရှင်းရှင်းပြောရလျှင် အစ်မဖြစ်သူ ခုကဲ့သို့ ခံစားနေရသည့်အဖြစ်ကို ပိုင်သည် သူမ ခံစားနေရသလိုပင် ရင်မှာမချိနိုင်အောင်ရှိနေရသည်။

အစ်မဖြစ်သူ သဖင် ခံစားနေရခြင်း၏ အဓိက တရားခံမှာ ကျော်သူလတ်ဆိုသော လူကြောင့်ပင်ဖြစ်သည်။

အတွေးနှင့် ပိုင်သည် ရင်ဝယ်မချိစွာ နာကျင်မှုတွေနှင့်စားပွဲပေါ်မှ စာရွက်လေးကို နောက်တစ်ကြိမ် ဖတ်လိုက်ပြန်သည်။

သဖင်

*မင်းနဲ့ငါ အဖြစ်တွေကို မသိစေချင်ရင် ငါချိန်းတဲ့နေရာကို မင်းအရောက်လာခဲ့ပါ။ ငါ မင်းနဲ့စာရင်းရှင်းစရာရှိတယ်။ ကျော်သူလတ် ဆိုတဲ့ ငါဟာ မင်းထင်ထားသလို လွယ်လွယ်နဲ့ အလျှော့ပေးမယ့်သူ မဟုတ်ဘူးဆိုတာတော့ မင်းမေ့မထားပါနဲ့။ ငါချိန်းတဲ့နေရာ မင်းမလာရင်တော့ မင်းနဲ့ငါ့အကြောင်းကို လူတွေသိအောင် အားလုံးဖွင့်ပြောရလိမ့်မယ်။*

*ကျော်သူလတ်*

www.burmeseclassic.com

www.burmeseclassic.com



"တောက်"

တဆုံးသွားတိုင်း သူမထံမှ ခံရခက်ခက် နာကျင်စံပြင်း မှ 'တောက်' ခေါက်သံက ထွက်လာရမြဲဖြစ်သည်။

လူယုတ်မာ ကျော်သူလတ်။

သင်း ဒါ အကျပ်ကိုင်လိုက်တာပေါ့လေ။

သဇင်ဆိုတာ ရိုးရိုးအေးအေး နေတတ်သူ။ ဒါကို သင်းက အခွင့်အရေးယူ အကျပ်ကိုင်ကာ အစ်မဖြစ်သူ သဇင်ကို စိန်ခေါ် လိုက်သည့်အဖြစ်။

တကယ်ဆို သဇင်နဲ့ ကျော်သူလတ် ဆိုတာက အထက် တန်းကျောင်းမှာကတည်းက လူငယ်ချင်း မေတ္တာမျှလာကြသူတွေ

ကျော်သူလတ်၏ မိဘတွေသည် ငွေကြေးပြည့်စုံ ချမ်းသာ သူများဆိုပေမယ့် စည်းကမ်းနှင့်နေတတ်ကြသူများ မဟုတ်။ ထိုသူ ထဲတွင် ကျော်သူလတ်တစ်ယောက်လည်း အပါအဝင်ဖြစ်သည်။

လွတ်လပ်မှုကိုမက်မောကာ ဘဝကို ခပ်ပေါ့ပေါ့ ခပ်လွယ်လွယ်သာ သဘောထားတတ်သော ကျော်သူလတ်သည် ရုပ်ချောသလို အပြောကောင်းသူလည်းဖြစ်သည်။





ဆယ်တန်းအောင်ကာ တက္ကသိုလ်ရောက်ပြီးမှ ကျော်သူ လတ်သည် လွတ်လပ်မှုကို ပိုရှုံမှိုင်လာလေ၏။

ဒါကပင် သူ့ဘဝ၏ လမ်းစအမှားဖြစ်သည်။ တက္ကသိုလ် ရောက်တော့ ကျော်သူလတ် အပေါင်းအသင်းပိုစုံလာသည်။ ကောင်းသူရော မကောင်းသူပါ ပေါင်းမိတဲ့ ကျော်သူလတ်၊ နောက်ဆုံး သူကိုယ်တိုင်မကောင်းတဲ့သူထဲ ပါသွားတော့သည်။

အပေါင်းအသင်းများကာ ဆေးချ၊ အရက်သောက်၊ ဖဲရိုက် နှင့် မကောင်းသည့် ဒုစရိုက်ပေါင်းစုံကို လုပ်တတ်သော ကျော်သူ လတ်သည် နောက်ဆုံးချစ်သူဖြစ်သည့် သဇင်ကိုပင် ဂရုမစိုက် တော့ဘဲ ရှိလာလေသည်။

သဇင်ကတော့ သူလိုမဟုတ်။

အချစ်ဦးမို့ ကျော်သူလတ်ကို သိပ်ချစ်ပါသည်။

ချစ်လွန်း၍လည်း ကျော်သူလတ်ဆိုးသမျှဒဏ်ကို ခံခဲ့ လေ၏။ ကျော်သူလတ် လိုသမျှငွေကို သဇင်သည် ၎င်းမရှိသည့် အထဲမှ ထုတ်ပေးခဲ့သလို ချစ်သူ ကျော်သူလတ်ကိုလည်း အဆိုး ထဲမှ အကောင်းဖြစ်စေရန် ပြောဆိုနားချနေတတ်သူလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်…

သူမ အယ်လောက်ပဲ နားချပြောဆိုနေပါစေ။ ကျော်သူလတ်ကတော့ ဂရုမစိုက်ခဲ့။ အဆိုးထဲမှာပင် တဝဲလည်လည်နှင့် ရှိနေခဲ့သည်။

သည်ကြားထဲ ကျော်သူလတ်သည် သဇင်ထံမှ ငွေကိုလည်း လိုသလောက် တောင်းယူနေခဲ့သည်။ သဇင်ကတော့ ချစ်သည့်စိတ်ဖြင့် ချစ်သူကို အပြစ်မမြင်ရက်ဘဲ ကျော်သူလတ် တောင်းသမျှငွေကို ပေးခဲ့လေသည်။

ဒါကို ဝိုင်နှင့် မိဘများက မသိခဲ့ပါ။

သိသည့်အချိန်မှာတော့ ကျော်သူလတ် အခြေအနေက ဆိုးဝါးနေရပြီဖြစ်သည်။ ကျော်သူလတ်မှာ ဆေးသမားလုံးလုံး ဖြစ်ရုံမက ငွေကို ရသမျှ ရသည့်နည်းနှင့်လည်း ကြံဖန်နေတတ်သူဖြစ်သည်။ ဆေးသမားဖြစ်သည့် သူ့အတွက် ငွေသည် အချိန်နှင့်အမျှ လိုအပ်နေရပြီမဟုတ်ပါလား။

နောက်ဆုံးမှာတော့ ကျော်သူလတ် ငွေဝင်လမ်း ဘယ်ကမှ မမြင်သောအခါ ချစ်သူ သဇင်ဆီသို့ ဦးတည်လာလေ၏။



သဇင် ရိုးတာ အေးတာ သူ့အပေါ် ချစ်တာတွေကို အခွင့်ကောင်းယူကာ ကျော်သူလတ်က သဇင်ကို ငွေညှစ်လေ၏။

အစတော့ သဇင်သည်လည်း ကျော်သူလတ်ကိုချစ်၍ ဘယ်သူမှမသိအောင် ချစ်သူကို ငွေများ တိတ်ဆိတ်ပေးခဲ့ပါသည်။

ထိုသို့ ပေးနေသည့်ကြားမှပင် ကျော်သူလတ် တဖြည်းဖြည်း ပို၍ဆိုးလာခဲ့သည်။ သဇင် ပေးနေသည့်ကြားက သဇင်ပေးသည့်ငွေနှင့် ကျော်သူလတ် မလုံလောက်အောင် ရှိလာခဲ့သည်။

ထို့အပြင် သဇင်ထံမှ ငွေအလွယ်တကူရသည်မို့လည်း ပို၍ရဲတင်းလာကာ နောက်ထပ်ငွေများများရရန် ကြံလေတော့သည်။

ခုတော့ ထိုအကြံအတိုင်း ကျော်သူလတ်သည် သဇင်ကို ငွေညှစ်လာလေပြီ။

"အဟင့်…ဟင့်…ဟင့်…ဝိုင်ရယ်၊ ဘယ်လိုလုပ်မလဲကွယ်၊ မမတော့ ဘာမှမကြံတတ်တော့ပါဘူး၊ သူ..သူ ဘာလို့များ မမအပေါ် ဒီလောက်အထိ ရက်စက်ရသလဲဆိုတာ မဖြေနိုင်အောင် စဉ်းစားလို့မရတော့ပါဘူးကွယ်"

ဖြူသောမျက်နှာလေးမှာ နီမြန်းလျက် မို့အစ်နေအောင်

www.burmeseclassic.com

www.burmeseclassic.com



ငိုထားသော မျက်ခွံမို့မို့လေးနှင့် မျက်ဝန်းထဲမှ မျက်ရည်စများ။

မမရယ်...

ဗိုင် ရင်မှာမချိနိုင်ပါ။

ရှိးပါသည်။ အပါသည်။ အေးဆေးပါသည်ဆိုတဲ့ မိန်းကလေးကိုမှ ကျော်သူလတ် ဒီလိုအနိုင်ယူရက်လေခြင်း။

သူ့စာထဲကအတိုင်းဆိုပါက ကျော်သူလတ်သည် သူ ပြောသည့်ငွေ မရပါက သူနှင့် သဇင် အဖြစ်ကို လူတွေသိအောင် အထူးသဖြင့် ဂုဏ်သိက္ခာနှင့် ရိုးသားကြိုးစားမှုကို တန်ဖိုးထားပါ သော မိဘနှစ်ပါးနှင့် အသိုင်းအဝန်းမှ လူများသိအောင် ရိုးသား သော သဇင်၏သိက္ခာကိုချ၍ ပြောရန်ဖြစ်သည်။

ထိုအဖြစ်ကို သဇင်သည် လက်မခံနိုင်သလို ထိုအဖြစ် တွေကို လူတွေသိမှာကိုလည်း သဇင် ကြောက်ပါ၏။ အထူးသဖြင့် မိဘနှစ်ပါးနှင့် သူမပတ်ဝန်းကျင်။

သည်အဖြစ်တွေကို သဇင်အနေနှင့် ဘယ်လိုမှ အသိမ်ခံ၍ မရပါ။ ရှက်ပါသည်။ ဒီအဖြစ်တွေကို သူမပတ်ဝန်းကျင် အသိုင်းအဝိုင်းနှင့် မိဘများသိပါက သဇင် ရှက်တာနှင့်ပင် သေသွား





မည်လား မသိတော့။

ကျော်သူလတ်ကို ယေိစိတ်နှင့် ချစ်ခဲ့မိသလို အချစ်ဦး ရယ်လို့ ဖြစ်လာပြန်တော့လည်း သဇင်ဘက်က သစ္စာမပျက်ယွင်း ဘဲ ချစ်ခဲ့သည့်အဖြစ်။

ကျော်သူလတ်ကတော့ သူမအချစ်ကိုအသုံးချကာ သူမအား ငွေတွင်းတစ်ခုလို သဘောထားခဲ့သူဖြစ်မှန်း သဇင် နောက်မှ သိခဲ့ရလေသည်။

သိသည့်အချိန်မှာလည်း သဇင် အများတွေအတွက် ပြင်ဆင်၍မရတော့။ ကျော်သူလတ်နှင့် ပတ်သက်ကာ သဇင်ဘက် က နောက်ဆုတ်မည်ကြံတိုင်း ကျော်သူလတ်သည် သူမကို အကျပ် ကိုင်မှုတွေနှင့်သာ သူမအား ရုန်းထွက်ခွင့်မရအောင် ချည်နှောင် ခဲ့သူဖြစ်သည်။

ခုတော့ သူ၏ချည်နှောင်မှုတဲ့ သဇင်ဘဝတစ်ခုလုံးကို ရစ်ပတ်လာရပြီဖြစ်သည်။

"ဗိုင်"

"မမ"



www.burmeseclassic.com

www.burmeseclassic.com



"မမ ဘာလုပ်ရမလဲကွယ်၊ သူ ယုတ်မာလွန်းတယ်၊ မမ‥မမ သူ့ကို သတ်ပစ်ချင်တယ် သိလား"

သဇင်သည် တသိမ့်သိမ့်ငိုရှိုက်နေရမှ နာကျင်ခံပြင်းမှုတွေနှင့် နှုတ်ခမ်းလေးကို ဖိကိုက်ကာ ဒေါသနှင့်ဆိုလိုက်မိလေသည်။

ပိုင်မှာ အစ်မဖြစ်သူ၏ ခံစားချက်ကို နားလည်ကာ

"သိပ်လည်းမစိုးရိမ်ပါနဲ့ မမရယ်၊ ဒီကိစ္စ ပိုင် ကြည့်ရှင်းလိုက်ပါ့မယ်၊ မမသာ စိတ်အေးအေးနဲ့နေ"

"ဘယ်လို ပိုင်၊ ဒီကိစ္စကို ပိုင် ကြည့်ရှင်းလိုက်မယ် ဟုတ်လား"

"အင်း"

ရဲဝံ့စွာပင် ပိုင် ခေါင်းလေးညိတ်ပြလိုက်သည်။ သူ့ရင်ထဲက ကျော်သူလတ်နှင့် ပတ်သက်ကာ ဆုံးဖြတ်ချက် တစ်စုံတစ်ရာ ပိုင်ပိုင်ချထားသည့်ဟန်။

သဇင်မှာ ညီမဖြစ်သူအတွက် စိုးရိမ်သွားရသည်။ ပိုင်သည် ငယ်ရွယ်သူပီပီ အရာရာကို တဇွတ်ထိုးလုပ်တတ်သည့်သူ။ သူ့



ပိုင်ကိုပြောမိတာ မှားပြီထင်ပါရဲ့။

"ပိုင် ဘယ်လိုလုပ်မှာလဲဟင်၊ ကျော်သူလတ်ကို သွားတွေ့မှာလား"

ပိုင်ကိုကြည့်ကာ သဇင် မေးလိုက်သည်။ ပိုင်သည် ခေါင်းမညိတ်သလို ခေါင်းလည်းမခါပါ။ သို့သော် သူမရင်ထဲ ဆုံးဖြတ်ချက်ရှိနေသည့်နှယ်။

"ပြောလေ ပိုင်၊ ပိုင် ကျော်သူလတ်ကို သွားတွေ့မလို့လားဆိုတာ"

"မမ ဘာကိုစိုးရိမ်နေတာလဲဟင်၊ စိတ်ချ…ပိုင်အတွက် မမ ဘာမှစိတ်မပူနဲ့၊ ပိုင် အားလုံးကြည့်ရှင်းတတ်တယ်၊ ခုကိစ္စက ကျော်သူလတ်ကို ပိုင် သွားမတွေ့လို့မရဘူး ,မမ၊ တွေ့ပြီးရှင်းမှကို ဖြစ်မှာ"

"ဟင်…ဒါဖြင့် ပိုင်‥"

"ဟုတ်တယ်…ပိုင် သွားတွေ့မယ်"

"အို"

ဖြူဖျော့နေသော မျက်နှာလေးနှင့် သဇင်မျက်နှာပျက်သွား

www.burmeseclassic.com

www.burmeseclassic.com



ရပါတော့သည်။ သူမအနေနှင့် ညီမဖြစ်သူတစ်ယောက်တည်း လွှတ်ရမည်ကို စိတ်မချနိုင်ပါ။

"ဒါဖြင့် ဒီလိုလုပ် ပိုင်၊ ပိုင်နဲ့မမ နှစ်ယောက် ကျော်သူ လက်ကို သွားတွေ့မယ်"

"ဟာ…မဟုတ်တာ၊ မဖြစ်ဘူး၊ မဖြစ်ပါဘူး၊ မမ မလိုက်ရဘူး၊ ပိုင်တစ်ယောက်တည်းပဲသွားမယ်"

သဖင်စကားကို ပိုင် ခါးခါးသီးသီး ငြင်းဆန်လိုက် သည်။ ပိုင် ကြည့်ရတာ ဒီကိစ္စ သဖင်အား ပါစေချင်ပုံမရသလို ၊ သဖင် ပါမှာကိုလည်း စိုးရိမ်နေသည့်ဟန်။

ဒါ အစ်မဖြစ်သူအပေါ်ထားသည့် ပိုင့်စေတနာများသာ ဖြစ်ပါသည်။

"မဖြစ်ပါဘူး ပိုင်ရယ်၊ ပိုင် တစ်ယောက်တည်း စိတ်မချပါဘူး၊ ကျော်သူလက်က လူယုတ်မာ၊ သူ ဘာ အကောက်ကြံထားဦးမလဲ မသိဘူး"

"အိုဗျာ…မမက ဘာကိုစိုးရိမ်နေတာလဲ၊ ပိုင်မှာ ပညာတတ်ထားတာ မမလည်း သိနေတာပဲ၊ မစိုးရိမ်ပါနဲ့ မမသာ ဒီမှာ ဟန်မပျက်ရှိနေ၊ ကျန်တာ ပိုင့်တာဝန်ထား"





သဖင်မှာ မျက်တောင်ရှည်ကြီးများ ပုတ်ခတ်ပုတ်ခတ် နှင့် စဉ်းစားသလိုရှိနေရင်းက

"ဖြစ်ပါ့မလားပိုင်၊ မမတော့ သဘောမတူဘူး၊ ပိုင် မသွား ရဘူး"

သဖင်သည် ယတိပြတ်ဆုံးဖြတ်ထားသည့်ဟန်။ ပိုင့်ကို သဖင် တစ်ယောက်တည်း ဘယ်လိုမှမလွှတ်ရက်နိုင်။ ထို့ကြောင့် သဖင် ထိုစကားကိုပြောလိုက်ရခြင်းဖြစ်သည်။ သို့သော် ပိုင်က တော့ သဖင့်စကားကို လက်ခံမည့်ပုံမရသလို ဆုံးဖြတ်ချက်ကို လည်း ပြင်မည့်ပုံမရ။ သို့သော် ပိုင် ဟန်မပျက်ခေါင်းညိတ်လိုက် သည်။

"ဟုတ်ကဲ့…မမ၊ ပိုင် မတွေ့ပါဘူး၊ တကယ်လို့ ပိုင် သွားတွေ့ရင်လည်း မမကိုပြောသွားမှာပါ"

ထိုအခါမှ သဖင်သည် သက်မလေး ချလိုက်ပြီး

"မမကိစ္စကို မမဘာသာပဲ ကြည့်ရှင်းလိုက်ပါ့မယ် ပိုင်၊ ဒီကိစ္စအတွက်နဲ့ ပိုင် ဘာမှခေါင်းမရှုပ်နဲ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမရှုပ်နှင့်ဆိုပေမယ့် ခေါင်းမရှုပ်ဘဲမနေနိုင်သူက ပိုင်။ ပိုင်သည် သဲဇင်ကိုသာ ကတိပေးလိုက်ရပေမယ့် တကယ်တော့ သူမ ဆုံးဖြတ်ချက်မပြင်ခဲ့ပါ။ သဇင်အား ကျော်သူလတ်နှင့် ဘယ်လိုမှပေးတွေ့နိုင်း၍ မဖြစ်ပါ။ ထို့ကြောင့် ပိုင်သည် သူမ တွေ့ရန်သာ ဆုံးဖြတ်ခဲ့လေသည်။

သူမအတွေးထဲ သူမဦးနှောက်ထဲ အချိန်ပြည့်ရှိနေသူသည် ကလည်း ကျော်သူလတ် အကြောင်းရယ်သာ။

ကျော်သူလတ်ဆိုတာက သူမ လျှော့တွက်၍ထားရမည့် သူ မဟုတ်။ ထိုအတွက် သူမ ပို၍သတိထားရမည်သာဖြစ်သည်။ ဒီရက်တွေအတွင်း ပိုင် ဘာကိုမှဂရုမစိုက်နိုင်ဘဲ ကျော်သူလတ် အကြောင်းသာ သူမခေါင်းထဲရှိနေရ၏။ ပိုင်မှာ ခြံထဲတွင်ထိုင်ကာ ကျော်သူလတ်အကြောင်း စဉ်းစားနေခိုက်

"ပိုင်"

"ဟင်"

ပိုင် မျက်နှာပျက်သွားရသည်။

ဦးမောင်မောင်ကြီး။ ပိုင် သူ့ကို ခုချိန်မတွေ့ချင်ပါ။





ကျော်သူလတ်နှင့်ပတ်သက်ကာ ပိုင်အတွေးတွေ ရှုပ်ထွေးသွားမည့် အဖြစ်ကို ပိုင် မလိုလားပါ။ ထို့အတူ လက်လည်းမခံနိုင်။

ပိုင်အတွက် သဇင်၏ အရှက်နှင့်သိက္ခာကို ညီမ တစ်ယောက်အနေနှင့် သူမ အစွမ်းကုန်ကာကွယ်ရမည်ဖြစ်သည်။

မောင်မောင်ကြီးမှာ သူ့ကိုတွေ့မှ မျက်နှာပျက်သွားသော ပိုင်ကိုကြည့်ပြီး

"ပိုင် ဘာဖြစ်နေတာလဲ၊ နေမကောင်းဘူးလား..မှန်း"

ပြောလည်းပြော လက်ကလည်း ပိုင့်နဖူးဝင်းဝင်းလေးကို စမ်းလိုက်သည်။

မောင်မောင်ကြီးလက်ကို ပိုင်သည် အသာဖယ်ရှားလိုက် ရင်းက

"ပိုင် ဘာမှမဖြစ်ပါဘူး ဦးမောင်မောင်ကြီး၊ ပိုင် နေကောင်းပါတယ်"

ပိုင့်အသံက တိုးတိုးတိမ်တိမ်။

ပိုင်၏ မှုပျက်နေမှုကို မောင်မောင်ကြီးသည် အကဲခတ် သလိုနှင့် ပိုင်အား စိုက်ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးပါဘူးကွာ၊ ပိုင့်ကြည့်ရတာ တစ်ခုခုဖြစ်

နေသလိုပါပဲ"

"ဟင့်အင်း…ပိုင် ဘာမှမဖြစ်ပါဘူးဆို"

ပျက်ယွင်းနေသောမျက်နှာနှင့် အမူအရာလေးကို ပိုင်သည်

အမြန်ပြင်ရင်းက ပြောလိုက်သည်။

ဒါကိုပင် မောင်မောင်ကြီးမှာ ပိုင့်အပြောကို အားမရ

"မဟုတ်သေးပါဘူးကွ၊ ပိုင့်ကြည့်ရတာ တစ်ခုခုဖြစ်နေ

သလိုပဲ၊ မောင့်ကို မှန်မှန်ပြောစမ်းပါ ပိုင်၊ ပိုင့်မှာ မောင့်ကိုမသိ

စေချင်တဲ့ကိစ္စ ဘာတွေများရှိနေသလဲဆိုတာ"

"အို"

သူ့စကားက အနာပေါ်တုတ်ကျသလို။ ပိုင်မှာ ကျော်ဒွ

လတ် အကြောင်းများ သိများသွားပြီလားဟုဆိုကာ မလုံမလဲ

စိတ်အတွေးနှင့် ရင်မှာတွေးပူသွားရသည်။

"ပြောလေ ပိုင်၊ ပိုင့်မှာ မောင့်ကို မသိစေချင်တဲ့ကိစ္စ

တွေရှိနေလို့များ စိတ်ညစ်နေတာလားဆိုတာ"

"ဟင်..မ..မရှိပါဘူး၊ ဦးမောင်မောင်ကြီးက ဘာတွေ





သိထားလို့ မေးနေတာလဲ"

"ဟောကြည့်…မရှိပါဘူးလည်း ဆိုသေးတယ်၊ ဘာတွေ

သိထားလဲလို့ကလည်း မေးနေသေးတယ်"

မောင်မောင်ကြီးမှာ ထူးခြားနေသော ချစ်သူလေးကိုကြည့်

ပြီး စိတ်ထဲ ပို၍ထူးဆန်းသလို ခံစားလာရ၏။

ချစ်သူလေး သူ့ကို တစ်ခုခုဖုံးကွယ်ထားသည်လား။

ချစ်သူမျက်နှာကို ကြည့်လိုက်ပြန်တော့ အနည်းငယ်ပျက်ယွင်းနေ

သည်မှအပ တည်ငြိမ်မှုတွေနှင့်။

"ဟို…ဦးမောင်မောင်ကြီး အလုပ်မသွားဘူးလားဟင်"

"ဟောဗျာ…ဒီနေ့ မောင့်နားရက်လေ"

"ဟင်"

"ကျွတ်…သေတော့မှာပါပဲ"

ပိုင် ဘာတွေဖြစ်နေတာပါလိမ့်။

သူ့အလုပ်နားရက်ကိုတောင် ပိုင် မသိနိုင်တော့ဘူးတဲ့

လား။ ပိုင် စိတ်ထဲမှ သူမကိုယ်သူမ အပြစ်တင်လိုက်မိသည်။

မောင်မောင်ကြီးကတော့ သူမကို အကဲခတ်သည့် မျက်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့နှင့်။ သူ့အကြည့်များအောက်တွင် ပိုင်သည် သူမကိုယ်သူမ အမှားအယွင်းမရှိအောင် သတိထားနေလိုက်ပြီး

"ဦးမောင်မောင်ကြီး"

"ပြောလေ ပိုင်"

"ဟိုလေ…ပိုင် ကြေးအိုးစားချင်တယ်"

ကလေးတစ်ယောက်လို ပိုင်ပြောလိုက်သည်။ မောင်မောင်ကြီးမှာ ပြုံးကာ

"အဟွန်း…ပိုင်စားချင်ရင် မောင်ကျွေးမှာပေါ့၊ လာ… သွားစို့"

"ပိုင် မလိုက်တော့ဘူး"

"ဟင်"

မျက်ခုံးထူထူကြီးမှာ မြင့်တက်သွားရပြီး မောင်မောင်ကြီးမှ…

"ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ မောင်မောင်ကြီး ဝယ်လာတဲ့ ကြေးအိုးကို ပိုင် အိမ်မှာပဲ စားချင်လို့"





"ကောင်းပါပြီဗျာ၊ မဖုရားပြောတဲ့အတိုင်း ဖြစ်ရပါစေမယ်၊ ဟုတ်လား"

ကလေးတစ်ယောက်အား ချစ်စနိုး ချစ်ကျီစယ်လိုက်သလို ပိုင့်နဖူးဝင်းဝင်းလေးကို လက်ညှိုးလေးနှင့် ဖိထောက်ရင်းက အပြုံးချောချောကြီးနှင့် ပိုင်အားကြည့်ကာ ပြောရင်း သူမအနားမှ ထွက်သွားလေသည်။

ချစ်သူကိုလူချောကြီးကို လိမ်ညာလိုက်ရသည့်အတွက် ပိုင့်မှာ စိတ်မကောင်းပေမယ့်လည်း သူမ မတတ်နိုင်။

အခြေအနေကိုက သူမအား ဒီလိုပေးလာသည်မို့ ပိုင် မတတ်နိုင်တော့ပါ။ မောင်မောင်ကြီးကားလေး မြင်ထဲမှ မောင်းထွက်သွားသည်နှင့် ပိုင်မှာလည်း ကိုယ့်အကြံနှင့်ကိုယ် ကျော်သူလတ်အား ရင်ဆိုင်ဖြေရှင်းရန် သူချိန်းဆိုသည့်နေရာသို့ ထွက်လာခဲ့လိုက်သည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

"အို…ဒုက္ခပါပဲ၊ မောင်မောင်ကြီး လုပ်ပါဦး၊ သဇင့်ကို ကူညီပါဦးရှင်"

ပိုင် ခိုင်းလိုက်သလို မောင်မောင်ကြီးတစ်ယောက် ကြေးအိုး ဝယ်ပြီး ပြန်လာရာမှပင် မနားရသေး၊ မျက်စိပျက် မျက်နှာပျက်နှင့် သူ့အနားသို့ ရေးကြီးသုတ်ပြာရောက်လာသော သဇင်၏ အကူအညီတောင်းခံသည့်စကားကြောင့် မောင်မောင်ကြီးမှာ အံ့ဩမှုတွေနှင့် မှင်တက်သွားရသည်။

သဇင် ဘာတွေပြောနေ၍ ဘာဖြစ်နေပါသည်လဲ။ မောင်မောင်ကြီး ဘာတစ်ခုမှ နားမလည်တော့ပါ။

"ဖြည်းဖြည်း သဇင်၊ ဖြည်းဖြည်းပြော၊ ကိုယ့်ကို နားလည်အောင် သေချာပြောပြ ဟုတ်လား"

"ပိုင် မရှိတော့ဘူး"





"ဘာ…ဘယ်လို…သဇင် ဘာပြောလိုက်တယ်၊ ပိုင် မရှိတော့ဘူး ဟုတ်လား"

"ဟုတ်တယ်၊ သဇင့်ကို ကူညီပါဦး မောင်မောင်ကြီး၊ ပိုင် ဟိုလူယုတ်မာဆီကို သွားတာပဲဖြစ်မယ်၊ သေချာပါတယ်၊ ပိုင် သူ့ဆီကိုပဲသွားတာနေမှာ"

သဇင် ဘာတွေပြောနေသည်ကို မောင်မောင်ကြီးမှာ ခုချိန်ထိ နားမလည်နိုင်သေးပါ။ ခုချိန် သဇင်ကြည့်ရသည်မှာလည်း သူ့အား နားလည်အောင် ပြောပြချင်သည့်စိတ် ရှိပုံမရနိုင်သေး။

"မောင်မောင်ကြီး သဇင်တို့ ပိုင့်နောက်ကို အမြန်ဆုံး လိုက်သွားမှဖြစ်လိမ့်မယ်၊ မောင်မောင်ကြီး သိချင်တာတွေ သဇင် နောက်မှရှင်းပြမယ်၊ ခု သဇင်တို့ ပိုင့်နောက်ကို အမီလိုက်မှဖြစ်မယ်"

ဘာကိစ္စရယ်လို့ သေချာနားမလည်နိုင်ပေမယ့် သဇင် ပြောပုံအရ အရေးကြီးမှန်း နားလည်လိုက်ရုံမက ချစ်သူ ပိုင်သည် အန္တရာယ်နှင့် ရင်ဆိုင်ရတော့မည်ကိုပါ နားလည်လိုက်သည်မို့ မောင်မောင်ကြီး သဇင်နှင့်အတူ ပိုင်ရှိရာနောက်သို့ လိုက်လာခဲ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

တစ်လျှောက်လုံးမှာလည်း မောင်မောင်ကြီးသည် ချစ်သူအတွက် စိုးရိမ်မှုတွေနှင့်။ သူမ ဘယ်ကိုသွား၍ ဘာတွေလုပ်နေပါသည်လဲ။ တကယ်ဆို သူမအနားမှာ အားကိုးဖွယ်ရာ ချစ်သူ သူတစ်ယောက်လုံး ရှိနေပါလျက်နှင့် သူမသည် သူ့အား-ဘာကြောင့် အားမကိုးချင်ရတာပါလိမ့်။

ဒါ သူမ သူ့ကို အသိအမှတ်မပြုချင်သည့် သဘောပေါ့လား။ မောင်မောင်ကြီး နှုတ်ခမ်းကို တင်းတင်းစေ့ပစ်လိုက်သည်။ ရင်ထဲမှာတော့ ချစ်သူအပေါ် မကျေနပ်မှုတွေနှင့်။

သခင် ကြည့်လိုက်ပြန်တော့လည်း သစင်သည် ကားပေါ် ရောက်ကတည်းက မျက်ရည်တွေနှင့်သာ။

ဘယ်လိုပြဿနာ ဘယ်လိုအကြောင်းရယ်လို့လည်း သူ မသိသည့်မို့ သစင်အား မငိုပါနှင့်ဟုလည်း မောင်မောင်ကြီး မတားချင်။ သို့ပေမယ့် ဘာကိစ္စ ဘာအကြောင်းရယ်ဆိုတာတော့ မောင်မောင်ကြီး သိချင်နေရသည်။

"သစင်"



"အဟင့်..ဟင့်..ဟင့်..သစင့်ကို ခွင့်လွှတ်ပါရှင်၊ တကယ်တော့ ဒါတွေအားလုံးဟာ သစင့်အပြစ်တွေပါ၊ သစင် မကောင်းလို့ သစင့်ကြောင့် ဗိုင် လူယုတ်မာ ကျော်သူလတ်နဲ့ နလိုသွားတွေ့ရတာ၊ အဟင့်...ဟင့်..သစင့်အပြစ်..သစင့်အပြစ် ပါရှင်"

ပြောရင်းက သစင်သည် သူ့ရှေ့မှာပါလားရယ်လို့လည်း သတိမထားနိုင်တော့ဘဲ အင့်ခနဲ ငိုရှိုက်ပစ်လိုက်၏။

မောင်မောင်ကြီးမှာသာ အံ့သြမှုတွေနှင့်။

"ကျော်သူလတ်ဆိုတာ ဘယ်သူလဲ သစင်၊ ပြီးတော့ ရော ဗိုင်ကရော ဘာကြောင့် အဲဒီလူနဲ့တွေ့ဖို့ သွားရတာလဲ"

"သစင့်အပြစ်ပါ၊ အားလုံး သစင့်အပြစ်တွေပါ"

ဝမ်းနည်းငိုရှိုက်သံနှင့် စကားတွေက ဝေဝါးမသဲ။ မောင်မောင်ကြီး နားလည်နိုင်အောင် တွေးကြည့်ပေမယ့် မရ။ အရာအားလုံး ရှုပ်ထွေးနေသည့်အဖြစ်။

ရှုပ်ထွေးမှုတွေနှင့်ပင် သစင်ပြရာ မြို့ကြီးတစ်မြို့ထဲသို့ ကားကိုထိုးရပ်လိုက်သည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



"ပိုင်"

"ဟင်"

"ဦးမောင်မောင်ကြီး"

"သခင်"

အုံ့ညြမှုတွေနှင့် ခေါ်သံတွေ ဆင့်ကဲဆိုသလို ထွက်လာရသည်။ မောင်မောင်ကြီးမှာ ချစ်သူ့ကိုကြည့်ကာ ရင်မှာပြာဝေသွားရသည်။ ရင်မှာပြာဝေသွားအောင်လည်း မြင်ကွင်းက မလှ။

ကြည့်လေ…သူမြင်ရသည့်မြင်ကွင်း။ ပိုင့်အနားတွင် လူသုံးယောက်။ အားလုံး ယောကျ်ားသားတွေပင်။ ပိုင့်အား ရိုတိုတိုအကြည့်တွေနှင့်သာမက ပိုင့်အား ထိုယောကျ်ားသုံးယောက်က အမဲဖျက်ရန် စောင့်ကြည့်နေသလို အကြည့်စူးစူးရဲရဲတွေနှင့် ရှိနေရလေသည်။

ထိုယောကျ်ားများအလယ်တွင် ပိုင်။ မောင်မောင်ကြီး ဘာမှမမြင်တော့။ မျက်ဝန်းများ ပြာဝေသွားရသလို ရင်မှာလည်း ပူလောင်သွားရသည်မို့ သူ့ခြေလှမ်းများသည် ပိုင်ရှိရာသို့ ဝင်သွက်သွက်လျှောက်သွားကာ ပိုင့်လက်လေးအား လှမ်းအဆွဲ





"ဟော့လူ…ဒါဘာလုပ်တာလဲ"

"ကဲကွာ"

"ခွပ်"

"ခွပ်"

မောင်မောင်ကြီးအား ဘယ်သူဘယ်ဝါရယ်မသိဘဲ သူတို့စားရတော့မည့်အမဲကို ဖျက်ရပါ့မလားဆိုကာ ဆံပင်ရှည်ရှည်နှင့်ကောင်က မောင်မောင်ကြီး ပခုံးအား လှမ်းအဆွဲ မောင်မောင်ကြီးသည်လည်း ချစ်သူစောနှင့် ဘာမှမမြင်နိုင်အောင် ဒေါသတွေမွန်ထူသွားကာ ထိုနေသုံးယောက်လုံးအား လက်သီးနှင့် စွတ်ထိုးပစ်လိုက်ပါတော့သည်။

အားရ စိတ်ရှိအောင် ထိုးပြီးမှ မောင်မောင်ကြီးသည် ပိုင့်လက်လေးကို ဆွဲခေါ်ကာ နေရာမှာ သခင်နှင့်အတူ ထွက်လာခဲ့လိုက်သည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

နှစ်ဦးကြား တိတ်ဆိတ်မှုတွေနှင့် ငြိမ်သက်နေရာမှာ တိတ်ဆိတ်မှုကို စတင်ဖြိုခွင်းလိုက်သူက မောင်မောင်ကြီး။

ကိစ္စအားလုံး ရှင်းလင်းပြီးသွားပြီဖြစ်သလို လူကြီး များနှင့် အားလုံးရှေ့တွင် သစင်သည် သူ့အမှားကို သူဝန်ခံသွား ရုံမက ကျော်သူလတ်အား နောက် မဆက်သွယ်တော့ပါဘူးဟု ဝန်ခံကတိနှင့်အတူ ကျော်သူလတ်၏ ငြိမ်းချောက်ခြေညစ်မှုကိုလည်း သက်ဆိုင်ရာတွင် တိုင်ကြားခဲ့ပြီးပြီမို့ ခုတော့ဖြင့် ကိစ္စအား သည်လည်း ရှင်းလင်းပြေလည်ခဲ့ရပြီဖြစ်သည်။

မိဘနှစ်ပါးမှာ သစင်နှင့်ပိုင်အား အပြစ်မပြောသည့် ရိုးသားအေးဆေးသော သမီးဖြစ်သူ သစင်၊ ကျော်သူလတ် လက်



မှ လွတ်မြောက်လာရသည်ကိုပင် ရင်တာမမနှင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရလေသည်။

လူယုတ်မာ ဆေးသမား အကြံသမား ကျော်သူလတ် လက်ထဲတွင် သစင့်ဘဝလေးနစ်သွားပါက မိဘနှစ်ပါးအနေနှင့် တွေးနိုင်ဖို့ပင် လမ်းမမြင်။

ပိုင့်ကိုတော့ အားလုံးက မချီးကျူးဘဲနှင့် မနေနိုင်ပါ။

အစ်မဖြစ်သူအပေါ်ထားသည့် ပိုင်၏ ဖြူစင်သောစိတ်နှင့် တစ်ဖက်သားအခက်အခဲကို ဝင်ရောက်ကူညီဖြေရှင်းချင်သည့် စိတ်လေးက အားလုံးထက် မွန်မြတ်သန့်ရှင်းလှပေမယ့် သူမ၏ ကူညီမှုက သူမအတွက် အန္တရာယ်များဆိုတာကိုတော့ ပိုင် တစ်စက် ထိုးမလေး သိမည်မဟုတ်ပါ။

ခုလည်းကြည့်၊ သူမပုံစံလေးက ထင်တိုင်းလုပ်ခဲ့လို့ အားမရသေး။ ပြဿနာတွေအားလုံး ဖြေရှင်းပြေလည်သွားပြီးပေ မယ့် သူ့အား ပိုင်သည် ယခုချိန်ထိ စကားတစ်လုံးမျှမဆိုသေးဘဲ ပြောသမျှကိုသာ ခေါင်းညိတ်နာခံလျက် နှုတ်ဆိတ်နေလေသည်။

မထိတ်သာ မလန့်သာ အဖြစ်များနှင့် ကြုံခဲ့ရပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



သဇင့်အတွက် အဆိုးထဲက အကောင်းဆိုသလို ကျော်သူလင် လက်ထဲမှ လွတ်လာသည်ကိုပင် အားလုံးဝမ်းသာနေကြသည် ပိုင့်ကို ကောင်းကောင်းဂရုမစိုက်နိုင်အား။

ဒါကလည်း လူကြီးတွေအနေနှင့် ပိုင့်အား ဂရုစိုက် လိုမည်မထင်သောကြောင့် ဖြစ်ပါလိမ့်မည်။

အကြောင်းကား သဇင်နှင့်ပတ်သက်ကာ ပိုင်နှင့် မောင်မောင်ကြီးတို့ နှစ်ယောက်အကြောင်းကိုပါ လူကြီးများ သိ သွားရသောကြောင့်ဖြစ်သည်။

မောင်မောင်ကြီးမှာ မကွယ်ဝှက်ပါ။ ပိုင်နှင့်သူ မေတ္တာ နေကြောင်း ဝန်ခံကာ ပိုင့်အား အမြန်ဆုံး လက်ထပ်ခွင့်ပြု လည်း ပိုင့်မိဘများထံတွင် မောင်မောင်ကြီးသည် ရှေ့မျက်နှာ နောက်ထားကာ တောင်းဆိုခွင့်ပန်ခဲ့လေ၏။

ပထမတော့ မိဘများမှာ အံ့သြသွားကြပေမယ့် နောက် တော့ တဖြည်းဖြည်းသဘောပေါက်သွားကာ လူငယ်များအဖြစ် နားလည်သဘောပေါက်သွားရပုံနှင့် မိဘနှစ်ပါးမှာ မောင်မောင်ကြီး တောင်းဆိုခွင့်ပန်မှုကို ကြည်ကြည်ဖြူဖြူပင် လက်ခံခဲ့လေသည်



သို့အတွက် ပော်မပြနိုင်လောက်အောင် ဝမ်းသာကြည်နူးရသည်က မောင်မောင်ကြီး။

ပိုင်ကတော့ ပန်းသွေးတောက်နေသော မျက်နှာလေးနှင့် င် ရှက်ရွံ့စွာ ခေါင်းလေးကွယ်ဝှက် ငုံ့ထားလေသည်။

မောင်မောင်ကြီးမှ သူ့မိဘနှစ်ပါးနှင့် စကားပြောနေစဉ် အပင် ပိုင်တစ်ယောက် အနားမှထွက်လာခဲ့လေသည်။ ဒါကို မောင်မောင်ကြီး မြင်ပါသည်။ မြင်၍လည်း လူကြီးများနှင့် စကား ဖြတ်ကာ ပိုင့်နောက်သို့ လိုက်လာခဲ့ခြင်းဖြစ်သည်။

"ပိုင်"

ပိုင်မှာ မထူးပါ။

ကြည်စင်ရွှန်းဖြာသော မျက်ဝန်းပြာကြီးနှင့်သာ သူ့အား ကြည့်လာလေသည်။ ဒီနောက် ချက်ချင်းလိုပင် အကြည့်များကို လွှဲသွားတော့ မောင်မောင်ကြီး မျက်မှောင်တွန့်ကျုတ်သွားရပြီး

"ပိုင်...မောင့်ကို ဘာစိတ်ကောက်နေတာလဲ၊ ဘာလဲ.. ပိုင့်နောက်ကို မောင်လိုက်လာတဲ့အတွက်ကြောင့်လား၊ ပိုင် အခုလို ယောက်တည်း အရဲကိုးပြီးသွားတာ မိန်းကလေးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့ ဘယ်လောက်အနှုရာယ်ကြီးတယ်ဆိုတာရော စဉ်းစားမိရဲ့လားဟင်"

စဉ်းစားမိပါသည်။ စဉ်းစားမိပေမယ့် သူမအနေနှင့် ကျော်သူလတ်ကို ရင်မဆိုင်ချင်၍မရပါ။ မိန်းကလေးဆိုသည့်စိတ်နှင့် အားငယ်အရှုံးမပေးချင်သလို ကျော်သူလတ်၏ ခြိမ်းခြောက်အနိုင်ယူမှုကိုလည်း သူမအနေနှင့် မခံချင်။

ဒါကို သူသိအောင် သူမ ဘယ်လိုပြောရမည်လဲလေ။ တကယ်တော့ သူမ ကြုံတွေ့ခဲ့ရသည့်အဖြစ်က ကြက်သီးထဖွယ်။

"ပိုင်..မောင်ပြောနေတာကြားလား"

"အင်း...ကြားပါတယ်"

"အေးဗျ..ကြားတယ်ဆိုလည်း မောင့်ကို စကားလေးဘာလေး ပြောဦးမှပေါ့"

"ပိုင် ဘာပြောရမှာလဲ"

"အယွန်း...အနည်းဆုံး ပိုင် မောင့်ကိုချစ်တယ်ဆိုရဲ့အကြောင်းပေါ့"

မောင်မောင်ကြီး ပိုင့်ကိုအရှုံ့တိုက်ပြီလားဆိုသော အကြည့်



နှင့် ပိုင် သူ့ကိုကြည့်လိုက်တော့

"ဟိတ်...မောင့်ကို ဘာကြည့်တာလဲ"

"ပိုင့်ကိုခွင့်လွှတ်ပါနော်"

"ဟောဗျာ...ဒါက ဘယ်လိုဖြစ်ရတာလဲ"

ဝေသီသော မျက်ဝန်းစတွေနှင့် သူ့အား စေ့စေ့ကြည့်ကာ တောင်းပန်စကားဆိုလာသော ပိုင့်ကို မောင်မောင်ကြီး အသာအယာ ထွေးပွေ့ရင်းက မေးလိုက်သည်။

ပိုင် မောင်မောင်ကြီးရင်ခွင်ကျယ်ထဲ ခေါင်းလေးမှေးတင်ရင်း

"ဦးမောင်မောင်ကြီးကို အသိမပေးဘဲ ပိုင် တစ်ယောက်တည်း ကျော်သူလတ်ဆီသွားခဲ့တဲ့ကိစ္စ"

"ပိုင် ဒါကြောင့် မောင့်ကိုတောင်းပန်နေတာလား"

"ဟုတ်"

"ဒါက ပိုင့်ရဲ့စေတနာအမှားပဲ၊ ခုစ်မဖြစ်သူအတွက် ထာဝရွယ်ချင်စောနဲ့ သွားခဲ့မိတယ်ဆိုပေမယ့် ဒီကောင့်ရင်ထဲမှာ ပိုင့်အတွက် ဘယ်လောက်ပူပန်စိုးရိမ်ရလဲဆိုတာရော ပိုင်တွေးမိ

www.burmeseclassic.com

www.burmeseclassic.com



ရဲ့လား"

"ပိုင့်အမှားပါ"

"မမှားဘူး ပိုင်၊ ပိုင် မမှားဘူး၊ မှားတာက မောင်"

"ရှင်"

ပိုင် အံ့သြသွားရသည်။

"ဟုတ်တယ်…တကယ်ဆို မောင် ပိုင့်အနားမှာရှိနေဖို့ကောင်းတာ၊ ပိုင့်ကိုသိပ်ချစ်တဲ့သူတစ်ယောက်အနေနဲ့ တကယ်ဆို ပိုင့်ကို မောင်ကာကွယ်ပေးသင့်တာ၊ ခုတော့…"

"ခုတော့ ဘာဖြစ်လဲဟင်"

"ဘာဖြစ်ရမှာလဲဗျာ၊ မောင်သာ ပိုင့်ဆီကို အချိန်မီရောက်မလာခဲ့ရင်၊ အို ဗျာ…တွေးလေ ကျော်သူလတ်ဆိုတဲ့ ဒီကောင့်ကို မောင် သတ်ပစ် ချင်လေပဲ"

"တော်ပါ၊ ကွယ်၊ ပိုင်လည်း ဘာမှဖြစ်တာမဟုတ်ဘဲနဲ့"

"မဖြစ်လို့ပေါ့ဗျာ၊ ပိုင်သာ တစ်ခုခုဖြစ်လို့ကတော့ မောင့်အကြောင်း ဒီကောင်အသိပဲမှတ်"

ချစ်သူ အတွက် ဆတ်ဆတ်ကဲ နာကျင်နေရသော



မောင်မောင်ကြီးကိုကြည့်ကာ ပိုင့်ရင်မှာ ကြည်နူးသွားရသည်။

ကွယ်…သူ ပိုင့်ကို ဒီလောက်တောင် ချစ်သည်တဲ့လား။ သူ့အချစ်များကို ပိုင်သည် သံသယဖြစ်စရာမလိုတော့ပါ။ ချစ်တတ်လွန်းသူတစ်ယောက်ကို သူမအချစ်များ ပေးအပ်လိုက်ရခြင်းအတွက်လည်း ရင်မှာ ကြည်နူးမှုတို့က ဘာနှင့်မှ နှိုင်းယှဉ်မပြနိုင်။

"ဒါပေမဲ့ ပိုင့်ကို မောင် ခွင့်မလွှတ်နိုင်ဘူး"

"ရှင်"

"ဟုတ်တယ်၊ ပိုင် စဉ်းစားကြည့်လေ၊ ချစ်သူတစ်ယောက်လုံးကို အနားမှာထားပြီး အားမကိုးတဲ့သဘောနဲ့ တစ်ယောက်တည်းသွားတဲ့ကိစ္စ မောင့်အတွက် ဘယ်လောက်အခံရခက်တယ်မှတ်လဲ"

"အားလုံး ပိုင့်အမှားတွေပါ၊ အမှားမှန်းသိလို့လည်း ပိုင်ဦးမောင်မောင်ကြီးကို တောင်းပန်နေပြီလေ"

"တောင်းပန်ပေမယ့် ခွင့်လွှတ်ဦးမှလေဗျာ"

"ပိုင့်ကို ဦးမောင်မောင်ကြီး ခွင့်မလွှတ်ဘူးလား"

"ဟင့်အင်း"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဟုတ်တယ် အမိ၊ ကျုပ်ကို ခွင့်လွှတ်စေချင်ရင် အမိ လုပ်ရမှာတစ်ခုပဲရှိတယ်"

"ဘာလဲဟင်၊ ဘာလုပ်ရမှာလဲ၊ ပိုင့်အမှားအတွက် ဦးမောင်မောင်ကြီး ခွင့်တယ်ဆို ပိုင် ဘာမဆိုလုပ်ပါ့မယ်"

"အေးကွ…စကားကို လွယ်လွယ်နဲ့မပြောနဲ့၊ ဖြစ်နိုင်မှ ပြောနော်"

"အို…ဘာလို့မဖြစ်နိုင်ရမှာလဲ၊ ဖြစ်နိုင်တယ်၊ သိပ်ဖြစ်နိုင်တယ်"

ပိုင်မှာ သူ့အမှားတွေအတွက် မောင်မောင်ကြီး ခွင့်လွှတ်လျှင်ပြီးရော၊ သူမ ဘာလုပ်ရ လုပ်ရ ဆိုသည့် အတွေးနှင့် သူမကိုယ်သူမ စိတ်ချစွာ ရဲရဲကြီးပြောလိုက်လေသည်။

မောင်မောင်ကြီးမှာ ပိုင့်အား အတန်ကြာအောင်စိုက်ကြည့်ပြီး

"ကိုယ့်စကားနဲ့ကိုယ်၊ ကတိနော် ပိုင်"

"အင်းပါ…ကတိ…ကတိ"



ကတိတွေအထပ်ထပ် ပိုင်ပေးလိုက်၏။ ထိုအခါ မောင်မောင်ကြီး မျက်နှာပြုံးသွားရပြီး

"အဟွန်း…ပိုင်လုပ်ရမှာက တခြားမဟုတ်ဘူးဗျ၊ မောင့်ကို မောင်လို့ခေါ်ဖို့ပဲ"

"အို"

ဖြူသောမျက်နှာလေးမှာ ရဲသွားရသည်။ မောင်မောင်ကြီးကတော့ သူမအဖြစ်ကို မသိဟန်ပြုကာ

"ဘယ်လိုလဲ၊ ကတိပေးပြီး မဖြစ်နိုင်ဘူးလား ပိုင်"

သူ့စကားက ပိုင့်မာနကို နှိုးဆွနေသလို ပိုင်ဆိုတာက ကတိပေးပြီး ဖျက်တတ်သည့်သူ မဟုတ်၊ ပေးပြီးသားကတိကို တည်စေချင်တာက ပိုင့်စိတ်ဓာတ်မင်း။

ရင်မှာ ရှက်စိတ်တွေ ဟုန်နေရပေမယ့် ပိုင် သူမကတိကို သူမ တန်ဖိုးထားချင်သည်မို့

"ဖြစ်နိုင်တယ်၊ မဖြစ်နိုင်ဘူးဆိုတာ ပိုင့်ကို ဘာကြည့်ပြီးပြောတာလဲ"

"အဟွန်း…ဒါဖြင့်"

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်တယ်"

"ဗျာ"

"မောင်"

"ဟင်"

"ပိုင်"

"မောင်"

"ပိုင်ရယ်"

အပျော်တွေက မောင်မောင်ကြီး နှလုံးသားထဲထိအောင် စိမ့်ဝင်ပြာဝေသွားရသည်။ ဒီခေါ်သံလေးကြားရဖို့ သူ့အနေနှင့် ဘယ်လောက်တောင် မျှော်လင့်ခဲ့ရပါသည်လဲ။

ခုတော့ဖြင့် သူ့ဆန္ဒတွေ ပြည့်ဝခဲ့ရပြီဖြစ်သည်။ ရင်မှာ ကြည်နူးစိတ်တွေနှင့် မောင်မောင်ကြီး ပိုင့်ကိုယ်လေးကို တွေးဖွေ ပစ်လိုက်သည်။

သည်နောက် သူ့အနမ်းတွေက သူမနှုတ်ခမ်းဖူးဖူးလေး ထက်ဆီ။

အချစ်ပန်းတွေ လန်းဆန်းသွားရပြီပဲ။



"ပိုင်"

"ရှင်"

"အဟွန်း…မောင်တော့ သိပ်ပျော်တာပဲ သိလား"

"မောင်ရယ်"

ပိုင် မောင့်ကိုယ်ကြီးကို သူမလက်လေးနှင့် မဓိကေမ်း ပြန်လည်သိုင်းဖက်ထားလိုက်သည်။

သြော်…ဒီရင်ခွင်သည် သူမအတွက် နားခိုရာ အလုံခြုံ ဆုံးချစ်ခြင်းတွေနှင့် ရင်ခွင်ကျယ်ပင်မဟုတ်ပါလား။

"မောင်တော့ မောင့်အဖြစ်ကိုတွေးပြီး ယုံတောင်မယုံနိုင် ဘူး သိလား ပိုင်"

"ဘာဖြစ်လို့"

ရင်ခွင်ထဲမှ မျက်နှာလေးမော့ကာ ပိုင်သည် ချစ်စဖွယ် အပြုံးလေးနှင့် မေးလိုက်သည်။

မောင်မောင်ကြီးသည် သူမပါးပြင်နုနုကို ရှိုက်နမ်းရင်းက

"ပိုင်စဉ်းစားကြည့်လေ၊ ခုဆို မောင်တို့ချစ်နေတာကို ပိုင့်မိဘတွေ သိသွားရုံတင်မကဘူး၊ ပိုင်နဲ့မောင့်ကို လူကြီးတွေက

www.burmeseclassic.com

www.burmeseclassic.com



သဘောတူကြည်ဖြူလို့ အမြန်ဆုံးလက်ထပ်ပေးဖို့ ပြောသွားကြပြီ မဟုတ်လား"

"အင်း…အဲဒါဘာဖြစ်လဲ မောင်"

"ဘာဖြစ်ရမှာလဲ ပိုင်ရဲ့၊ မောင်တို့ အတူနေရတော့မယ်လေ၊ ပိုင် မပျော်ဘူးလား"

"သိဘူးကွာ"

"အဟွန်း…ဒါဖြင့်သိသွားအောင်လို့"

"အို…မောင်"

ရှက်တတ်သော ချစ်သူလေးသည် သူ့ရင်ခွင်ကျယ်ထဲ မျက်နှာလေး ပုန်းကွယ်လိုက်ပါသည်။

သည်အဖြစ်လေးက မောင်မောင်ကြီးရင်ထဲ ချမ်းမြေ့ကြည်နူးမှုများ ပိုသွားစေရသည်မို့ မောင်မောင်ကြီး အော်ဟစ်ရယ်မောလိုက်ရင်း

"မောင့်အချစ်ဆုံး"

"….."

"မောင့်ချစ်သူ"



"……."

"ချစ်"

ထိုအချိန်တိ ပိုင် မထူး။

မချင့်မရဲနှင့် မောင်မောင်ကြီး နှုတ်ခမ်းကို ဖိကိုက်လိုက်ပြီး

"ကဲ…မထူးတဲ့ကောင်မလေး လာခဲ့စမ်းကွာ"

"ဟာ…မောင်နော်"

"သွား"

"လွှတ်…လွှတ်ကွယ်"

"အို"

"မောင်…မောင်ရယ်"

"မောင့်ချစ်ရယ်"

သာယာကြည်နူးမှုရယ်သံလေးများသည် ချစ်သူနှစ်ဦး၏ ဝတ်ဝန်းကျင်အလယ်တွင် ပျံ့နှံ့စီးမျောသွားရပါ၏။

အချစ်ဝန်းတွေ ရင်မှာ လန်းဆန်းဝေဆာသွားရပြီဖြစ်သော ပိုင်နှင့် မောင်မောင်ကြီးတို့ ချစ်သူနှစ်ဦးအတွက်တော့ ခုချိန်လေး

www.burmeseclassic.com

www.burmeseclassic.com



သည့် ဘဝမှာ တန်ဖိုးအရှိဆုံးနှင့် အပျော်ရွှင်ရဆုံး အချိန်လေးများ အဖြစ် ရင်မှာ ကိုယ်စီ သတ်မှတ်ထားကြပြီမဟုတ်ပါလား။

အချစ်က ဘဝအမောများကိုလည်း ပြေစေရသည်ပဲလေ။

ရွှေအခွယ်

www.burmeseclassic.com